ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် ကြာသပတေးနေ့၊ (25-2-2016) (၈၄၈၇)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကူဝိတ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံ ဘုရင် ရှိတ်ခ် ဆာဘား အယ်လ် အာမက် အယ်လ် ဂျာဘား အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ခ် ဂျာဘား အယ်လ် မူဘာရက် အယ်လ် ဟာမက် အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ပံ့ပိုးပေးသည့် မိသားစုစီမံကိန်း ၂၀၂၀ ကို ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထား




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း (၈) ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံစာတမ်းဖတ်ပွဲတွင် ဦးဆောင်ဆွေးနွေးမည့်သူများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

(၈) ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော် အလံကို အလေးပြုကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသမီးငယ်များက

**ညီလာခံ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ပါဝင်ပတ်သက်သူများအားလုံးကို မူဝါဒလမ်းစဉ်တစ်ခု ဖန်တီးပေးပြီး ထိုမူဝါဒမှတစ်ဆင့် အောင်မြင်သော လုပ်ဆောင်ချက်များနှင့် ရရှိခဲ့သောအတွေ့အကြုံ သင်ခန်းစာများကို မျှဝေကြရန်ဖြစ်၊ သို့မှသာ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးကို လက်လှမ်းမီနိုင်ရေးဟူသည့် ဘုံရည်မှန်းချက်သို့ တက်လှမ်းနိုင်မည်**

မြန်မာ့ရိုးရာစောင်းဖြင့် တီးခတ်ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ အရေးပါသည့်ညီလာခံကို မြန်မာနိုင်ငံ၌ ပထမဆုံး ကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ညီလာခံ၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ပါဝင်ပတ်သက်သူများအားလုံးကို မူဝါဒလမ်းစဉ် တစ်ခုဖန်တီးပေးပြီး ထိုမူဝါဒမှတစ်ဆင့် အောင်မြင်သော လုပ်ဆောင်ချက် များနှင့် ရရှိခဲ့သောအတွေ့အကြုံသင်ခန်းစာများကို မျှဝေကြရန်ဖြစ်ပါကြောင်း၊ သို့မှသာ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးနှင့် အခွင့်အရေးကို လက်လှမ်းမီနိုင်ရေးဟူသည့် ဘုံရည်မှန်းချက်သို့ တက်လှမ်းနိုင်မည် ဖြစ်ပါ ကြောင်း။

ထို့အပြင် တီထွင်ဆန်းသစ်မှု၊ နည်းပညာ၊ လုပ်ငန်းဝန်ဆောင်မှု၊ လူဦးရေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✿**



**ကြေးမုံ စာတည်းရှေ့ထောင့် ၂၅-၂-၂၀၁၆၊ ကြာသပတေးနေ့**

# ရွှေကိုမလို ရေကိုလိုသည်

ကျေးလက်ဒေသနေပြည်သူများ အထူးသဖြင့် အညာဒေသ ကျေးလက်ဒေသများမှ ပြည်သူများ၏ လက်သုံးစကားမှာ "ရွှေကိုမလို ရေကိုသာလိုသည်" ဟူ၍ဖြစ်သည်။ ထိုသို့ဖြစ်ကြသည်မှာ ယခုကဲ့သို့နွေရာသီကာလ ရေရှားပါးသည့်အချိန်များ၌ ၎င်းတို့လိုအပ်သော သောက်သုံးရေ၊ စိုက်ပျိုးရေအတွက် မျှော်လင့်သည့်ဆန္ဒဖြစ်သည်။

ယခုကာလတွင် ၂၀၁၆ ခုနှစ် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ယခင်နှစ်များနှင့်မတူ ပိုမိုပူပြင်းမည်ဟု မိုးလေဝသမှ အသိပေးထားသည်။ လက်တွေ့တွင်လည်း အချို့အရပ်ဒေသများတွင် အပူချိန်မြင့်တက်နေပြီး ဒေသခံပြည်သူများ ၎င်းတို့၏ဒေသများတွင် ရေများခန်းခြောက်မည်ကို စိုးရိမ်ပူပန်နေသောကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ရေအတွက် အခက်မတွေ့နိုင်ရန်အတွက် ရေပြတ်လပ်မှုမရှိစေရေး အစီအမံများစတင်လုပ်ဆောင်ပေးနေလျက်ရှိရာ စိုးရိမ်မှုကို လျော့ကျစေသည်။

ထိုအခြေအနေအချိန်အခါတွင် ဘင်္ဂလားပင်လယ်အော်နှင့် တရုတ်နိုင်ငံဘက်မှ လေအေးများ မြန်မာနိုင်ငံသို့ ဝင်ရောက်နေပြီး အပူနှင့်အအေးတွေ့ဆုံမှုကြောင့် လေထုမတည်ငြိမ်မှုဖြစ်ပေါ်လျက်ရှိသည်။ ထိုသို့ဖြစ်ပေါ်နေမှုကြောင့် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယားပြည်နယ်များနှင့် စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့်တနင်္သာရီတိုင်းဒေသကြီးများတွင် အချိန်အခါမဟုတ် မိုးရွာနိုင်ကြောင်း မိုးလေဝသမှ အသိပေးလာပြန်သည်။

မြန်မာနိုင်ငံအနှံ့တွင် ယခုဖေဖော်ဝါရီလကုန်ခန့်အထိ အချိန်အခါမဟုတ်မိုးရွာနိုင်သောကြောင့် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ဒေသများ၌ မိုးရေကိုစနစ်တကျ သိုလှောင်သိမ်းဆည်းထားကြရန် မိုးလေဝသပညာရှင်များက အသိပေးထားသည်။ "မိုးရွာတုန်း ရေခံ"၊ "ဘူးကောင်းတုန်း စင်ခံ" ဆိုသကဲ့သို့ အချိန်အခါအလိုက် လုပ်သင့်လုပ်ထိုက်သည်တို့ကို ဝီရိယစိုက်၍ လုပ်ကိုင်ကြရမည်ဖြစ်သည်။

အဆိုပါဖြစ်စဉ်မှာ "ထန်းသီးကြွေခိုက် ကျီးနင်းခိုက်"၌ အမှတ်မထင် တိုက်တိုက်ဆိုင်ဆိုင်ကြုံတွေ့ရသော ဖြစ်စဉ်ဖြစ်နေခြင်းဖြစ်၍ ရေရှားပါးနေသော အချိန်နှင့် ကြုံတွေ့နေချိန်တွင် ထိုအခွင့်အရေးကို လက်လွတ်မခံဘဲ အကျိုးရှိရှိအသုံးချကြရမည်ဖြစ်သည်။ ရေပြတ်လပ်မှုကို ဖြေရှင်းသောနည်းလမ်းများတွင် ရရှိလာသောရေကို ရနိုင်သမျှစုဆောင်းပြီး ထိုရေကိုအလဟဿမဖြုန်းတီးဖို့ဖြစ်သည်။

သဘာဝရေကိုစုဆောင်းရာ၌ မိုးရွာနေစဉ်ရေခံခြင်းသည် အကောင်းဆုံးသော နည်းလမ်းတစ်ခုဖြစ်သည်။ ဖေဖော်ဝါရီလအကုန်အထိ ရာသီဥတုပူပြင်းနေသလို မိုးလည်းရွာဦးမည်ဖြစ်၍ ထိုအခွင့်အရေးကို အားလုံးအသိစိတ်ဓာတ်ရှိစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြဖို့လိုသည်။ မိုးခေါင်ရေရှားမှုဒဏ်နှင့် ရင်ဆိုင်နေရသော အမေရိကတိုက်ရှိ နိုင်ငံအချို့တွင် အကယ်၍မိုးရွာပါက မိုးရေကိုစုဆောင်းနိုင်ရန် အစိုးရက တစ်အိမ်ထောင်လျှင် ရေတိုင်ကီနှစ်လုံးစီစဉ်ပေးထားသည့် သောက်သုံးရေပြဿနာကို ဖြေရှင်းပေးပုံအစီအမံမှာ အတုယူဖွယ်ကောင်းလှသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှဒေသအချို့ သောက်သုံးရေအခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသဖြင့် ရေနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများက တာဝန်ယူစီစဉ်ပေးနေကြောင်း သိရသည်။ အဓိကမှာ မည်သည့်ကိစ္စမဆို ပြည်သူ့အားမှာ အခရာဖြစ်၍ ပြည်သူလူထုပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်းအရေးကြီးသည်။ အစိုးရကလိုအပ်သည်များကို ပံ့ပိုးကူညီပေးပြီး ပြည်သူလူထုက အင်တိုက်အားတိုက်ပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် အောင်မြင်မှုကိုရရှိနိုင်သည်။

ယခုနှစ်သည် ယခင်နှစ်များနှင့်မတူ စံချိန်တင်ပူပြင်းခြောက်သွေ့မှုကြောင့် ရေပြတ်လပ်မှုစောစီးစွာကြုံတွေ့ရသည်။ စိုက်ပျိုးရေအတွက်အရေးကြီးသလို အဓိကမှာ သောက်ရေအတွက် ပိုမိုအလေးထားဆောင်ရွက်ရမည်ဖြစ်သည်။ မိုးရေကဲ့သို့ရေကို တစ်ပုံးစာ၊ တစ်ပီပါစာရရှိနိုင်လျှင်ပင် မိသားစုတစ်စုအတွက် စိတ်အေးရမည်။ ထို့ကြောင့် မိုးရေ တစ်ပီပါစာကို ယခုရွာသွန်းမည့်အချိန်အခါ၌ မဖြစ်မနေရရှိအောင် "မိုးရွာတုန်း ရေခံ"ဟူသော စကားပုံအတိုင်း သတိ၊ ဝီရိယဖြင့် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ကုသိုလ်ကောင်းသော နိုင်ငံဖြစ်သည်နှင့်အညီ ကပ်ဘေးကျရောက်သော်လည်း ထိုကပ်ဘေးမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း အထောက်အပံ့ကောင်းများရရှိတတ်သည်။ သို့သော် ကံကိုချည်းပုံမချဘဲ ဝီရိယနှင့်ပေါင်းစပ်ကာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# စုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီး ပုဂံ၌ ကျင်းပ

**ညောင်ဦး ဖေဖော်ဝါရီ ၂၄**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေဒေသတွင် ပထမအကြိမ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကြီးနှင့်အတူ ပုဂံစုပေါင်း မော်တော်ဆိုင်ကယ်စီးပွဲကြီး (Bagan Myanmar Bike Week) ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ညောင်ဦးမြို့ မြို့ရှောင်လမ်းရှိ ဦးပေါင်းကျား မြင်းစီးကွင်းအတွင်း၌ ကျင်းပခဲ့သည်။

Royal Bagan Foundation နှင့် Myanmar Bike Emperor တို့ ပူးပေါင်းကျင်းပသည့် စုပေါင်းမော်တော်ဆိုင်ကယ်စီးပွဲကြီး (Bagan Myanmar Bike Week) အခမ်းအနားကို နံနက် ၉ နာရီတွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတစ်ဝန်းမှ Bagan Myanmar Bike Week သို့လာရောက်ကြသည့် ဆိုင်ကယ်ချစ်သူများအားလုံးက ၎င်းတို့၏ ဆိုင်ကယ်များနှင့်အတူ စီးနင်းလိုက်ပါကာ မြင်းစီးကွင်းတစ်ပတ် စုပေါင်းစီးနင်းပြသခဲ့ကြသည်။

ထို့ပြင် Bagan Myanmar Bike Week (၂၀၁၆) အထိမ်းအမှတ်အဖြစ် Harley Davidson Motorcycle တစ်စီးအား Lucky Draw အစီအစဉ်အနေဖြင့် မဲဖောက်ပေးသွားမည်ဖြစ်ရာ ဆိုင်ကယ်ကံစမ်းခွင့် မဲလက်မှတ် တစ်စောင်လျှင် ကျပ် ၂၀၀၀ နှုန်းဖြင့် စောင်ရေ ၄၀၀၀ တိတိ ရောင်းချသွားမည်ဖြစ်ပြီး ရရှိသည့် အကျိုးအမြတ်များ အားလုံးကို ပရဟိတအသင်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပထမအကြိမ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကြီးနှင့် ပုဂံစုပေါင်း မော်တော်ဆိုင်ကယ်စီးပွဲကြီး (Bagan Myanmar Bike Week) အပြင် ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် မစ္စတာတော့(ပ်)နှင့် ဟယ်ရီတို့၏ မျက်လှည့်ပြပွဲ၊ ရိုးရာခြင်းလုံးအလှခတ်ပြပွဲ၊ တိုင်းရင်းသားရိုးရာအကများ၊ ကျောက်ဆည်ဆင်အက၊ ရှမ်းအိုးစည်အကတို့အပြင် ညနေပိုင်းတွင် တေးသံရှင် ဇော်ဝင်းထွဋ် ဦးဆောင်သော အင်ပါယာ တေးဂီတအဖွဲ့မှလည်း Free Showဖြင့် ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# ချောက်မြို့နယ်ကျေးရွာများ၌ နွေရာသီရေပြတ်လပ်မှုမရှိစေရေးဆောင်ရွက်

**ချောက် ဖေဖော်ဝါရီ ၂၄**

ချောက်မြို့နယ်၌ နွေရာသီရေပြတ်လပ်မှုမရှိရေး မြို့နယ်ရေပေးဝေရေးကြီးကြပ်မှုကော်မတီအဖွဲ့မှ ဇီးပွားအုပ်စု ဥယျာဉ်ကျေးရွာသို့ ဂါလန် ၁၆၀၀ ဆံ့ မြို့နယ်မီးသတ်ရေယာဉ်ဖြင့် ယမန်နေ့ နံနက်ပိုင်းက ရေပေးဝေခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာသည် ချောက်မြို့နယ်နှင့် မိုင်၂၀ ကွာဝေး၍ အိမ်ထောင်စု ၂၇ စု၊ လူဦးရေ ၁၂၀၊ ကျွဲ၊ နွားကောင်ရေ ၁၀၀ တို့ရှိရာ နွေရာသီရေပြတ်လပ်မှု မရှိစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန် (ပြန်/ဆက်)**



# မြို့နယ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖွဲ့စည်း

**မုံရွာ ဖေဖော်ဝါရီ ၂၄**

ပြည်တွင်း စားသုံးမှုဖူလုံရေး၊ ပိုလျှံသီးနှံများကို ပြည်ပသို့တင်ပို့ခြင်းဖြင့် သီးနှံကုန်သွယ်မှု၊ ကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်ကိုင်းခရိုင်နှင့် မုံရွာခရိုင်အတွင်းရှိ မြို့နယ်များတွင် တောင်သူများ၊ ကုန်သည်ပွဲစားများနှင့် ဆီစက်လုပ်ငန်းရှင်များဖြင့် မြို့နယ် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း မုံရွာမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

"တောင်သူတွေ စိုက်ပျိုးတဲ့ သီးနှံတွေကို ဈေးနှုန်းမှန်ကန်စွာရရှိစေဖို့၊ တောင်သူတွေ၊ ကုန်သည်ပွဲစားနဲ့ ဆီစက်လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်က ဆောင်ရွက်နေတဲ့ အမျိုးသားပို့ကုန်မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် အခုလို ဖွဲ့စည်းဆောင်ရွက်တာပါ။ တိကျတဲ့ အဖွဲ့အစည်းရှိတဲ့အတွက် တောင်သူ၊ ကုန်သည်ပွဲစားနဲ့ ဆီစက်လုပ်ငန်းရှင်တွေအတွက် အကျိုးရှိသလို နိုင်ငံတော်အတွက်လည်း အကျိုးရှိစေမှာပါ"ဟု မုံရွာမြို့နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းလှိုင်က ပြောသည်။

အဆိုပါ မြို့နယ်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အသင်းများကို စစ်ကိုင်းမြို့၊ အရာတော်မြို့၊ ဘုတလင်မြို့၊ မုံရွာမြို့နှင့် ချောင်းဦးမြို့တို့တွင် အမှုဆောင် ၂၅ ဦးဖြင့် ဇန်နဝါရီလ စတုတ္ထပတ်မှ ဖေဖော်ဝါရီလအတွင်း ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၀၂၀၀၀ - ၈၀၂၀၀၀ | မန္တလေး(ရွှေဈေး) | ၈၀၁၅၀၀ - ၈၀၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၈၀ ကျပ်၊ | ၅၀၀/၅၂၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၃၀/၆၅၀ ကျပ်၊ | ၇၇၀/၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၂၀/၅၃၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၂၀ ကျပ်၊ | ၅၅၀/၅၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၁၄ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၂၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၁. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉. ၃၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၅၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၂. ၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၀၁၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၀၄. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၀. ၁၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၉. ၆၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၈. ၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ မအောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

# ပြည်တွင်းရေးရာ

❁ ရှေ့ဖုံးမှ

ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အသိညာဏ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသန တွေ့ရှိချက်များကို မျှဝေကြခြင်း၊ မူဝါဒ၊ ငွေကြေးကိစ္စ၊ အုပ်ချုပ်ရေး၊ တာဝန်ခံမှု၊ ထောက်ခံအားပေးမှု၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေး အခွင့်အရေးအစီအစဉ် ထည့်သွင်းမှုနှင့်ပတ်သက်သည့် အလေ့အကျင့်များကို မျှဝေကြခြင်းနှင့် အခွင့်အလမ်းအသစ်များ ပေါ်ထွန်းလာရေးရည်မှန်းချက်မှ တစ်ဆင့် ဒေသတွင်းနှင့် အခြားဒေသများ ပူးပေါင်းဆောင်ရွက်မှုခိုင်မာလာစေခြင်းတို့ကို ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

လိင်ပိုင်းဆိုင်ရာနှင့် မျိုးပွားမှုဆိုင်ရာ ကျန်းမာရေးအခွင့်အရေးများသည် အသက်ကယ်ရေးအတွက်သာမက အမျိုးသမီးများသိက္ခာရှိရှိနှင့် အဆင့်အတန်းရှိရှိနေနိုင်ရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ မိသားစုစီမံကိန်းနှင့် မျိုးဆက်ပွားကျန်းမာရေးကြောင့် မလိုလားအပ်သောကိုယ်ဝန်ဆောင်မှုနှင့် အန္တရာယ်များကို ကြိုတင်ကာကွယ်ခြင်းဖြင့် မိခင်သေဆုံးမှုကို သုံးပုံတစ်ပုံအထိ လျှော့ချနိုင်ခဲ့ကြောင်း၊ မလိုလားအပ်သည့် ကိုယ်ဝန်ဆောင်မှုများကို ရှောင်ရှားနိုင်ရန် အရည်အသွေးမြင့်မားသည့် ကျန်းမာရေးဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီရန် လိုအပ်ပါကြောင်း။

နိုင်ငံ၏ ကျန်းမာရေးကဏ္ဍများ၌ သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုများဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုညီလာခံကို မိခင်သေဆုံးမှုနှုန်းလျှော့ချရေးတွင် အရေးပါသော လိုအပ်ချက်တစ်ရပ်ဖြစ်သည့် အမြင်များနှင့်အသိပညာဗဟုသုတ ကျယ်ပြန့်လာစေရေး ခြေလှမ်းတစ်ရပ်အဖြစ် ရှုမြင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် မိန်းကလေးများ၏ အခွင့်အရေးကို ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖြင့် ပံ့ပိုးပေးသည့် မိသားစုစီမံကိန်း ၂၀၂၀ ကို ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး မစ္စ ယူရီကိုယာဆူကာဝါနှင့် Malaysia AIDS Council ဥက္ကဋ္ဌ ဒေါက်တာ ရပ်ချ်ကာရင်မ်တို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ညီလာခံ စာတမ်းဖတ်ပွဲတွင် ဦးဆောင်ဆွေးနွေးမည့်သူများ၊ အမျိုးသားကျန်းမာရေး ကော်မတီဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများမှ ပြခန်းများအား လှည့်လည်ကြည့်ရှုသည်။

(၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကို ဒေသတွင်းနိုင်ငံများအချင်းချင်း မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်း၊ အစိုးရမဟုတ်သော ပြည်တွင်း/ပြည်ပ လူမှုအဖွဲ့အစည်းက ဦးဆောင်ကျင်းပရန်ရှိခြင်းနှင့် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံအားလုံးခံစားနေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပတ်ဝန်းကျင်နှင့် စိုပြည်စိမ်းလန်းမှုဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ၊ သက်ကြီးရွယ်အိုဆိုင်ရာများနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာပြဿနာများ ဆွေးနွေးအဖြေရှာရန် ရည်ရွယ်ကျင်းပကြောင်းသိရပြီး ပျိုရွယ်သူ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာဖလှယ်ခြင်း၊ လူငယ်ညီလာခံကျင်းပခြင်း၊ နည်းပညာ၊ အတတ်ပညာဆိုင်ရာများ ဆွေးနွေးခြင်း၊ နိုင်ငံတကာမှ တင်သွင်းလာသည့် သိပ္ပံနှင့် သုတေသန စာတမ်းများ ရွေးချယ်ဖတ်ကြားဆွေးနွေးခြင်း၊ ညီလာခံနှင့် သက်ဆိုင်သည့် ပိုစတာများ ဖိတ်ခေါ်တင်ဆက်ပြသခြင်း၊ ဟောပြောပွဲများ ဆောင်ရွက်ခြင်းနှင့် နေပြည်တော်နယ်နိမိတ်အတွင်းရှိ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၏ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ လုပ်ငန်းများသို့ သွားရောက်လေ့လာကြမည်ဖြစ်သည်။

အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံများကို ၂၀၀၁ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊ ၂၀၀၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ၂၀၁၁ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံနှင့် ၂၀၁၄ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံတို့၌ ကျင်းပခဲ့ကြရာ ယခု(၈)ကြိမ်မြောက်ညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။

အဆိုပါညီလာခံကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၆ ရက်ထိ ကျင်းပမည်ဖြစ်သည်။

(၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဂုဏ်ထူးဆောင်နာယကများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများ၊ အာရှပစိဖိတ်ဒေသနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။** (သတင်းစဉ်)

## မဟာစေတီပူဇော်ပွဲတွင် ရခိုင်ရိုးရာကျင်ပွဲ ထည့်သွင်းကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၂၄**

ပဲခူးမြို့ ဆုတောင်းပြည့်စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး၏ (၃၂) ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို တပို့တွဲလပြည့်နေ့(ဖေဖော်ဝါရီ ၂၃ ရက်)တွင် ကျင်းပရာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ နှမ်းမနဲ စတုဒိသာလှူဒါန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့အပြင် ပျော်ပွဲရွှင်ပွဲအဖြစ် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့် ရခိုင်ရိုးရာ ကျင်အားကစားပွဲတော်ကို မဟာစေတီ ဘောလုံးကွင်း၌ တပို့တွဲလပြည့်နေ့ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၆ နာရီထိ ပြုလုပ်ခဲ့သည်။ ပွဲဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြိုင်(ငြိမ်း)က "ရခိုင်ရိုးရာ ကျင်အားကစားပွဲဟာ ပဲခူးမြို့မှာ ပထမဆုံးဖော်ထုတ်ခြင်းပါ။ ဒီ အားကစားဟာ ရှေးရခိုင်ဘုရင်များ လက်ထက်ကတည်းက ဆင်နွှဲလာတဲ့ ရိုးရာအားကစားနည်းဖြစ်ပြီး ပွဲလမ်းသဘင်တွေသာမက အခါကြီးရက်ကြီးမှာလည်း ထည့်သွင်းဆင်နွှဲကြပါတယ်" ဟုရှင်းပြသည်။

"လူမျိုးတိုင်းမှာ ရိုးရာအားကစားပွဲတွေရှိကြရာ ဂျပန်လူမျိုးမှာ နပန်းပွဲ၊ မြန်မာလူမျိုးတွေမှာ လက်ဝှေ့ပွဲ၊ သိုင်းပြိုင်ပွဲတွေ ပြုလုပ်ကြပါတယ်။ ရခိုင်ကျင်ပွဲမှာ ယှဉ်ပြိုင်သူနှစ်ဦးရဲ့ ခွန်အားဗလနဲ့ အနိုင်ရရှိဖို့ ဉာဏ်အားကိုသုံးပြီး တွန်းလှဲခြင်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကာယအား၊ ဉာဏအားကို အသုံးပြုပြီး လက်နက်မဲ့တိုက်ရတဲ့ ပညာရပ်တစ်ခုဖြစ်တဲ့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်စေတဲ့ ကစားနည်းလည်းဖြစ်ပါတယ်" ဟုဆက်လက် ပြောသည်။ ယင်းအားကစားကို အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းဟူ၍ အတန်းသုံးတန်းခွဲပြီး ကျင်းပလေ့ရှိကြောင်းနှင့် ယခုရခိုင်ရိုးရာကျင်ပွဲတွင် ပထမဆု ငွေကျပ် တစ်သိန်းနှင့် ဒုတိယဆု ကျပ် ၇၅၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

**သုလင်း(ဟံသာမြေ)**



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး) ဘုရား၏ ၁၃၇၇ ခုနှစ် (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်တွင် မြန်မာ့ရိုးရာ နှမ်းမနဲထိုး လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပစဉ်။**

(၆၈၄)

■ ■

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကူဝိတ်နိုင်ငံ ပထမ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ်ခ် ဆာဘား ခါလစ် အယ်လ် ဟာမက် အယ်လ် ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာ ဂျုံဟိုဘွန်အား ရန်ကုန်မြို့တွင် အခြေစိုက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုလာခြင်းကို သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျုံဟိုဘွန်ကို ၁၉၆၄ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ကင်မ်အီလ်ဆွန်း တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်ဖြင့် ၁၉၈၉ ခုနှစ် အောက်တိုဘာလတွင် ဘွဲ့ရရှိခဲ့သည်။ မစ္စတာ ဂျုံဟိုဘွန်သည် ၁၉၉၂ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီး ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ **(သတင်းစဉ်)**

# နီပေါတွင် လေယာဉ်ငယ်တစ်စင်းပျက်ကျ၊ ခရီးသည် ၂၃ ဦးသေဆုံး



**ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၄**

နီပေါနိုင်ငံ ပိုကာရာမြို့မှ ဂျွန်ဆန်မြို့သို့ ဦးတည်ပျံသန်းလာသည့် တာရာလေကြောင်းပိုင် တွင်အော်တာ အမျိုးအစား လေယာဉ်တစ်စင်းသည် ဖေဖော်ဝါရီ ၂၄ ရက်က ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်၂၃ ဦးစလုံး အသက်ဆုံးရှုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦး၏ပြောကြားချက်အရ သိရသည်။

"လေယာဉ်တစ်ခုလုံးပျက်စီးသွားပြီး အသက်ရှင်ကျန်ရစ်သူတစ်ယောက်မှမရှိပါဘူး။ သေဆုံးသူတွေထဲမှာ တရုတ်နိုင်ငံသားတစ်ဦးနဲ့ ကူဝိတ်နိုင်ငံသားတစ်ဦးတို့ ပါဝင်ပါတယ်"ဟု ရဲအရာရှိ ဘီရှဝါရာဂျီကာကာက အခင်းဖြစ်ပွားသည့် အရပ်နှင့် အနီးဆုံးမြို့ဖြစ်သော အန်ရာဒီမြို့မှ ဖုန်းဖြင့် ရိုက်တာသတင်းဌာနသို့ သတင်းပေးပို့ခဲ့သည်။ တာဝန်ရှိသူများ၏ပြောကြားချက်အရ ဂျွန်ဆန်မြို့တည်ရှိရာ မက်စ်တန်ဒေသတွင် ဆီးနှင်းများ ထူထပ်စွာကျရောက်နေကြောင်းသိရသည်။ အနာပူရာ တောင်တည်ရှိသော အဆိုပါမက်စ်တန်ဒေသသည် နာမည်ကျော် တောင်တက်အပန်းဖြေစခန်းတစ်ခုဖြစ်သည်။

၂၀၁၄ ခုနှစ်အတွင်းကလည်း နီပေါနိုင်ငံ အနောက်ပိုင်းတွင် ခရီးသည်တင်လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ ခရီးသည် ၁၈ ဦးသေဆုံးခဲ့သည်။

**ရိုက်တာ။**



## နာမည်ကျော်ဘုရားကျောင်းအတွင်းမှကျားများ ထိုင်းအာဏာပိုင်များ ဖမ်းဆီးရွှေ့ပြောင်း

**ဘန်ကောက် ဖေဖော်ဝါရီ ၂၄**

တိရစ္ဆာန်မျိုးစိတ်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်သည်ဆိုသော စွပ်စွဲချက်များ ထွက်ပေါ်ပြီးနောက် နာမည်ကျော်ခရီးသွားနယ်မြေဖြစ်သော ဘုရားကျောင်း တစ်ကျောင်းအတွင်းမှ ကျားအကောင် ၁၅၀ နီးပါးအားဖမ်းဆီးရန် ထိုင်းအာဏာပိုင်များ ကြိုးပမ်းလျက်ရှိသည်။

ထိုင်းနိုင်ငံအနောက်ပိုင်း ကန်ချနာဘူရီပြည်နယ်ရှိ ဘုရားကျောင်းမှ ဘုန်းတော်ကြီးများက ဖျားနာနေသော ကျားပေါက်တစ်ကောင်ကို ဆေးကုသမှုများပြုလုပ်ပေးပြီး စောင့်ရှောက်ခဲ့သည့်အချိန်ကတည်းက ယင်းဘုရားကျောင်းတွင် ကျားများကို ယခုအချိန်ထိတိုင် စောင့်ရှောက်လျက်ရှိသည်။

အဆိုပါဘုရားကျောင်း၌ တိရစ္ဆာန်ရုံတစ်ရုံအဖြစ် လုပ်ငန်းဆောင်ရွက်ရန် တရားဝင်လိုင်စင် မရှိသလို စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျားများကို ပြုစုစောင့်ရှောက်လျက်ရှိကြောင်း ဝေဖန်ရေးသမားများက ပြောကြားကြသည်။ ယင်းဘုရားကျောင်းသည် ကမ္ဘာလှည့်ခရီးသွားများကို ဝင်ကြေးအဖြစ် တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာခန့် ကောက်ခံကာ ကျားများကို ထိတွေ့ကိုင်တွယ်ခွင့်ပေးထားကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယင်းဘုရားကျောင်းသည် စီးပွားရေးအရကျားများကိုမွေးမြူခြင်းနှင့် သားရိုင်းတိရစ္ဆာန်များ တရားမဝင်ရောင်းဝယ်ဖောက်ကားမှုတွင် ပါဝင်နေသည်ဆိုသော သားရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့တစ်ဖွဲ့က တင်ပြခဲ့သည့်စွပ်စွဲချက်များကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၃ ရက်တွင် တာဝန်ရှိသူများက အသက် ငါးနှစ်မှ ခုနစ်နှစ်အရွယ်ရှိ ကျားထီးငါးကောင်ကို မေ့ဆေးပေးဖမ်းဆီး၍ သားရိုင်းတိရစ္ဆာန် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းတစ်ခုသို့ ပို့ဆောင်ခဲ့သည်။ ဖမ်းဆီးပို့ဆောင်လိုက်သော ကျားများက ပတ်ဝန်းကျင်သစ်တွင် နေသားတကျရှိနိုင်ပါက လာမည့်လအနည်းငယ်အတွင်း ကျန်ရှိသောကျားများကို နေရာရွှေ့ပြောင်းရန် ၎င်းတို့ကစီစဉ်မည်ဖြစ်ကြောင်းသိရသည်။ သားရိုင်းတိရစ္ဆာန်များ တရားမဝင်မှောင်ခိုကူးသည်ဆိုသောစွပ်စွဲချက်များကို ဘုရားကျောင်းက ငြင်းဆန်လိုက်ပြီး ကျားများကို ဆက်လက်ပြုစုစောင့်ရှောက်နိုင်ရန်အတွက် တိရစ္ဆာန်ရုံလိုင်စင်တစ်ခုရရှိရန်သာ ရည်ရွယ်ထားကြောင်း ဘုန်းတော်ကြီးများက ဆိုသည်။

**အင်န်အိတ်ချ်ကေ။**

## အာဖဂန်လုံခြုံရေးတပ်ဖွဲ့များအတွက် ရိုင်ဖယ်သေနတ်များ ရုရှားပေးအပ်

**ကဘူး ဖေဖော်ဝါရီ ၂၄**

ရုရှားနိုင်ငံက လက်ဆောင်အဖြစ်ပေးပို့သော မောင်းပြန်ရိုင်ဖယ်သေနတ်အလက်ပေါင်း ၁၀၀၀၀ နှင့် ကျည်ဆန်များကို မိမိတို့လက်ခံရရှိကြောင်း အာဖဂန်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

စစ်ဒဏ်ခံစားခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးတပ်ဖွဲ့များသည် တာလီဘန်စစ်သွေးကြွများ၏ ရန်ကြောင့် မတည်မငြိမ်ဖြစ်နေသော ဒေသများကို ထိန်းချုပ်နိုင်စေရေးအတွက် ကြိုးပမ်းနေချိန်တွင် ရုရှားက သေနတ်နှင့် ကျည်ဆန်များကို ထောက်ပံ့ပေးခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးအဖွဲ့ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့ဝင်အင်အား သိသိသာသာ လျှော့ချခဲ့ပြီးနောက် အာဖဂန်အာဏာပိုင်များက ရုရှားနိုင်ငံထံမှ အကူအညီများရရှိရန် ကြိုးပမ်းလျက်ရှိသည်။ ၁၉၈၀ ပြည့်လွန်နှစ်များက အာဖဂန်နစ္စတန်၌ ဖြစ်ပွားခဲ့သော စစ်ပွဲတွင် ဆိုဗီယက်တပ်ဖွဲ့ ပါဝင်ပတ်သက်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့သည်။

မိမိတို့နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှု ခိုင်မာတိုးတက်လာသည့် ပြယုဂ်အဖြစ် ရုရှားနိုင်ငံက အာဖဂန်တပ်ဖွဲ့များအတွက် သေနတ်များ လှူဒါန်းခြင်းဖြစ်ကြောင်း အာဖဂန်အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဟာနစ်အက်မာက ပြောကြားသည်။

နှစ်နိုင်ငံအကြား ရရှိခဲ့သော လုံခြုံရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်အရ သေနတ်များနှင့် ကျည်ဆန်များကို ပေးအပ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အကြမ်းဖက်မှုနှင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတို့အတွက် အာဖဂန်နစ္စတန်ကို မိမိတို့နိုင်ငံအနေဖြင့် ကူညီမှုများ ပြုလုပ်ပေးကြောင်း ရုရှားသံအမတ်ကြီး အလက်ဇန္ဒာမင့်စကီးက ပြောကြားသည်။

**ရိုက်တာ။**

## တောင်တရုတ်ပင်လယ်အတွင်း အငြင်းပွားကျွန်း၌ တရုတ်နိုင်ငံက ဂျက်တိုက်လေယာဉ်များဖြန့်ကြက်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၄**

တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်း ပိုင်ဆိုင်မှုအငြင်းပွားနေသည့် ကျွန်းတစ်ကျွန်း၌ ဂျက်တိုက်လေယာဉ်များကို ဖြန့်ကြက်ချထားလိုက်ကြောင်း၊ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များကိုလည်း ဖြန့်ကြက်ရန်ပေးပို့ခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံသည် ရှန်ယန်း ဂျေ-၁၁ နှင့် စီအန်း ဂျေအိတ်ချ်-၇အမျိုးအစားစစ်လေယာဉ်များကို ဖြန့်ကြက်ထားကြောင်း၊ ပိုင်ဆိုင်မှုအတွက်အငြင်းပွားနေသည့် ပါရာဆဲလ်ကျွန်းစုရှိ ဝူဒီကျွန်း၌ ရက်သတ္တပတ်အနည်းငယ်အတွင်း တိုက်လေယာဉ်များဖြန့်ကြက်ထားသည်ကို အမေရိကန်ထောက်လှမ်းရေးဌာနများက စုံစမ်းသိရှိရခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

တရုတ်ဂျက်တိုက်လေယာဉ်များသည် ယခင်ကလည်း ယင်းကျွန်း၌ တိုက်လေယာဉ်များဖြန့်ကြက်ခဲ့ဖူးကြောင်း အမေရိကန်ပြည်ထောင်စု ပစိဖိတ်ဒေသဆိုင်ရာ ရေတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ကြီး ဒေရမ်ဂျမ်းက ပြောကြားသည်။ ဝူဒီကျွန်းပိုင်ဆိုင်မှုအရေးနှင့်ပတ်သက်၍ တရုတ်၊တိုင်ပေနှင့် ဗီယက်နမ်နိုင်ငံများက တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

ယင်းကျွန်းပေါ်၌ ၁၉၉၀ ပြည့်လွန်နှစ်များမှစ၍ လေယာဉ်ကွင်းတစ်ခုတည်ရှိခဲ့သည်။ သို့ရာတွင် တရုတ်နိုင်ငံက ဂျေ-၁၁အမျိုးအစား ဂျက်လေယာဉ်များဆင်းသက်အသုံးပြုနိုင်ရေးအတွက် ယခင်နှစ်များအတွင်း လေယာဉ်ကွင်းကို အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့ ဝါရှင်တန်တွင် တွေ့ဆုံဆွေးနွေးမှုအပြီး အငြင်းပွားကျွန်းပေါ် တရုတ်စစ်လေယာဉ်များဖြန့်ကြက်မှု သတင်းပေါ်ထွက်လာခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**ဘီဘီစီအိုင်။**



## အိုင်အက်စ်အဖွဲ့လက်ဝယ်ရောက် ဆွီဒင်ဆယ်ကျော်သက်ကို ကာ့ဒ်အထူးတပ်ဖွဲ့က ကယ်တင်ပေးနိုင်ပြီ

**အာဘီးလ် ဖေဖော်ဝါရီ ၂၄**

အီရတ်နိုင်ငံမြောက်ပိုင်း အိုင်အက်စ်အဖွဲ့က ထိန်းချုပ်ထားသောနယ်မြေသို့ ရောက်ရှိနေသူ ဆွီဒင်လူမျိုးဆယ်ကျော်သက်မိန်းကလေးငယ်ကို ကာ့ဒ်အထူးတပ်ဖွဲ့များက ကယ်တင်ပေးလိုက်နိုင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖေဖော်ဝါရီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိုင်အက်စ်အဖွဲ့ထိန်းချုပ်ထားသော မိုဆူးလ်မြို့အနီးမှ စစ်သွေးကြွတို့ထိန်းချုပ်ထားရာ နယ်မြေသို့ရောက်ရှိနေသော အသက် (၁၆) နှစ်အရွယ် မိန်းကလေးငယ်မှာ မာလင်စတီဗန်နီနီဗာလိန်းဆိုသူဖြစ်ပြီး ဆွီဒင်အာဏာပိုင်များနှင့်၎င်း၏မိသားစုတို့၏မေတ္တာရပ်ခံချက်အရ ကာ့ဒ်အထူးတပ်ဖွဲ့များက ကယ်တင်ပေးခဲ့ကြောင်း ကာဒစ္စတန်ဒေသ လုံခြုံရေးကောင်စီ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြသည်။

စတော့ဟုမ်းမြို့ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့်အကွာရှိ ဆိုရက်စ်မြို့မှ အဆိုပါမိန်းကလေးသည် ဆွီဒင်နိုင်ငံမှ အိုင်အက်စ်အဖွဲ့ဝင်တစ်ဦး၏ သွေးဆောင်စည်းရုံးမှုအရ ဆီးရီးယားသို့သွားရောက်ခဲ့ပြီး ယင်းနောက်တွင် မိုဆူးလ်မြို့သို့ ဆက်လက်သွားရောက်ခဲ့ခြင်းဖြစ်သည်။

အစ္စလာမ့်စ်နိုင်ငံတော်ဟုခေါ်တွင်သော နယ်မြေ၌ မိမိနေထိုင်ခဲ့ရသည့်ဘဝမှာ ပြင်းထန်ကြမ်းတမ်းလှကြောင်း၊ မိမိသည် အိုင်အက်စ်အဖွဲ့ဝင်ရည်းစားဖြစ်သူ၏ လိမ်ညာလှည့်ဖြားမှုအရ အိုင်အက်စ်ထိန်းချုပ်ရာ နယ်မြေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း ဆွီဒင်ဆယ်ကျော်သက်မလေးက ပြန်လည်လွတ်မြောက်လာခဲ့ပြီးနောက် ပထမဆုံးပြုလုပ်သော လူတွေ့မေးမြန်းခန်းတွင်ပြောကြားသည်။

အိုင်အက်စ်အဖွဲ့သည် မည်ကဲ့သို့သော အဖွဲ့အစည်းမျိုးဖြစ်သည်ကိုလည်း မိမိမသိခဲ့ကြောင်း မာလင်က ကာဒစ္စတန် ၂၄ အမည်ရှိ ရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

**ရိုက်တာ။**

# ရေနံထွက်ပစ္စည်းများ သယ်ယူလက်ခံသိုလှောင်ဖြန့်ဖြူးရောင်းချရာတွင် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အလေးထားဂရုပြုဆောင်ရွက်ရန်လို

**နွေရာသီ ပူပြင်းခြောက်သွေ့သော အချိန်ကာလသို့ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် အလေးထားဂရုပြုဆောင်ရွက်ရန် လိုအပ်ပါသည်။**

**စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စက်သုံးဆီအရောင်းဆိုင်များတွင်လည်းကောင်း၊ စက်သုံးဆီသိုလှောင်ရုံအရောင်းဆိုင်များတွင်လည်းကောင်း၊ စက်သုံးဆီဝယ်ယူသည့်ယာဉ်သို့ ဆီဖြည့်ရာတွင် လည်းကောင်း၊ ဆီတင်ယာဉ်များ စက်သုံးဆီဖြည့်တင်း/ချယူရာတွင်လည်းကောင်း၊ ဆီတင်ယာဉ်များ လမ်းခရီးပို့ဆောင်ရာတွင်လည်းကောင်း မီးဘေး အန္တရာယ်များမဖြစ်ပွားစေရေးအတွက် စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းသည့် လုပ်ထုံးလုပ်နည်းများသိရှိနိုင်ရန် ရေနံထွက်ပစ္စည်းများ သယ်ယူသိုလှောင် ဖြန့်ဖြူးရောင်းချရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ (Petroleum Products Handling Process) ကို လိုက်နာဆောင်ရွက်နိုင်ရန် သတိပေးနှိုးဆော်ထားသည်။**

**ဆီတင်ယာဉ်များ စက်သုံးဆီဖြည့်တင်း/ချယူစဉ် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

- ဆီတင်ယာဉ်ပေါ်တွင် မီးပွားဖြစ်စေနိုင်သော သံထည်ပစ္စည်းများ၊ သံပုံးများ၊ မီးခြစ်များ၊ အခြားပုံးခွံများ တင်ဆောင်ထားခြင်းမပြုရ။
- ဆီတင်ယာဉ်ပေါ်နှင့်အနီးတစ်ဝိုက်တွင် ဆေးလိပ်သောက်ခြင်း (လုံးဝ)မပြုလုပ်ရ။
- ဆီတင်ယာဉ်တွင် 6 Kg ဆံ့ (Dry Chemical Power) မီးသတ်ဆေးဘူး(၃)ဘူး ပါရှိရမည်။
- သယ်ယူခွင့်လိုင်စင်နှင့် ရေချိန်ကတ်များပါရှိပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့် ဆီတင်ယာဉ်များကိုသာ ဆီဖြည့်ပွိုင့်အတွင်း ဝင်ခွင့်ပြုရမည်။
- ဆီတင်ယာဉ်၏ ဘက်ထရီအိုးနှင့် ဆက်သွယ်သော ဝါယာကြိုးခေါင်းများ ချောင်နေခြင်း မရှိရ။
- ဆီတင်ယာဉ်၏ဝါယာလိုင်းများ ပေါက်ပြဲနေခြင်းမရှိရ။
- ဆီတင်ယာဉ်သည် အလွယ်တကူစက်နှိုးနိုင်သည့်အခြေအနေတွင် အမြဲဖြစ်နေရမည်။ ဆီဖြည့်တင်း/ချယူချိန်တွင် ဆီတင်ယာဉ်ကို ပြုပြင်ခြင်းလုံးဝမပြုလုပ်ရ။
- ဆီဖြည့်ပွိုင့်နှင့်ဆီတင်ယာဉ်ပေါ်တွင် သံခွာပါသော ဖိနပ်များမစီးရ။
- မီးဘေးကာကွယ်ရေးစီမံချက်ရေးဆွဲပြီး သတ်မှတ်နေရာအလိုက် မီးသတ်ဆေးဘူး၊ မီးသတ်ရေကန်၊ သဲကန်များ ဖြည့်တင်းထားရှိရမည်။ အပူချိန်လျှော့ချရေးအစီအမံများ တပ်ဆင်ထားရှိရမည်။
- ပူပြင်းချိန်များတွင် စက်သုံးဆီဖြည့်တင်း/ချယူမှုအား အထူးသတိပြုဆောင်ရွက်ရမည်။ အပူချိန်လျှော့ချခြင်းလုပ်ငန်းစဉ်နှင့် Gas Free ဖြစ်စေရေးဆောင်ရွက်ပြီးမှ ဆီဖြည့်တင်းရမည်။
- ဆီဖြည့်ပွိုင့်နှင့် ဆီချယူသည့်နေရာအနီး လက်ကိုင်ဖုန်းမပြောရ။ တာဝန်ရှိသူမှအပ အခြားသူများ ဖြတ်သန်းသွားလာခြင်းမပြုရ။
- စက်သုံးဆီဖြည့်တင်း/ချယူမှုမစတင်မီ တည်ငြိမ်လျှပ်စစ်မဖြစ်ပေါ်စေရေး မြေစိုက် (Earth) ကြိုးချိတ်ဆက်ရမည်။
- လျှပ်စီးလက်၊ မိုးကြိုးပစ်နေစဉ် စက်သုံးဆီဖြည့်တင်း/ချယူမှုမပြုလုပ်ရ။
- ဆီဖြည့်တင်း/ချယူရာတွင် တည်ငြိမ်လျှပ်စစ်မဖြစ်ပေါ်စေရန် ပလတ်စတစ်ပိုက်/ လည်ချောင်းပိုက် လုံးဝအသုံးမပြုရ။ Rubber Hose ပိုက်ကိုသာ အသုံးပြုရမည်။
- စက်သုံးဆီဖြည့်တင်းစဉ်/ချယူစဉ် ဆီတင်ယာဉ်၏စက်ရပ်ထားရမည်။ Main Switch/ သော့ပိတ်ထားရမည်။
- ဆီဖြည့်တင်း/ချယူနေစဉ် ဆီတင်ယာဉ်အနီး၌ ယာဉ်မောင်း/ယာဉ်အကူနှင့် တာဝန်ကျဝန်ထမ်းများ မီးသတ်ဆေးဘူးဖြင့် အသင့်စောင့်ကြည့်နေရမည်။
- အရောင်းဆိုင်၏ Tank အတွင်းသို့ တိုက်ရိုက်ဆီချရမည်။ အခြားပုံးခွက်များသို့ ဆီဖြည့်ပေးခြင်း မပြုလုပ်ရ။
- ဆီချပိုက်မှဆီကိုစစ်သည့်အခါ အထူးဂရုစိုက်ဆောင်ရွက်ရမည်။
- ဆီချပြီးလျှင် Valves များကို လုံခြုံစွာပိတ်ရမည်။ ဆီချပိုက်အဖုံး (Cap)ကို သေချာစွာပိတ်ရမည်။

**ဆီတင်ယာဉ်များ လမ်းခရီးပို့ဆောင်စဉ် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

- လမ်းခရီးတွင် အကြောင်းမဲ့ရပ်နားခြင်းမပြုရ။ လူစုလူဝေးရှိသော နေရာများကို ရှောင်ကွင်းမောင်းနှင်ရမည်။
- လူစည်ကားရာနေရာများ၊ ကျောင်း၊ ဆေးရုံ၊ ဈေးနေရာများတွင် အရှိန်လျှော့မောင်းနှင်ရမည်။
- ဆီတင်ယာဉ်မောင်းများသည် ယာဉ်မောင်းနေစဉ် သောက်စားမူးယစ်ခြင်းမပြုရ။
- သတ်မှတ်ထားသော ယာဉ်လမ်းကြောင်းများအတိုင်းသာ မောင်းနှင်ရမည်။
- တစ်နာရီ မိုင်(၃၀)နှုန်းထက်ပို၍မမောင်းရ။
- မတော်တဆဖြစ်ပွားပါက အန္တရာယ်အနည်းဆုံးဖြစ်စေရေး လိုအပ်သောအစီအမံများ ဆောင်ရွက်ရမည်။
- ပီပါများဖြင့်သယ်ပို့ရန် လိုအပ်ပါက ယိုစိမ့်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရမည်။
- ပီပါများဖြင့်သယ်ပို့ရာတွင် ယာဉ်များပေါ်၌ သစ်သားကြမ်းခင်းခံ၍ သယ်ပို့ရမည်။

**စက်သုံးဆီသိုလှောင်ရုံအရောင်းဆိုင်များ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

- သိုလှောင်ရုံ/ဂိုဒေါင်ကို သတ္တုတွင်းဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောက်လုပ်ပြီး သီးခြားထားရှိရမည်။
- စက်သုံးဆီသိုလှောင်ရုံများတွင် လေဝင်/လေထွက်ကောင်းမွန်စေရန် လေထွက်ပေါက်များ ဖောက်ထားပေးရမည်ဖြစ်ပြီး ကြေးဆန်ခါ နှစ်ထပ်တပ်ဆင်ထားရမည်။
- စက်သုံးဆီများကို ပလတ်စတစ်ပုံးများဖြင့် သိုလှောင်ခြင်း လုံးဝမပြုရ။ သိုလှောင်ကန်/ ပီပါဖြင့်သာ သိုလှောင်ထားရမည်။
- ပီပါများဖွင့်/ပိတ်ရာတွင် ကြေးဂေါက်တံကိုသာ အသုံးပြုရမည်။
- ပီပါများသို့ စက်သုံးဆီဖြည့်တင်းရာတွင် Standard Packing ဖြစ်သည့် ဓာတ်ဆီ ၄၄ ဂါလန်၊ ဒီဇယ်ဆီ ၄၆ ဂါလန်သာ ဖြည့်တင်းရမည်။
- မီးဘေးကာကွယ်ရေးစီမံချက် ရေးဆွဲထားပြီး မီးသတ်ဦးစီးဌာန၏ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ မီးသတ်ဆေးဘူး၊ မီးကတ်၊ ဂေါ်ပြား၊ သဲကန်များ၊ ရေကန်များ လုံလောက်စွာထားရှိရမည်။
- ပီပါများတင်/ချရာတွင် ပွတ်တိုက်မှုမဖြစ်စေရေး အထူးဂရုပြုဆောင်ရွက်ရမည်။
- ပူပြင်းချိန်များတွင် စက်သုံးဆီဖြည့်တင်း/ချယူမှုအား အထူးသတိပြုဆောင်ရွက်ရမည်။ အပူချိန်လျှော့ချခြင်းလုပ်ငန်းစဉ်နှင့် Gas Free ဖြစ်စေရေးဆောင်ရွက်ပြီးမှ ဆီဖြည့်တင်းရမည်။

**စက်သုံးဆီဝယ်ယူသည့်ယာဉ်သို့ ဆီဖြည့်ရာတွင် သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

- ဆီဖြည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ မီးခြစ်ခြစ်ခြင်းများမပြုလုပ်ရန် ဆိုင်ဝန်ထမ်းများက အမြဲကြိုတင် သတိပေးပြောကြားရမည်။
- ယာဉ်များ၏ (Engine) ကို (လုံးဝ)ရပ်ထားပြီးမှ ဆီဖြည့်ရမည်။
- ဆီဖြည့်တင်းမည့်ယာဉ်များ၏ (Service Tank) များ အဖွင့်အပိတ်ပြုလုပ်ရာတွင် ညင်သာစွာ ဆောင်ရွက်ရမည်။
- ပူပြင်းသောရာသီတွင် စက်သုံးဆီဖြည့်တင်းရာ၌ ဆီဖြည့်နှုန်းအရှိန်ပြင်းစွာမဖြည့်တင်းရ။
- ဆီဖြည့်ရာတွင် လျှံကျမှု၊ ဖိတ်စဉ်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရမည်။
- ဆီဖြည့်တင်းရာတွင် ဖိတ်စဉ်မှုများရှိပါက ရေဖြင့် ချက်ချင်းဆေးကြော၍ ခြောက်သွေ့အောင် ဆောင်ရွက်ထားရမည်။
- စက်ခေါင်းဖုံး(Bonnet Cover)မရှိသည့်ယာဉ်များ/ (Engine Cover) မရှိသည့် ဆိုင်ကယ်များသို့ စက်သုံးဆီရောင်းချခြင်းမပြုရ။

မောင်စွမ်းအင်

**စက်သုံးဆီအရောင်းဆိုင်များ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ**

- ဆိုင်ဧရိယာအတွင်း "ဆေးလိပ်သောက်ခြင်း (လုံးဝ)မပြုလုပ်ရ"၊ "မီးသတိပြု"၊ "ဆီဖြည့်စဉ် စက်ရပ်ထားပါ"၊ "လက်ကိုင်ဖုန်း Hand Phone ပြောဆိုခြင်းမပြုရ" စသည့် သတိပေးစာတန်းများကို အလွယ်တကူမြင်နိုင်သောနေရာများတွင် ချိတ်ဆွဲ/စိုက်ထူထားရမည်။
- မီးဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားရှိပြီး မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ဂေါ်ပြားများအား အနီးဆုံးနှင့် လွယ်ကူစွာရယူနိုင်သောနေရာတွင် ပြည့်စုံလုံလောက်စွာထားရှိရမည်။
- မီးသတ်ဦးစီးဌာန၏ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ မီးသတ်ရေကန်များ၊ ရေတိုင်ကီများနှင့် ရေပုံးများထားရှိရမည်။
- မီးဖြစ်စေတတ်သည့်ပစ္စည်းများနှင့် ပေါက်ကွဲမှုဖြစ်စေနိုင်သော ပစ္စည်းများယူဆောင်ခြင်း မပြုရ။
- လျှပ်စစ်မီးပြတ်တောက်ချိန်တွင် ဖယောင်းတိုင်မီး၊ ရေနံဆီမီး၊ ဓာတ်ငွေ့မီးများ လုံးဝ မသုံးရ။
- လျှပ်စစ်ဝါယာကြိုးများကို Lighting အတွက်သာ စနစ်တကျသွယ်တန်းအသုံးပြုရမည်။ ဟောင်းနွမ်းဆွေးမြည့်ပေါက်ပြဲနေသာ ဓာတ်ကြိုးများ၊ မီးခလုတ်များ၊ မီးချောင်းများ၊ လျှပ်ကာပစ္စည်းများ သုံးစွဲခြင်းမပြုရ။ လျှပ်စစ်ပစ္စည်းများသည် Flame Proof အမျိုးအစားဖြစ်ရမည်။
- အပူထွက်မှုမြင့်မားသည့်လျှပ်စစ်ပစ္စည်းများ (လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖို၊ Rice Cooker၊ လျှပ်စစ်ရေနွေးခရား) လုံးဝအသုံးမပြုရ။
- ဆိုင်ဝန်ထမ်းအားလုံး မီးသတ်ဆေးဘူး ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုတတ်စေရေး သင်ကြားလေ့ကျင့်ပေးထားရမည်။
- ဆိုင်ရှေ့တွင် စက်ပျက်သောယာဉ်များအား ပြင်ဆင်ခြင်းမပြုစေဘဲ လူအားဖြင့် ဘေးကင်းရာသို့ တွန်းထုတ်၍ ပြင်ဆင်မှုပြုလုပ်ရမည်။
- တည်ငြိမ်လျှပ်စစ်ဖြစ်ပေါ်စေနိုင်သည့် ပလတ်စတစ်ပုံးများ၊ ဘူးများ၊ ခွက်များထဲသို့ စက်သုံးဆီဖြည့်တင်းရောင်းချပေးခြင်း(လုံးဝ)မပြုလုပ်ရ။
- စက်သုံးဆီများကို လက်ရိုက်ပန့် (Hand Pump) (သို့မဟုတ်) လျှပ်စစ်ဆီပန့်ဖြင့်သာ ရောင်းချရမည်။
- လျှပ်စီးလက်၊ မိုးကြိုးပစ်နေစဉ် စက်သုံးဆီဖြည့်တင်းရောင်းချမှုမပြုလုပ်ရ။

**သို့ဖြစ်ရာ စက်သုံးဆီသိုလှောင်ရောင်းဝယ်ဖြန့်ဖြူးသည့်ဆိုင်များ၊ စက်သုံးဆီဖြည့်တင်းသည့်ယာဉ်များနှင့် စက်သုံးဆီသယ်ယူပို့ဆောင်ပေးသည့်ယာဉ်များအနေဖြင့် အထက်ပါ လိုက်နာသိရှိထားရမည့်အချက်များအတိုင်း ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။**

# ကျောက်ဆည်မြို့ သောကြာကြယ်ပရဟိတကျောင်းမှ မိဘမဲ့/ဆင်းရဲသောကလေးများအား အခမဲ့ပညာသင်ကြားပေး

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ စုကြီးရပ်ရှိ သောကြာကြယ်ပရဟိတပညာရေးအကူအညီကျောင်း (Evening Star Parahita Educational Help)တည်ရှိပြီး အဆိုပါကျောင်းသည် ယခုအခါ၌ ပရဟိတပညာရေးနှင့် ပရိယတ္တိပညာရေး စနစ်နှစ်မျိုးဖြင့် သင်ကြားပေးလျက်ရှိသည်။

အဆိုပါကျောင်းသည် ဆရာတော်ဘဒ္ဒန္တသီဟ ဦးဆောင်လျက် ၂၀၁၂ ခုနှစ်မှစ၍ တည်ထောင်ခဲ့ကြောင်း၊ ဆရာတော်သည် ဗုဒ္ဓသာသနာတော် အရှည်တည်တံ့ရေးအတွက် ရှင်သာမဏေငယ်များကို သင်ကြားပို့ချလျက်ရှိသလို တစ်ဖက်မှလည်း အနယ်နယ်အရပ်ရပ်မှ မိဘမဲ့ကလေးများ၊ ဆင်းရဲနွမ်းပါးသောကလေးများ၊ နယ်စွန်နယ်ဖျား၌ ပညာသင်ကြားနိုင်ရန် အခက်အခဲဖြစ်ပေါ်နေသော ကလေးများအား နေ့စဉ်ထမင်းသုံးနပ် ကျွေးမွေး၍ အခမဲ့ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ယခုအခါ စာချ၊ စာသင်ရဟန်း သာမဏေ ၅၇ ပါး၊ အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူ ၃၇၀၊ ဆရာ ဆရာမ ၃၆ ဦးရှိသည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အခြေခံပညာ သူငယ်တန်းမှစ၍ တက္ကသိုလ်ဝင်တန်းအထိ သင်ကြားပေးမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ၅၀၀ အထိ တိုးချဲ့သင်ကြားမည်ဖြစ်၍ စားဝတ်နေရေး၊ ကျန်းမာရေးအတွက် အဘက်ဘက်မှ လိုအပ်ချက်များစွာရှိနေမည်ဟု ဆရာတော်က မိန့်ကြားသည်။

အဆိုပါကျောင်းတွင် အမျိုးသားနေ နှစ်ထပ်အဆောင် နှစ်ဆောင်၊ အမျိုးသမီးနေ နှစ်ထပ်အဆောင် သုံးဆောင်ရှိပြီး အဆောင်မှူးများ စနစ်တကျထားရှိကာ ကလေးငယ်များအား နွေရာသီ၌ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်သင်ကြားခြင်း၊ အင်္ဂလိပ်စာ (Grammar Speaking)၊ computer သင်တန်းကိုလည်း သင်ကြားပေးလျက်ရှိကြောင်း၊ ယဉ်ကျေးလိမ္မာသင်တန်းပြီးဆုံး၍ ကျောင်းဖွင့်ရာသီရောက်သည်နှင့် တစ်ပြိုင်တည်း အခြေခံပညာ အလယ်တန်း၊ အထက်တန်း ကျောင်းသားများကို အစိုးရအထက်တန်းကျောင်းသင်ရိုးညွှန်းတမ်းအတိုင်း ပဥ္စမတန်းမှ ဒသမတန်းအထိ ဘာသာစုံ အခမဲ့ ပညာသင်ကြားပေးလျက်ရှိပြီး ပညာသင်ကြားရာတွင် လိုအပ်သော စာအုပ်စာတမ်းများကိုလည်း ထောက်ပံ့ခြင်းနှင့်ကျန်းမာရေးအတွက် လိုအပ်သော ဆေးဝါးများကိုလည်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

ယခုအချိန်အထိ ရန်ပုံငွေပဒေသာပင်၊ ဆရာတော်၏ဆွမ်းဒါယကာ၊ ဒါယိကာမများ၊ အသိမိတ်ဆွေများ၏ လစဉ်လှူဒါန်းသော ငွေအနည်းအကျဉ်းဖြင့်သာ လည်ပတ်နေရကြောင်း၊ ယခုလက်ရှိ၌ ကျောက်ဆည်မြို့ပေါ်ရှိ နာမည်ကြီး ဆရာ ဆရာမများ၊ နည်းပညာတက္ကသိုလ်က ဆရာ ဆရာမများကလည်း နေ့စဉ်ပညာဒါနအဖြစ် လာရောက်ပညာသင်ကြားပေးလျက်ရှိသည်။

ယခုအခါ၌ စေတနာရှင် ဆရာ ဆရာမများကြောင့် သင်ကြားရေးတွင် အဆင်ပြေမှုရှိသော်လည်း ရေရှည်တွင် ဆရာ ဆရာမများ မလုံလောက်မှု၊ မိဘမဲ့နှင့် နွမ်းပါးသော ကျောင်းသား ကျောင်းသူများ၏ စားဝတ်နေရေး၊ ကျန်းမာရေးအတွက်ပါ ရန်ပုံငွေလိုအပ်လာမည်ဖြစ်ရာ ပညာရေးပဒေသာပင်၊ ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်များစိုက်ထူရန် ရည်သန်လျက်ရှိရာ မည်သူမဆို ရာသက်ပန်ပဒေသာပင်စိုက်ထူရန် လှူဒါန်းလိုပါက- ဆရာတော် ဘဒ္ဒန္တသီဟ ဖုန်း ၀၉- ၄၄၄၀၄၄၈၈၂၊ ဘဒ္ဒန္တသောဘိတ ဖုန်း ၀၉- ၄၀၂၆၉၇၁၅၆၊ ၀၉- ၂၅၂၆၃၁၃၀၂၊ ဘဒ္ဒန္တဆန္ဒာဓိက ဖုန်း ၀၉-၂၅၆၂၉၈၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်းလူမင်း(မီဒီယာဂရု)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့ ဖွဲ့စည်း



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင်ကျင်းပရာ အယ်လ်နီညိုရာသီဥတုနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးခြင်းနှင့် အတည်ပြုခြင်း၊ အရေးကြီးအဆိုတင်သွင်းခြင်း၊ ကော်မတီ(၂)ခုဖွဲ့စည်းခြင်းတို့အား လွှတ်တော်၏အတည်ပြုချက် ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း တင်သွင်းထားသည့် **"ကမ္ဘာ့ရာသီဥတုပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (El Nino)အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ ဒေါ်ဝင့်ဝါထွန်း၊ ဦးမြင့်ဦး၊ ဦးမင်းသိန်း၊ ဦးတင်ထွန်းနိုင်၊ ဦးသန်းစိုး၊ ဦးကိုကိုနိုင်၊ ဦးဦးလှစောတို့က ဆက်လက်ဆွေးနွေးခဲ့ကြသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့**❖

**ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များစာရင်း**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ဆားလင်းကြီးမဲဆန္ဒနယ် | ဦးဝင်းသိန်းဇော် | ဥက္ကဋ္ဌ |
| ၂။ | ပေါင်းတည်မဲဆန္ဒနယ် | ဦးအေးမင်းအောင်(ခ)<br>ဦးမင်းမင်း | အဖွဲ့ဝင် |
| ၃။ | မိုးညိုမဲဆန္ဒနယ် | ဦးကျော်မျိုးမင်း | ॥ |
| ၄။ | သရက်ချောင်းမဲဆန္ဒနယ် | ဦးအောင်စိုး | ॥ |
| ၅။ | ခန္တီးမဲဆန္ဒနယ် | ဦးအောင်သန်းစိန် | ॥ |
| ၆။ | အလုံမဲဆန္ဒနယ် | ဦးရဲလွင် | ॥ |
| ၇။ | သပိတ်ကျင်းမဲဆန္ဒနယ် | ဒေါက်တာဦးအောင်နိုင် | ॥ |
| ၈။ | ညောင်တုန်းမဲဆန္ဒနယ် | ဦးအုန်းလွင် | ॥ |
| ၉။ | ဖျာပုံမဲဆန္ဒနယ် | ဦးဝင်းထွဋ် | ॥ |
| ၁၀။ | လှိုင်မဲဆန္ဒနယ် | ဦးအောင်ကျော်ကျော်ဦး | ॥ |
| ၁၁။ | မြိုင်မဲဆန္ဒနယ် | ဦးအောင်ခင်ဝင်း | ॥ |
| ၁၂။ | ဖယ်ခုံမဲဆန္ဒနယ် | ဦးဖိုးမောင် | ॥ |
| ၁၃။ | ဟားခါးမဲဆန္ဒနယ် | ဦးနိုယာအုပ် | ॥ |
| ၁၄။ | တပ်မတော်သား<br>ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး<br>ခင်မောင်ဆွေ | ॥ |
| ၁၅။ | မြင်းခြံမဲဆန္ဒနယ် | ဦးသက်လွင် (ခ)<br>ဦးပေါခင် | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များစာရင်း**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ရေတာရှည်မဲဆန္ဒနယ် | ဦးကြည်မိုးနိုင် | ဥက္ကဋ္ဌ |
| ၂။ | မြို့သစ်မဲဆန္ဒနယ် | ဦးသာအောင် | အဖွဲ့ဝင် |
| ၃။ | တာချီလိတ်မဲဆန္ဒနယ် | ဦးငွေဝင်း | ॥ |
| ၄။ | အင်္ဂပူမဲဆန္ဒနယ် | ဦးအေးဝင်း | ॥ |
| ၅။ | စဉ့်ကူးမဲဆန္ဒနယ် | ဒေါက်တာ<br>ဦးဇော်ဝင်းမြင့် | ॥ |
| ၆။ | ဘုတလင်မဲဆန္ဒနယ် | ဦးမြင့်ဟန်ထွန်း | ॥ |
| ၇။ | ကလေးဝမဲဆန္ဒနယ် | ဦးသန်းထွန်းမြင့် | ॥ |
| ၈။ | မကွေးမဲဆန္ဒနယ် | ဦးမြင့်ဦး | ॥ |
| ၉။ | ကုန်းကြမ်းမဲဆန္ဒနယ် | ဦးလီကျိန်းဖူ(ခ)<br>ဦးမြင့်ဆွေ | ॥ |
| ၁၀။ | သံဖြူဇရပ်မဲဆန္ဒနယ် | ဦးညဏ်ဟိန်း | ॥ |
| ၁၁။ | ကျောက်တံတားမဲဆန္ဒနယ် | ဦးနေမျိုးထက် | ॥ |
| ၁၂။ | မလှိုင်မဲဆန္ဒနယ် | ဦးလှထွန်းအောင် | ॥ |
| ၁၃။ | အုတ်ဖိုမဲဆန္ဒနယ် | ဦးဇော်မင်း | ॥ |
| ၁၄။ | တပ်မတော်သား<br>ကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး<br>မြဦး | ॥ |
| ၁၅။ | အမရပူရမဲဆန္ဒနယ် | ဦးစိုးမြင့်(ခ)<br>ဦးအောင်ဇော်မြင့် | အတွင်းရေးမှူး |

အမျိုးသားလွှတ်တော်အစည်းအဝေး

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့နံနက်၁၀ နာရီတွင်ကျင်းပရာ**အမျိုးသားလွှတ်တော်နှင့် ဗီယက်နမ်၊လာအို၊ ထိုင်း၊ ဂျပန်၊ စင်ကာပူလွှတ်တော်များနှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်းများ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းခြင်း**တို့ကိုအတည်ပြုဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာ-ဗီယက်နမ် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဇော်မင်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာမြတ်ညဏစိုးတို့ဖြင့်လည်းကောင်း၊ **မြန်မာ-လာအို လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောသန်းထွဋ်၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာစိုင်းဆိုင်ကျောက်ဆမ်တို့ဖြင့် လည်းကောင်း၊ **မြန်မာ-ထိုင်း လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေ၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်တို့ဖြင့်လည်းကောင်း၊ **မြန်မာ-ဂျပန် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇော်မင်းလတ်(ခ) ဦးကိုလတ်တို့ဖြင့်လည်းကောင်း၊ **မြန်မာ-စင်ကာပူ လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအသင်း**ကို ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦး၊ အတွင်းရေးမှူးအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့ဖြင့်လည်းကောင်း အဖွဲ့ဝင်(၈)ဦးစီဖြင့် ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုလည်းကောင်း၊ ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခွန်ဝင်းသောင်း၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်တို့အပါအဝင် အဖွဲ့ဝင်၁၅ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်ပြီး ပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ရက်တွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကချင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာ<br>ခွန်ဝင်းသောင်း | ဥက္ကဋ္ဌ |
| ၂။ | ကရင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၂) | ဦးစောယှားဖောင်အွာ | အဖွဲ့ဝင် |
| ၃။ | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁) | ဦးလှဆန်း | ॥ |
| ၄။ | မန္တလေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၅) | ဦးအောင်မျိုးလတ် | ॥ |
| ၅။ | မကွေးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၂) | ဦးခင်ဝင်း | ॥ |
| ၆။ | ရန်ကုန်တိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၂) | ဦးကျော်နိုင် | ॥ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၀) | ဦးတင်မောင်ဝင်း | ॥ |
| ၈။ | ဧရာဝတီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၉) | မန်းတိုးရွှေ | ॥ |
| ၉။ | မွန်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၃) | ဦးခင်ဇော်ဦး | ॥ |
| ၁၀။ | ရခိုင်ပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၁၀) | ဦးကျော်သန်း | ॥ |
| ၁၁။ | ချင်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၆) | ဦးကျင့်ခန့်ပေါင် | ॥ |
| ၁၂။ | တနင်္သာရီတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၂) | ဦးခင်မျိုးဝင်း | ॥ |
| ၁၃။ | ရှမ်းပြည်နယ်<br>မဲဆန္ဒနယ်အမှတ်(၈) | ဒေါ်မမလေး | ॥ |
| ၁၄။ | တပ်မတော်သား<br>ကိုယ်စားလှယ် | ဗိုလ်မှူးဝင်းသိန်း | ॥ |
| ၁၅။ | ပဲခူးတိုင်းဒေသကြီး<br>မဲဆန္ဒနယ်အမှတ်(၁၁) | ဒေါက်တာဝင်းမြင့် | အတွင်းရေးမှူး |

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

**မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။**

## ပြည်တွင်းရေးရာ

❖စာမျက်နှာ ၆မှ

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က အယ်လ်နီညိုရာသီဥတုအကျိုးသက်ရောက်မှုများကြောင့် စိုက်ပျိုးရေနှင့် သောက်သုံးရေအခက်အခဲများကြုံတွေ့လာနိုင်သဖြင့် ရေပြတ်လပ်မှုမရှိစေရန် ဌာနအလိုက် အမျိုးသားရေသိုလှောင်ရေးလုပ်ရှားမှုနှင့် ဆက်နွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျာထား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအခြေအနေ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အယ်လ်နီညိုကြောင့် ကျန်းမာရေးအကျိုးသက်ရောက်မှုအဖြစ် အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်နေမှု၊ ပြည်သူလူထု၏ အပူဒဏ်ကာကွယ်ရေး လုပ်ငန်းများတွင် လိုအပ်သည်များ ပံ့ပိုးနိုင်ရန် ဆောင်ရွက်ထားရှိမှု၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူများအား အသိပညာပေးရေးလုပ်ငန်းများအား ဆောင်ရွက်နေမှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘေးအန္တရာယ်ကြုံတွေ့ရသူများအား လတ်တလောသက်သာချောင်ချိမှုရှိစေရေးအတွက် အထောက်အပံ့ပေးရန်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းအောင် ကြိုတင်စီမံဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့နောက် ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံးက **“မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထုပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးရန်အပြင် ထိရောက်သောကူညီပံ့ပိုးမှုများ အမြန်ဆုံးဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း”** အရေးကြီးအဆိုကိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်၊ အတွင်းရေးမှူးအဖြစ် မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ရေတာရှည် မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင်၊ အတွင်းရေးမှူးအဖြစ် အမရပူရမဲဆန္ဒနယ်မှ ဦးစိုးမြင့်(ခ) ဦးအောင်ဇော်မြင့်တို့ပါဝင်သည့်(၁၅) ဦးစီဖြင့် ဖွဲ့စည်းပြီး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ၁၂ ရက် မြောက်နေ့ကို ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆက်လက်ကျင်းပရန် လျာထားကြောင်း သိရသည်။

**(သတင်းစဉ်)**

## ၂၀၁၆ ခုနှစ် (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အသွင်ကူးပြောင်းရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့အကြား တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် သမ္မတအိမ်တော်၌ ကျင်းပမည့် နိုင်ငံတော်အကြီးအကဲ တာဝန်လွှဲပြောင်းသည့် အခမ်းအနား အစီအစဉ် လျာထားချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြပြီး စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို လာမည့် မတ်လဆန်းအတွင်း နှစ်ဖက် ညှိနှိုင်းကျင်းပရန် သဘောတူညီကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာ အောင်သူတို့ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ယနေ့မြန်မာစံတော်ချိန် ၇ နာရီ ၄၂ မိနစ် စက္ကန့် ၂၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၈ မိုင်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

ရန်ကုန်မြို့ တာမွေမြို့နယ်နေ ဘကြီးအောင်က “အဘက သုံးလွှာမှာနေတာ။ မနက် ၇ နာရီလောက်က သိမ့်ခနဲ တစ်ချက်လှုပ်သွားတယ်။ ငလျင်လှုပ်တယ်ဆိုတာ သိလိုက်တယ်။ တိုက်ပေါ်ကနေ အပြင်လှမ်းကြည့်လိုက်တော့ ငလျင်လှုပ်သွားတယ်ဆိုတာ လမ်းပေါ်ရှိတဲ့ လူတွေပြောနေတာ ကြားလိုက်ရတယ်”ဟုပြောသည်။

“အခုလှုပ်သွားတဲ့ ငလျင်က ကမ်းရိုးတန်းအနီးပင်လယ်ထဲကို ဗဟိုပြုပြီး လှုပ်ခတ်သွားတာ၊ အင်အားအနည်းငယ်ပဲရှိတယ် သိပ်မပြင်းဘူး”ဟု ကမ္ဘာအေးမြေငလျင်စခန်းမှ ဦးစီးအရာရှိ ဦးမျိုးနန္ဒအောင်က ပြောသည်။

ယနေ့ နံနက်ပိုင်းက ဒေးဒရဲမြို့ တောင်-အရှေ့တောင်ဘက်ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့သည့် ငလျင်သည် စစ်ကိုင်းပြတ်ရွေ့ကြောမှဆင်းလာပြီး ပင်လယ်ထဲသို့ ခွဲဖြာထွက်နေသည့် ငလျင်ကြောလေးများထဲမှ တစ်ခုဖြစ်ကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

ဒေးဒရဲမြို့တွင် ၁၉၇၈ ခုနှစ်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်ခဲ့ပြီး ဒေးဒရဲမြို့တွင်းရှိ အဆောက်အအုံအချို့နှင့် ဘုရား၊ ပုထိုး၊ စေတီ အဟောင်းများ ပြိုကျပျက်စီးကာ လူသုံးဦး သေဆုံးသွားကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။

ယခုနှစ် ဇန်နဝါရီ ၁၂ ရက် ည ၉ နာရီခန့်ကလည်း အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုနှင့် နောက်ဆက်တွဲ မြေငလျင်ငယ် သုံးကြိမ် ရန်ကုန်တိုင်းဒေသကြီး လက်ခုပ်ကုန်းအနီး ရန်ကုန်မြစ်ဝကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း ကမ္ဘာအေးမြေငလျင်စခန်းမှ သိရသည်။

**(မင်းသစ်)**

## ရိုးပြတ်တောမီးလောင် အမျိုးသားနှစ်ဦးသေဆုံး

**ရေဦး ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နှင့် မိုင် ၃၀ ခန့်အကွာရှိ ရိုးပြတ်တောတစ်ခု ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခန့်က မီးလောင်ခဲ့ရာမှ ဦးအေး အသက် (၅၂) နှစ် အောင်ကဲ့ဇင်ကျေးရွာနှင့် ဦးချစ်ကြီး အသက် (၇၁) အုတ်ဖိုကျေးရွာနေသူတို့နှစ်ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးမှုနှင့်ပတ်သက်၍ ရေဦးမြို့မရဲတပ်ဖွဲ့က ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**သန်းထိုက်(ရေဦး)**

## မြို့ပြလေကြောင်းလေယာဉ်မှူးသင်တန်း ဖွင့်လှစ်

**ပုသိမ် ဖေဖော်ဝါရီ ၂၃**

မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ပုဂ္ဂလိက လေယာဉ်မောင်းသင်တန်း ဖြစ်သည့် မြန်မာလေကြောင်း အကယ်ဒမီ၏ အမှတ်(၃) မြို့ပြ လေကြောင်း လေယာဉ်မှူးသင်တန်း A Soft Opening Ceremony ကို ပုသိမ်မြို့ ပုသိမ်ဟိုတယ် (Ball Room)၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။







ဖွင့်ပွဲအခမ်းအနားတွင် မြန်မာလေကြောင်းအကယ်ဒမီ ဥက္ကဋ္ဌက MAA ၏ ရည်မှန်းချက်၊ သင်ကြားပို့ချရာတွင် ပေးအပ်မည့် PPL, CPL, ATPL(Frozen) လိုင်စင်သုံးခု ရရှိမည့်အခြေအနေ၊ Pilot တစ်ယောက် ရရှိမည့် အရည်အချင်းများကို ပြောကြားပြီး အမှတ်စဉ်(၃) မြို့ပြလေကြောင်း လေယာဉ်မှူး သင်တန်းသား သင်တန်းသူများ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

**ဌေးအောင်(ကြေးမုံ)**

## ဧရာဝတီမြစ်ရေအခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီမြစ်ရေသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် မြစ်ကြီးနားမြို့၌ ၁၆ နာရီအတွင်း ၁၂ ပေခန့် မြင့်တက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ နှစ်ရက်အတွင်း ငါးပေခန့်ပြန်လည်ကျဆင်းခဲ့ပြီး ဖြစ်သည်။ အဆိုပါမြစ်ရေသည် ဗန်းမော်မြို့တွင် နှစ်ရက်အတွင်း ရှစ်ပေခန့်နှင့် ကသာမြို့တွင် တစ်ရက်အတွင်း သုံးပေခန့်မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

ဧရာဝတီမြစ်အထက်ပိုင်းတွင် မြင့်တက်ခဲ့သော မြစ်ရေများသည် နောက်တစ်ရက်မှ နှစ်ရက်အတွင်း ကသာမြို့တွင် ငါးပေခန့်၊ နောက်နှစ်ရက်မှ လေးရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ငါးပေမှ ခြောက်ပေခန့်နှင့် နောက်ငါးရက်မှ ၁၀ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် လေးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများအတွင်း သွားလာနေကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ် သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

**(ကြေးမုံ)**

# ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ သတင်းထုတ်ပြန်ချက်တစ်စောင်ထုတ်ပြန်

**ရန်ကုန်   ဖေဖော်ဝါရီ   ၂၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ စတုတ္ထအကြိမ် အစည်းအဝေး တတိယနေ့ ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်ကျင်းပခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ စတုတ္ထအကြိမ် တတိယနေ့အစည်းအဝေးသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြီးဆုံးခဲ့သည်။

အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်လူမှုအဖွဲ့မှကိုယ်စားလှယ်များပါဝင်သည့် JMC-U ၏ စတုတ္ထအကြိမ် အစည်းအဝေးအပြီးတွင် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သဘောတူညီမှုများရရှိ၍ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့သည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U)၏ သတင်းထုတ်ပြန်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ**
**ပူးတွဲစောင့်ကြည့်ရေးကော်မတီ**
**စတုတ္ထအကြိမ်အစည်းအဝေး**
**သတင်းထုတ်ပြန်ချက်**

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး မတော်တဆထိတွေ့မှုဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။

၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နယ်မြေဒေသများအတွင်းရှိ ပြည်သူလူထု၏ အသက်၊ အိုးအိမ်နှင့် စည်းစိမ်များအား ထိခိုက်နစ်နာမှုများမရှိစေရန် အောက်ခြေအဆင့်အထိသိရှိအောင် ဆွေးနွေးရှင်းလင်းခြင်းနှင့် ဖြစ်ပွားလာပါကလည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)သဘောတူညီချက်များအတိုင်း ထိရောက်စွာအရေးယူအပြစ်ပေးခြင်းများဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ ရေရှည်တည်တံ့ခိုင်မြဲသော ထာဝရငြိမ်းချမ်းရေးရရှိရန် တည်ဆောက်ဆဲကာလဖြစ်သည့်အတွက် သဘောတူထားသောငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များမှ မသွေဖည်ဘဲ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နေရာ၊ ရန်ကုန်မြို့။**
**ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်။**

# စတုတ္ထအကြိမ် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအစည်းအဝေးမှ တာဝန်ရှိသူတို့ ဆွေးနွေးချက်နှင့် အမြင်များ

**သတင်းအင်တာဗျူး - ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**



**စောအိုင်းဇက်ဖိုး ဒုတိယဥက္ကဋ္ဌ(၁)။**



**ဒေါက်တာရွှေခါးရှိ အတွင်းရေးမှူး(၁)။**



**ဗိုလ်မှူးကြီးဝဏ္ဏအောင် အတွင်းရေးမှူး(၂)။**

**ရန်ကုန်   ဖေဖော်ဝါရီ   ၂၄**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U)၏ စတုတ္ထအကြိမ်အစည်းဝေး တတိယနေ့ဆွေးနွေးပွဲကိုယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)၌ ဆက်လက်ကျင်းပရာ မွန်းလွဲ ၃ နာရီတွင် ပြီးဆုံးခဲ့သည်။

အစည်းအဝေးအပြီးတွင် JMC-U အဖွဲ့ဝင်များနှင့် နိုင်ငံတကာမှအလှူရှင်များသည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC အတွက် ထောက်ပံ့အကူညီပေးရေးအတွက် ဆွေးနွေးခဲ့ကြသည်။

JMC-U ၏ စတုတ္ထအကြိမ်အစည်းအဝေးတွင်သတင်းထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်နိုင်ခဲ့ပြီးအစည်းအဝေးအပြီး JMC-U ၏ အတွင်းရေးမှူးများဖြစ်ကြသော ဒေါက်တာရွှေခါးရှိနှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။

မြန်မာ့သတင်းစဉ်က JMC-U ဒုတိယဥက္ကဋ္ဌ(၁) စောအိုင်းဇက်ဖိုးနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး ဒေါက်တာရွှေခါးရှိနှင့် ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့၏ သတင်းစာရှင်းလင်းပွဲမှ ပြောကြားချက်များအားကောက်နုတ်ဖော်ပြအပ်ပါသည်။

**စောအိုင်းဇက်ဖိုး၊ ဒုတိယဥက္ကဋ္ဌ(၁)**
**ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

ကျွန်တော်တို့ JMC ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်က အတိုင်းအတာတစ်ခုအထိတော့ရှိပါတယ်။ အပြင်မှာ ကျွန်တော်တို့ လုပ်လို့မရတာတွေဘဲ အပေါ်ရောက်သွားတာပါ။ JMC နဲ့ ပတ်သက်တဲ့လုပ်ငန်းအားလုံးတောင် မစတင်နိုင်သေးဘူးလေ။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် JMC-S ဆို ရှမ်းပြည်တစ်ခုပဲဖွဲ့ရသေးတာ။ ရှမ်းပြည်မှာ RCSS/ SSA-S အဖွဲ့ JMC-S ကော်မတီက ထွက်သွားဖို့ ပြောတာကို မထွက်ဘူးဆိုတာက မဟုတ်ပါဘူး။ RCSS/SSA-S ဘက်ကသူတို့ရဲ့နယ်မြေ သူတို့လူတွေရှိတယ်ဆိုပြီး တင်ပြပါတယ်။ ပထမစာချုပ်ချုပ်တုန်းက နည်းနည်းလေး အယူအဆတွေ မတူတာလေးတွေရှိတယ်။ ပြန်ပြီးညှိနှိုင်းတော့ ညှိနှိုင်းတာပေါ့။နောက်တပ်မတော်အနေနဲ့ ရှင်းလင်းသွားမယ်ဆိုတာမဟုတ်ပါဘူး။ နားလည်မှုနဲ့ညှိနှိုင်းမှာပါ။ RCSS/SSA-S က NCA လက်မှတ်ထိုးထားတဲ့အခြေအနေပါ။ အချိန်အတိုင်းအတာလေးပေးပြီး S-Level မှာ နားလည်မှုယူရင် ပြီးသွားမယ့်အခြေအနေပါ။ အခြေအနေ အကန့်အသတ်ခဏစောင့်ပေးဖို့ပါ။

အခု ပဲခူး၊ ကရင်နဲ့ ရှမ်းတွေမှာဖြစ်တဲ့ကိစ္စတွေကို JMC အနေနဲ့ အရေးယူမလားမေးရင်အရေးယူလို့ ရနိုင်တဲ့ အနေအထားလေးတွေတော့ မရှိသေးပါဘူး။ ကျွန်တော်တို့ JMC က အတိအကျဖွဲ့စည်းလို့ မရသေးပါဘူး။ နောက် ကျွန်တော်တို့ အောက်ခြေတွေကိုချပြဖို့နဲ့ သူတို့နားလည်ဖို့ ကလည်းအရေးကြီးနေတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် JMC-S တနင်္သာရီမှာ ဆက်ဖွဲ့မယ်။ လိုအပ်ချက်တွေရှိရင်လည်း ဒါတွေအပေါ်မှာ ပြန်ပြီးတော့သုံးသပ်ရမှာပါ။

ကရင်မှာဖြစ်တဲ့ ကိစ္စကလောလောဆယ် ကျွန်တော်တို့ဘက်မှာ အရင်ကတည်းက ကိုယ့်နယ်မြေနဲ့ကိုယ် ရှိခဲ့တာဆိုတော့ အခုအချိန်မှာ နယ်မြေကအတိအကျခွဲခြားလို့ မရသေးပါဘူး။ ကျွန်တော်တို့လည်း ကိုယ့်အုပ်ချုပ်ရေးနဲ့ ကိုယ်ရှိတယ်လေ။ ဖြစ်တဲ့ပုံက သစ်လာခိုးတဲ့ကိစ္စပါ။သစ်အမှုထမ်းတွေက ပိတ်ပင်ပြီးတာကိုဖမ်းတာ။ တစ်ဖက်က ကြည့်ရင်ဖမ်းတဲ့ပုံ ထင်ရပေမယ့် ရွာလူကြီးကထောက်ခံစာနဲ့ ပြန်လွှတ်ပေးတာတော့ရှိပါတယ်။ ကိုယ့်ရဲ့ဥပဒေနဲ့၊ ကိုယ့်အုပ်ချုပ်မှုနဲ့ဆိုတော့ နားလည်မှုလွဲတာတော့ရှိနိုင်တယ်။ ချက်ခြင်းကြီးပြောင်းဖို့ကတော့ မလွယ်သေးဘူး။ ဒါတွေကိုလည်းညှိနှိုင်းစရာရှိညှိနှိုင်းမယ်။ JMC အနေနဲ့ အကောင်အထည်ဖော်မယ်။

**ဒေါက်တာရွှေခါးရှိ၊ အတွင်းရေးမှူး(၁)**
**ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

စတုတ္ထအကြိမ် JMC-U အစည်းအဝေးကို ကျွန်တော်တို့ သုံးရက်တာလုပ်ခဲ့ပါတယ်။ ဒီတစ်ခေါက်ဆွေးနွေးတဲ့ ကိစ္စက JMC ကော်မတီအဆင့်ဆင့်ကို အထောက်အကူပြုမယ့် ရုံးအဖွဲ့တွေရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်ကိုဆွေးနွေးတယ်။ ရုံးမှာ တာဝန်ထမ်းဆောင်မယ့် အကြီးအကဲကဏ္ဍကိုလည်း ဆွေးနွေးတယ်။ NCA လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ဖြစ်နေတဲ့ဖြစ်စဉ်တွေကို ဆွေးနွေးတာလည်းရှိတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်ကော်မတီဖွဲ့ဖို့ ဆွေးနွေးတာရှိတယ်။ လုပ်ငန်းမြန်မြန်ဆန်ဆန်ဆောင်ရွက်ဖို့ ဒီနေ့မှာ အလုပ်အဖွဲ့ကိုဖွဲ့ပါတယ်။ ၁၂ ယောက်နဲ့ပါ။ မတ်လအထိ ဆောင်ရွက်မှာပါ။ စတုတ္ထအကြိမ် အစည်းအဝေးနဲ့ ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်တစ်ခု လုပ်နိုင်ပါတယ်။

ကျွန်တော်တို့ JMC မှာကတော့အားလုံးသိတဲ့အတိုင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်(NCA) လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေနဲ့ပဲ သက်ဆိုင်မှုရှိပါတယ်။ ကျွန်တော်တို့ အပစ်ရပ်စဲရေးစာချုပ် Code of Conduct ထဲမှာပါတာက ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်ဖို့အတွက်လည်း ပါပါတယ်။ ဒါကြောင့် ဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူတွေကို ထိခိုက်နစ်နာမှုမရှိအောင် ဘယ်လိုလုပ်မလဲဆိုတာ ကျွန်တော်တို့ သုံးပွင့်ဆိုင်ဆွေးနွေးဖြစ်တယ်။ အစိုးရဘက်ကကော၊ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တွေဘက်ကကော ပြည်သူတွေကို ထိခိုက်နစ်နာမှုမရှိဖို့ ဆောင်ရွက်မယ်ဆိုပြီး သဘောတူထားတာရှိပါတယ်။ ကျွန်တော်တို့ ဒီနေ့သတင်းကြားတာကတော့ ပြင်းပြင်းထန်ထန်ဖြစ်နေတဲ့နေရာတွေကနေ RCSS က ရှောင်ပေးလိုက်ကြတယ်လို့ ကြားရပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-U) အနေနဲ့က ချိုးဖောက်မှုခံရတယ်။ တိုင်ကြားတယ်ဆိုရင် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို စေလွှတ်ပြီး အတည်ပြုမယ်။ သူတို့ရဲ့တွေ့ရှိချက်ကို အစီရင်ခံစာပို့မယ်။ အဆင့် သုံးမျိုးသတ်မှတ်ခွဲခြားထားတယ်။ သာမန်ကနေ ထူးခြားချက်အခြေအနေအထိပါ။ အဲ့ဒီအပေါ်မှာ စိစစ်အတည်ပြုပြီး အရေးယူမယ်။ လက်ရှိတိုင်ကြားထားတာတော့ မရှိသေးဘူး။ ချိုးဖောက်မှုသွားပြီး စစ်ဆေးတာထက် ပုံမှန်စောင့်ကြည့်ဖို့လိုတယ်။ ကော်မတီအဆင့်ဆင့်မှာ စောင့်ကြည့်တာမျိုးလုပ်ရမယ်ဆိုတဲ့အရာကို JMC ကော်မတီအသီးသီးမှာလုပ်ဖို့ထည့်ထားပါတယ်။

**ဗိုလ်မှူးကြီးဝဏ္ဏအောင်၊ အတွင်းရေးမှူး(၂)**
**ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

ရှမ်းပြည်မြောက်ပိုင်းဖြစ်စဉ်ကအခု JMC-U အစည်းအဝေးမှာပဲအားလုံးစုပြီးဆွေးနွေးကြတယ်။ဆွေးနွေးတာကတော့ RCSS/SSA-S ပါ။ TNLA နဲ့ထိတွေ့မှုလေးတွေဖြစ်တာရှိပါတယ်။ တပ်မတော်နဲ့ ထိတွေ့မှုမရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ကတော့ အကုန်တိုင်းရင်းသားတွေဆိုတော့ TNLA အဖွဲ့ကိုလည်း ပလောင်အုပ်ချုပ်ခွင့်ရဒေသပေးထားပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ သူတို့အနေနဲ့ အုပ်ချုပ်ခွင့်ရဒေသမှာပဲနေဖို့၊ နယ်မြေတွေကျော်ပြီးလှုပ်ရှားသွားလာတဲ့အတွက် တိုက်ပွဲဖြစ်တာတွေရှိပါတယ်ဆိုတာကိုဆွေးနွေးပါတယ်။ RCSS အဖွဲ့အနေနဲ့လည်း ထွက်သွားဖို့ပြောကြားပါတယ်။ တိုက်ပွဲမဖြစ်ပါဘူး။ ပြည်သူကို မထိခိုက်စေချင်လို့၊ ထိခိုက်မှာစိုးလို့ ထွက်သွားပေးဖို့ပြောတာပါ။

JMC-S ကိုရှမ်းပြည်မှာဖွဲ့ပြီးတော့ ထိတွေ့မှုမရှိတော့အောင်ထိန်းနိုင်ပါတယ်။ နောက်အဲ့ဒီမှာတစ်လတစ်ကြိမ် အစည်းအဝေးတွေ အကောင်အထည်ဖော်ဆောင်နေပါတယ်။ မြေပြင်တပ်မှူးချင်း ထိတွေ့မှုတွေများလာတဲ့အတွက် ငြိမ်းချမ်းရေးအတွက် တိုးတက်မှုရှိလာတာတွေသိရပါတယ်။ မနက်ဖြန်ဖေဖော်ဝါရီ ၂၅ ရက်နေ့မှာ တနင်္သာရီကိုသွားပြီး JMC-S ဖွဲ့မယ်။နောက်မော်လမြိုင်မှာဖွဲ့မယ်။သူကတော့ ဧပြီလောက်မှ ဖြစ်မယ်။

# စာပေဗိမာန်စာမူဆု(၂၀၁၅)ပြိုင်ပွဲ ဘာသာပြန်စာမူဆုအတွက် ဘာသာပြန်ရမည့် စာအုပ်ပြဌာန်း

**ရန်ကုန်   ဖေဖော်ဝါရီ   ၂၄**

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာပြန်စာမူဆုအတွက် Editor Tapan Biswal တည်းဖြတ်သည့် "GOVERNANCE & CITIZENSHIP" စာအုပ်မှ "Governance" "Citizenship" "The Concept of Good Governance"နှင့် "Rights and Obligations of Citizens and Civic Culture" အခန်းလေးခန်းကို ထုတ်နုတ် ပြဌာန်းလိုက်သည်။ ယင်းပြဌာန်းစာအုပ်ကို ရန်ကုန်မြို့ ကုန်သည်လမ်းအမှတ်(၅၂၉-၅၃၁) စာပေဗိမာန် အရောင်းဆိုင်တွင် တန်ဖိုးငွေကျပ် ၅၅၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်ရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာလက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်တွင် ကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၁၇၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ စာပေဆုများအုပ်ချုပ် ထောက်ပံ့မှုကော်မတီ စာပေဗိမာန်ရုံး အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၇၆၅၆၉၊ ၀၁-၃၈၁၄၄၉ တို့သို့ လိပ်မူ၍ မှာယူနိုင်သည်။

ဘာသာပြန်စာမူကို ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဦးစီးအရာရှိ(စီမံ)စီမံရေးရာဌာနစု စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

## ပြည်တွင်းရေးရာ

# မင်းတပ်မြို့ မီးဘေးသင့် မြို့မစည်ပင်ဈေးဆိုင်ခန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

မင်းတပ် ဖေဖော်ဝါရီ ၂၄

ဖေဖော်ဝါရီ ၂၃ ရက်က ချင်းပြည်နယ် မင်းတပ်မြို့နယ် မြို့မစည်ပင်ဈေးတွင် ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် ဈေးဆိုင်ခန်း ၄၁ ခန်း မီးလောင်ပျက်စီးဆုံးရှုံးမှုများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းနှင့် ကမ္ဘောဇဘဏ် လီမိတက်၊ ပခုက္ကူဘဏ်ခွဲမှ အရာထမ်း၊ ဝန်ထမ်းများသည် မင်းတပ်မြို့သို့ သွားရောက်ပြီး မီးဘေးသင့်ဆိုင်ခန်းများအတွက် ဆိုင်ခန်းတစ်ခန်းလျှင် ငွေသားကျပ် နှစ်သိန်းနှုန်းဖြင့် ဆိုင်ခန်း ၄၁ ခန်းအတွက် စုစုပေါင်း ငွေကျပ် ၈၂ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ထို့အပြင် ဖေဖော်ဝါရီလအတွင်း မီးလောင်မှုဖြစ်ပွားခဲ့သော ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နှင့် တနင်္သာရီတိုင်းဒေသကြီး ကျောက်ကာရွာများတွင်လည်း အလှူငွေကျပ် ၄၄၅၄ သိန်းတန်ဖိုးရှိ ငွေနှင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ သောက်ရေသန့်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**



### ❐ (၆၉)ကြိမ်မြောက်မှ

စတင်တည်ထောင်ခဲ့သော တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ကို မွန်အမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့ကြသည့် အထိမ်းအမှတ်အဖြစ် တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ရောက်တိုင်း ကမ္ဘာတစ်ဝန်းလုံးရှိ မွန်လူမျိုးရှိရာ ဒေသတိုင်းတွင် မွန်အမျိုးသားနေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၆၉) ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

မွန်တိုင်းရင်းသားတို့သည် ဘီစီ ၂၀၀၀၊ လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက မြန်မာနိုင်ငံအတွင်း ရောက်ရှိလာကြပြီး မြန်မာနိုင်ငံအနှံ့အပြား နေထိုင်ခဲ့ကြကြောင်း သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ရေးသားသည့် ခေတ်ဟောင်းရာဇဝင်စာအုပ်မှ သိရသည်။

ဘာသာ သာသနာအရာတွင်လည်း မြန်မာနိုင်ငံ၏ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော ရွှေတိဂုံစေတီတော်ကြီး တည်ထားကိုးကွယ်ရန် မွန်ညီနောင်နှစ်ဦးဖြစ်သော တဖုဿနှင့် ဘလ္လိက ညီနောင်နှစ်ပါးက မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူကို သယ်ဆောင်လာခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။

စာပေယဉ်ကျေးမှုအရလည်း မွန်ပညာရှိများက အေဒီ (၅) ရာစုခန့်က အိန္ဒိယတောင်ပိုင်းမှ ပလ္လဝ အက္ခရာကိုအခြေခံပြီး ကိုယ်ပိုင်စာပေကိုယ်ပိုင်အက္ခရာအဖြစ် တီထွင်အသုံးပြုခဲ့ကြကြောင်း၊ ပုဂံခေတ်ကျောက်စာများပေါ်ရှိ စာပေများကို လေ့လာခြင်းအားဖြင့် မွန်လူမျိုးတို့၏ စာပေအဆင့်အတန်း ခိုင်မာမှုကိုတွေ့မြင်နိုင်ကြောင်း အဆိုပါအခမ်းအနားမှသိရသည်။

မွန်စာပေနှင့် ယဉ်ကျေးမှု၊ အနုသုခုမဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်းသွားရန်နှင့် မျိုးဆက်သစ်များအား လက်ဆင့်ကမ်းပေးသွားရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်ဖြစ်သည့်အတွက် မွန်လူမျိုးတို့၏ တေးဂီတ တူရိယာပစ္စည်းများ ပြသထားသည့်အပြင် ရိုးရာအဝတ်အထည်များ၊ အသုံးအဆောင်များ၊ စားသောက်ဖွယ်ရာ ရောင်းချသည့် ဆိုင်ခန်းများတွင် ဝယ်ယူသူ၊ ကြည့်ရှုသူများဖြင့် စည်ကားခဲ့သည်။

"တူရိယာပစ္စည်းတွေထဲမှာ ထူးခြားတာက မိကျောင်းနဲ့ ကြေးမောင်းပဲ။ မိကျောင်းတူရိယာက ကြိုးနှစ်ချောင်းတပ်ထားတယ်။ တီးခတ်ရင်အသံစုံ ထွက်တယ်။ ကြေးမောင်းက အထက်ကနေအောက်အထိ အသံစုံပါတယ်။ အဲဒါ မွန်လူမျိုးတွေရဲ့ အထင်ကရပစ္စည်းပဲ"ဟု မွန်တူရိယာပစ္စည်းများနှင့်ပတ်သက်၍ မွန်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့နာယက မိကွန်ချစ်ချစ်က ရှင်းပြခဲ့သည်။

(၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့အခမ်းအနားတွင် မွန်လူမျိုးတို့ သိမ်မွေ့ယဉ်ကျေးစွာ ခေတ်အဆက်ဆက်ဝတ်ဆင်လာခဲ့သည့် ရိုးရာဝတ်စုံများကို စင်မြင့်ထက်တွင် ဝတ်ဆင်ပြသခဲ့သည့်အပြင် မွန်တိုင်းရင်းသား တိုင်းရင်းသူလေးများ၏ ရှေးခေတ်နှစ်ပါးသွားအကအလှများ ယိမ်းအကဖျော်ဖြေမှုများနှင့် မွန်ပြည်နယ်မှ နာမည်ကျော်ဇာတ်အဖွဲ့ နိုင်ငံတော်ရွှေတံဆိပ် နှစ်ဆုရှင် ဆာန်ညီဆာန် မွန်ဇာတ်အဖွဲ့က သစ္စာရှိသော မွန်သူရဲကောင်း လဂွန်းအိမ်တစ်ခန်းရပ်ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ရာ ကြည့်ရှုသူများကို အကြိုက်တွေ့စေခဲ့သည်။

"ရန်ကုန်မြို့မှာနေတဲ့ မွန်အမျိုးသားတွေကို တစ်နေရာတည်းမှာ တစုတစည်းနဲ့ တစည်းတလုံးတည်းဖြစ်အောင် တွေ့စေချင်တဲ့ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ တစ်ယောက်နဲ့တစ်ယောက် အမြဲထိတွေ့နေမှ ဆုံစည်းနေမှ မျိုးချစ်စိတ်ဓာတ်တွေ ထက်သန်လာမယ်၊ စည်းလုံးချစ်ခင်မှု ပိုရမယ်လေ။ ဒါကြောင့် တစ်နှစ်တစ်ခါ ဆုံဆည်းဖြစ်အောင်လုပ်တာပါ"ဟု (၆၉) ကြိမ်မြောက် မွန်အမျိုးသားနေ့ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဖေတင်က ပြောသည်။

တပို့တွဲလပြည့်ကျော် ၁ ရက်နေ့ ညအချိန် ပြည်သူ့ရင်ပြင်အတွင်းရှိ မွန်အမျိုးသားနေ့ကျင်းပရာ အခမ်းအနားသို့ မွန်တိုင်းရင်းသား တိုင်းရင်းသူများက ရိုးရာယဉ်ကျေးမှုဝတ်စုံများ ဝတ်ဆင်ပြီး ပျော်ရွှင်စွာဆင်နွှဲနေကြသည့်အပြင် အခြားတိုင်းရင်းသားများကလည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်ကို တွေ့မြင်ခဲ့ရသည့်အတွက် တိုင်းရင်းသားများ ပေါင်းစုစည်းသည့်ပွဲဟု ဆိုရမလိုပင်ဖြစ်သည်။

# ရန်ကုန်တိုင်းဒေသကြီးတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ခွင့်ကတ်ပြားများ ယနေ့စတင်ထုတ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တင်ထားကြသော ကျောင်းသား ကျောင်းသူများကို ယနေ့မှ စတင်၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို သက်ဆိုင်ရာစာဖြေဌာနများတွင် ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ထိုသို့ စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ပေးနေမှုနှင့်စပ်လျဉ်း၍ မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်အေးက "မိမိ ဘယ်ကျောင်းမှာ ဖြေဆိုရမယ်ဆိုတာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးတွေမှာ ကပ်ထားတယ်။ သွားကြည့်ပြီး ပြင်ပဖြေဆိုသူတွေက မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ငွေသွင်းချလန်တွေ ယူသွားရမယ်။ ကျောင်းတက်ဖြေဆိုသူတွေကို မိမိတို့ သက်ဆိုင်ရာကျောင်းတွေက စီစဉ်ပေးတယ်။ အခု ဆရာကြီးတို့ကျောင်းမှာ ကျောင်းတက်ဖြေဆိုမယ့်သူ ၈၉၀၊ ပြင်ပ ဖြေဆိုသူ ၃၁၀ စုစုပေါင်း ၁၂၀၀ စာရင်းပေးထားတယ်။ အခု လက်ရှိအထိ ၅၁ ဦး လာရောက်ထုတ်ယူပြီး ဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် ခရိုင်လေးခရိုင်၊ မြို့နယ် ၄၄ မြို့နယ်၌ စာစစ်ဌာန ၂၁၅ ခု ရှိရာ ကျောင်းတက်ဖြေဆိုသူ ၆၅၀၃၀၊ ပြင်ပဖြေဆိုသူ ၄၄၁၃၅ ဦး စုစုပေါင်းဖြေဆိုမည့်သူ ၁၀၉၁၆၅ ဦးရှိရာ ဖေဖော်ဝါရီ ၂၄ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်တင်ထားကြသော ကျောင်းသား ကျောင်းသူများအား ဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာကျောင်းများတွင် ထုတ်ပေးလျက်ရှိသည်။

"ကျွန်တော်က အပြင်ဖြေဆိုတော့ မြို့နယ်ပညာရေးမှူးရုံးမှာ ချလန်ပြပြီး ချလန်ပေါ်မှာ ဖြေဆိုရမယ့်ကျောင်းနဲ့ ခုံနံပါတ်ကို ရေးပေးလိုက်တယ်။ အဲဒီကျောင်းမှာ စာမေးပွဲဖြေဆိုခွင့်ကတ်ကို သွားထုတ်ရတယ်"ဟု စာမေးပွဲ ဖြေဆိုမည့်သူ မောင်အုပ်စိုးခန့်က ပြောသည်။

ထိုသို့ ထုတ်ပေးရာတွင် ပြင်ပဖြေဆိုသူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၌ မှတ်ပုံတင်၊ အိမ်ထောင်စုစာရင်း၊ ငွေသွင်းချလန်ပြ၍ ငွေသွင်းချလန်တွင် ဖြေဆိုမည့်ကျောင်း၊ ခုံနံပါတ်ရေးသွင်းပြီး ဖြေဆိုရမည့် ကျောင်းများ၌ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူနိုင်ကြောင်း သိရသည်။

**(ရီရီမြင့်၊ ဥမ္မာသန့်)**

# ညောင်ဦးတွင် ယွန်းထည်အရောင်းဆိုင် မီးလောင်မှုဖြစ်ပွား

**ညောင်ဦး ဖေဖော်ဝါရီ ၂၄**

ညောင်ဦးမြို့ အမှတ်(၅)နယ်မြေ စည်ပင်သာယာရပ်ကွက် ညောင်ဦးမှ ပုဂံမြို့ဟောင်းသွားလမ်းဘေးရှိ ဦးမြင့်ကျော်ဦးပိုင်ဆိုင်သည့် မြင့်ယွန်းထည်အရောင်းဆိုင်တွင် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီ ၅ မိနစ်က ဒစ်ဂျစ်တယ် လျှပ်စစ်မီးဖိုဖြင့် နွားနို့ကျိုရာမှအပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ညောင်ဦးခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် ခြောက်စီး၊ ပုဂ္ဂလိကရေသယ်ယာဉ် နှစ်စီးတို့နှင့်အတူ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရှိ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့်တို့က အဆိုပါ ယွန်းထည်အရောင်းဆိုင်မှတစ်ဆင့် အခြားနေအိမ်နှင့် ဆိုင်ခန်းများသို့ မီးမကူးဆက်နိုင်ရေး၊ မီးလုံးဝငြိမ်းသတ်နိုင်ရေးအတွက် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရာ ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ပေ (၄၀×၈၀) ပေ သွပ်မိုးအုတ်ကာအုတ်ခင်း အဆောက်အအုံဆိုင်ခန်းတစ်ခန်းနှင့် ဆိုင်အတွင်း ယွန်းထည်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ပြီး လူ၊ တိရစ္ဆာန်သေဆုံးခြင်းမရှိကြောင်း သိရသည်။

ယင်းမီးလောင်မှုနှင့် ပက်သက်၍ မီးပေါ်ဆစ္စာသုံးစွဲသူ ဦးမြင့်ကျော်ဦးအား သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**

# သဘာဝဘေးလျော့ပါးရေး ဆင့်ပွားသင်တန်းဖွင့်

ပဲခူး ဖေဖော်ဝါရီ ၂၄

သဘာဝဘေးလျော့ပါးရေးစေတနာ့ဝန်ထမ်း လူငယ်ဆင့်ပွားသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက သဘာဝဘေးအန္တရာယ်ကို မတားဆီးနိုင်သော်လည်း ဖြစ်လာလျှင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းအောင်၊ လူအသေအပျောက်နည်းပါးအောင်၊ အိုးအိမ်၊ အဆောက်အအုံနှင့် လူမှုစီးပွားရေးလုပ်ငန်းများ အပျက်အစီးနည်းပါးအောင် ဆောင်ရွက်သည့် တစ်ခုတည်းသော နည်းလမ်းမှာ ကြိုတင်ပြင်ဆင်မှုပဲဖြစ်ကြောင်း၊ ယခုအသိပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်းမှာလည်း သဘာဝဘေးကြိုတင်ကာကွယ်ရေးအတွက် အခြေခံအကျဆုံး ကြိုတင်ပြင်ဆင်မှုပဲဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်က အဆိုပါသင်တန်းသည် ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်တို့မှ စေတနာ့ဝန်ထမ်းလူငယ် ၃၀ တို့ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ဘာသာရပ်အနေဖြင့် သင်တန်းတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဘာသာရပ်များ ပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အာမခံလုပ်ငန်းအသိပညာပြန့်ပွားရေး ဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၂၄

မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော အာမခံလုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပြန့်ပွားရေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ရှမ်းပြည်နယ် တောင်ကြီးပညာရေးကောလိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့အာမခံလုပ်ငန်း ရှမ်းပြည်နယ်ရုံး(တောင်ကြီး) ပြည်နယ်တာဝန်ခံ ဒေါ်ရီရီမြက မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသော ပြည်သူ့ဝန်ထမ်းအသက်အာမခံ၊ ကျန်းမာရေးအာမခံ၊ မီးအာမခံ၊ သူတစ်ပါးထိခိုက်မှုအာမခံနှင့် ခရီးသွားအာမခံလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မုန်တိုင်ကျေးရွာရှိ ရှေးဟောင်းဘုရားစေတီများ စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်လျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မုန်တိုင်ကျေးရွာတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းမှ ရှေးဟောင်းဘုရားစေတီများတည်ရှိပြီး ယခုအခါ ၎င်းစေတီများတွင် ညောင်ပင်၊ တမာပင် အပင်ပေါက်ငယ်များနှင့် ချုံနွယ်များ ပေါက်ရောက်လျက်ရှိပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

"မုန်တိုင်ကျေးရွာမှာ ရှေးဟောင်းဘုရားစေတီ စုစုပေါင်း ၇၂ ဆူလောက်ရှိပါတယ်။ ကျေးရွာရဲ့တောင်ဘက်မှာ တစ်စု၊ ကျေးရွာအလယ်မှာတစ်စု၊ ကျေးရွာ အရှေ့ဘက် (မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမအနီး) မှာတစ်စု စေတီဘုရားတွေက သုံးစုကွဲပြီးတော့ တည်ရှိနေတာ။ အရင်တုန်းကတော့ ရှေးဟောင်းယဉ်ကျေးမှုဌာနက စေတီတွေကို အမှတ်စဉ်တွေနဲ့ မှတ်တမ်းတင်ထားတာရှိတယ်။ အခုတော့ ထိန်းသိမ်းစောင့်ရှောက်မှု မရှိသလောက်ဖြစ်နေတော့ စေတီဘုရားတွေပေါ်မှာ ညောင်ပင်ပေါက်ငယ်တွေ၊ တမာပင်ပေါက်ငယ်တွေနဲ့အတူ ချုံနွယ်တွေလည်း ပေါက်ရောက်နေတယ်။

ဦးဇင်းနဲ့ရွာသားတွေက တတ်နိုင်သလောက် အခါအားလျော်စွာ အဲဒီအပင်ပေါက်တွေကို ရှင်းလင်းပေမယ့် အပင်ပေါက်အားလုံးကို မသတ်နိုင်ဘူးဖြစ်နေတယ်။ ဦးဇင်းသီတင်းသုံးတဲ့ မုန်တိုင်ကျောင်းတိုက်အတွင်းမှာရှိတဲ့ မုန်တိုင်အုတ်ကျောင်းအပါအဝင် ရှေးဟောင်းဘုရားစေတီတွေမှာ ကပ်ပေါက်နေတဲ့အပင်ပေါက်တွေကို သတ်ဖို့ အပင်သတ်ဆေး(ပေါင်းသတ်ဆေး)ရှိတယ် ပြောတယ်။ အဲဒါကို ဦးဇင်းတို့အနေနဲ့ ဝယ်ယူပြီးတော့ ဆောင်ရွက်ချင်ပေမယ့် အဆက်အသွယ်မရှိတော့ ဘယ်လိုဝယ်ရမှန်းမသိဘူးဖြစ်နေတယ်။ ကိုယ့်ရပ်ရွာဒေသမှာရှိတဲ့ ရှေးဟောင်းစေတီဘုရားတွေကို တတ်နိုင်သမျှ ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ချင်တယ်"ဟု မုန်တိုင်အုတ်ကျောင်း ဆရာတော်ဘဒ္ဒန္တကုမာရက မိန့်ကြားသည်။

မုန်တိုင်ကျေးရွာတွင် တည်ရှိသည့် ရှေးဟောင်းဘုရားစေတီများမှာ ကုန်းဘောင်ခေတ်နှောင်းပိုင်း ဘုရားစေတီများဖြစ်သည်ဟု လာရောက်လေ့လာသူများက မှတ်ယူကြပြီး အင်းဝမြို့ဟောင်းရှိ မယ်နုအုတ်ကျောင်းမှာ မိတ္ထီလာ မုန်တိုင်ကျေးရွာရှိ အုတ်ကျောင်းအား ပုံစံတူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။



မုန်တိုင်ကျေးရွာရှိ ရှေးဟောင်းဘုရားစေတီများအား စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ပြီး ခရီးသွားဒေသတစ်ခုအဖြစ် ဖော်ဆောင်ပါက မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလာပြီး ဒေသခံကျေးရွာနေပြည်သူများလည်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် ဦးခေါင်းဒဏ်ရာ ခွဲစိတ်ရန်မလိုဘဲ ဆေးထိုးကုသရန် သုတေသနပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာနိုင်ငံရှိ ဦးခေါင်းပိုင်းထိခိုက်ဒဏ်ရာရရှိသူများကို ပိုမိုကောင်းမွန်သော ဆေးကုသမှုများပေးနိုင်ရန် နိုင်ငံတကာပူးပေါင်း လေ့လာစမ်းသပ်မှု (International Trail) တစ်ခုတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသမှုဌာနမှ သိရသည်။

အဆိုပါ လေ့လာစမ်းသပ်မှုကို အရေးပေါ်ဆေးပညာဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာဇော်ဝေစိုးနှင့် ဦးနှောက်နှင့်အာရုံကြော ခွဲစိတ်ကုဌာန ပါမောက္ခ/ဌာနမှူး ဒေါက်တာမြတ်သူတို့၏ထောက်ခံမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် မတ်လတွင် ခွင့်ပြုခဲ့ပြီးဖြစ်သည်။ ထိုလေ့လာစမ်းသပ်မှုကို အရေးပေါ်ဆေးပညာဌာန နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ခံဆရာဝန် ဒေါက်တာသန်းလတ်အောင်နှင့် အဖွဲ့က ၂၀၁၅ ခုနှစ် ဧပြီလမှ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လေ့လာစမ်းသပ်မှု၏အမည်မှာ (CRASH-3 TRIAL) Clinical Ramdonisation of an Antifibrinolytic in Significant Head Injury ဖြစ်ပြီး ဆေးအမည်မှာ Tranexamic Acid ဖြစ်သည်။ ယင်းဆေးမှာ ဦးနှောက်အတွင်း သွေးယိုစိမ့်မှုလျော့ချခြင်း(သို့မဟုတ်) တားဆီးပေးနိုင်မည့်ဆေးဖြစ်ကြောင်း သိရသည်။



ဒေါက်တာ သန်းလတ်အောင်

အဆိုပါ (CRASH-3 TRIAL) ဦးနှောက်ပိုင်းထိခိုက်ခြင်းအတွက် သုတေသနပြုစမ်းသပ်မှုကို နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုဌာနက မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နေရှင်နယ်စင်တာ ဆေးရုံကြီးအဖြစ် လေ့လာစမ်းသပ်မည်ဖြစ်သည်။

ယခုအခါ အဆိုပါစမ်းသပ်မှုကို နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးတွင် လူနာပေါင်း ၉၀ ကျော်ကို စမ်းသပ်ကုသခဲ့ပြီး သုတေသနပြုလုပ်ရာ ဌာနစင်တာအမှတ်စဉ်မှာ ၁၉၈ ဖြစ်သည်။ Tranexamic Acid ဟုခေါ်သည့်ဆေးတစ်မျိုးထိုးသွင်း၍ ဦးခေါင်းပိုင်းဒဏ်ရာရရှိထားသော လူနာ၏အခြေအနေ တိုးတက်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လေ့လာရန် ယင်းစမ်းသပ်မှုကို လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ကုသမှုတွင် ပါဝင်နိုင်သော လူနာသည် ဦးခေါင်းပိုင်း ထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်ပြီး အသက်(၁၈)နှစ်အထက်နှင့် ဦးခေါင်းဒဏ်ရာ ရရှိသည့်အချိန်မှ သုံးနာရီအတွင်း ဆေးကုသမှုစင်တာသို့ ရောက်ရှိနိုင်ရမည်ဖြစ်ကြောင်း၊ လူနာအနေဖြင့် စမ်းသပ်မှုတွင် ပါဝင်မှု၊ အကျိုးဆက်ကြောင့် ဆေးရုံတွင် အချိန်ပိုနေရမည်ဖြစ်ကြောင်း လေ့လာစူးစမ်းဆေးကုသမှုအတွက် အခကြေးငွေပေးရန် မလိုအပ်ကြောင်း နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဆေးကုသဌာနမှ ဒေါက်တာသန်းလတ်အောင်ထံမှ သိရသည်။

ယင်းကုထုံးသစ်အတွက် စမ်းသပ်မှုကုန်ကျစရိတ်အားလုံးကို ဆေးထုတ်လုပ်သည့်ကုမ္ပဏီမှ ထောက်ပံ့ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံတကာလူထုနှင့် အဖွဲ့အစည်းများက ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ယင်းစမ်းသပ်မှုကို လန်ဒန်တက္ကသိုလ်ရှိ လန်ဒန်တစ်ကိုယ်ရေ ကျန်းမာရေးနှင့် အပူပိုင်းဒေသဆေးပညာဆိုင်ရာကျောင်း LSHTM မှ ဆရာဝန်များနှင့် စမ်းသပ်လေ့လာရေးအဖွဲ့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Tranexamic Acid သည် ဆေးအသစ်တစ်မျိုးမဟုတ်ဘဲ ခွဲစိတ်မှုပြုလုပ်ပြီးနောက် သွေးထွက်ခြင်းလျော့ကျရန် နှစ်များစွာသုံးစွဲလာခဲ့ပြီး မကြာသေးမီကလည်း အခြားသော ပြင်းထန်သည့်ဒဏ်ရာများကို ကုသရန် အသုံးပြုခဲ့ရာ အဆိုပါဆေးသည် သွေးထွက်လွန်မှုကို ထိန်းချုပ်ပေးသည့် သွေးထုံးလေးများ ပျက်စီးခြင်းကို ရပ်တန့်အောင်လုပ်ဆောင်ပေးနိုင်ကြောင်း သိရသည်။

"ကျွန်တော်တို့ မျှော်လင့်တဲ့အတိုင်း သုတေသနအောင်မြင်ခဲ့ရင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေနဲ့ရော မြန်မာနိုင်ငံအနေနဲ့ပါ ဦးခေါင်းဒဏ်ရာရတဲ့သူတိုင်း ဦးနှောက်နဲ့အာရုံကြောခွဲစိတ်ဌာနကို သွားစရာမလိုတော့ဘူး။ တချို့လူနာတွေဆိုရင် နယ်မှာတင် ဆေးထိုးပြီး ကုသလို့ရမှာဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့ဒေသတွေမှာ ဦးနှောက်ဒဏ်ရာရတဲ့လူနာတွေလည်း မြို့ပေါ်ကို လာစရာမလိုတော့ပါဘူး။ နယ်မှာတင် ဆေးထိုးပြီး ကုသလို့ရနိုင်တယ်။ လေဖြတ်တဲ့ လူနာအတွက်တော့ မရပါဘူး။ ထိခိုက်ဒဏ်ရာအတွက်ပါပဲ"ဟု အဆိုပါ သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာ သန်းလတ်အောင်က ပြောသည်။

ဆက်လက်ပြီး နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ် ဦးခေါင်းဒဏ်ရာရရှိပြီး ကုသမှုခံယူရန် ရောက်ရှိလာသည့် လူနာသည် ၁၀ ဦးခန့်ရှိပြီး သုတေသနစမ်းသပ်မှုတွင်ပါဝင်သောလူနာဦးရေမှာ တစ်လလျှင် ငါးဦးမှ ၁၀ ဦးအထိရှိကာ ယခုလာမည့် ဒီဇင်ဘာလတွင် ယင်းသုတေသနစမ်းသပ်မှုကို အပြီးသတ်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း သုတေသနအဖွဲ့ခေါင်းဆောင်က ပြောသည်။

**ကိုပေါက်(ဥတ္တာမြေ)**



ခုတင် (၁၀၀၀) ပြည်သူ့ဆေးရုံ အရေးပေါ်ဆေးကုသမှုဌာနရှေ့တွင် အများပြည်သူ မြင်သာအောင်ထားရှိသော ကြော်ငြာ

# မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၂၄**

သီတဂူဆရာတော်ကြီးမှကြီးမှူး၍ စေတနာရှင်များပူးပေါင်းကာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဖေဖော်ဝါရီ ၂၁ ရက်မှစတင်ကာ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပြည်သူများအား စက္ခုဒါနကုသိုလ်အဖြစ် တာဝန်ယူ အခမဲ့ခွဲစိတ်ကုသပေးရန် စမ်းသပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ကြကြောင်း သိရသည်။

စမ်းသပ်မှုတွင် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်ပေါင်း ၃၀၀၀ ခန့်ကို စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်ကုသရန်လိုအပ်သည့် ဝေဒနာရှင်များကို ကျွမ်းကျင်ဆရာဝန်ကြီးများက ဆက်လက်ခွဲစိတ်ကုသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစီအစဉ်တွင် အင်္ဂလန်မှ မျက်စိပါရဂူဆရာဝန်ကြီး၊ ရန်ကုန်မြို့မှ ဆရာဝန်ကြီး၊ ဘားအံပြည်သူ့ဆေးရုံမှဆရာဝန်ကြီးများ ပူးပေါင်းကာ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသိုလ်ဖြစ် ခွဲစိတ်ကုသပေးမည်ဖြစ်ရာ လာရောက်ကုသမှုခံယူသည့် ဝေဒနာရှင်များအား မခွဲစိတ်မီနှင့်ခွဲစိတ်ပြီးသည့်အချိန်ထိ နေထိုင်မှု၊ စားသောက်မှု၊ စမ်းသပ်ခ၊ ခွဲစိတ်ခ၊ ဆေးဝါးနှင့် မျက်မှန်လိုအပ်ချက်များကို အခမဲ့ကုသိုလ်ပြု ကျခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မွန်စာပေယဉ်ကျေးမှုနှင့် မွန်အမျိုးသားနေ့ပေါ်ပေါက်လာပုံဉာဏ်စမ်းပြိုင်ပွဲကျင်းပ

**ပေါင် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မွန်စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီမှ ကြီးမှူးကျင်းပသော (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ အထိမ်းအမှတ် မွန်စာပေယဉ်ကျေးမှုနှင့် မွန်အမျိုးသားနေ့ပေါ်ပေါက်လာပုံ ဉာဏ်စမ်းဗဟုသုတပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းက ကမ္ဘာအေးဘုရားဝင်း မွန်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မွန်စာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်ဦးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ပြိုင်ပွဲဝင်မွန်တိုင်းရင်းသားလူငယ်များက ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုကြပြီး ဆုရရှိသူများကို မွန်အမျိုးသားနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ပေါင်မြို့နယ်(ပြန်/ဆက်)**

# တန်ဖိုးမျှတအိမ်ရာတိုက်ခန်းများ ပထမအဆင့်တည်ဆောက်ပြီးစီး လုပ်သက်(၂၅)နှစ်အထက် နိုင်ငံ့ဝန်ထမ်းများအား နေရာချထားပေးမည်

**မန္တလေး ဖေဖော်ဝါရီ ၂၄**

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် တန်ဖိုးနည်းအိမ်ရာများအနီးတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော တန်ဖိုးမျှတအိမ်ရာများတည်ဆောက်မှု ပထမအဆင့် ပြီးစီးခဲ့သဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းလက်ရှိတာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး ဖေဖော်ဝါရီ ၂၉ ရက်တွင် လုပ်သက်(၂၅)နှစ်နှင့်အထက် ဝန်ထမ်းများအား နေရာချထားပေးမည်ဖြစ်သည်။

နေထိုင်လိုသော ဝန်ထမ်းများအနေဖြင့် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၄ ရက်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးဝင်းအတွင်းရှိ ဓမ္မာရုံတွင် လျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဝယ်ယူဖြည့်စွက်ပြီးသော လျှောက်လွှာများကို မတ် ၇ ရက်မှ ၁၆ ရက်အတွင်း ပြန်လည်တင်ပြ လျှောက်ထားကြရန်နှင့် ယခင်မြရည်နန္ဒာတန်ဖိုးနည်းတိုက်ခန်းများ လျှောက်ထားပြီးသော ဝန်ထမ်းများ ထပ်မံလျှောက်ထားရန် မလိုအပ်ကြောင်း၊ တန်ဖိုးမျှတတိုက်ခန်းများ ဝယ်ယူခွင့်အတွက် ထည့်သွင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားသည်။




မြရည်နန္ဒာ တန်ဖိုးမျှတအိမ်ရာများမှာ လေးထပ်လေးခန်းတွဲတိုက်ခန်းများဖြစ်ပြီး တိုက်ခန်းတစ်ခန်းလျှင် စတုရန်းပေ ၆၅၀ ကျယ်ပြီး အိပ်ခန်းနှစ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ မီးဖိုခန်းတို့ ပါဝင်သည်။ တိုက်ခန်းဈေးနှုန်းမှာ မြေညီထပ် ၁၆၅ သိန်း၊ ဒုတိယထပ် ၁၅၅ သိန်း၊ တတိယထပ် ၁၄၅ သိန်း၊ စတုတ္ထထပ် ၁၃၅ သိန်း ခန့်ဖြင့် ရောင်းချပေးရန်စီစဉ်လျက်ရှိပြီး မြို့ပြအိမ်ရာနှင့်ဖွံ့ဖြိုးရေးဘဏ်တို့ ချိတ်ဆက်၍ အရစ်ကျစနစ်၊ လက်ငင်းငွေချေစနစ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## ရမည်းသင်းတွင် သံဃာအပါး ၆၇၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရမည်းသင်း ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှကျေးရွာတောင်ကျောင်းတိုက်အတွင်းရှိ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီး၏ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲပိုင်းက ဒက္ခိဏာရာမ မဟာမုနိဘုရားကြီးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကျောင်းပေါင်း ၄၄ ကျောင်းမှ ပင့်သံဃာ ၆၇၂ ပါး ကြွရောက်အလှူခံကြရာ မြို့လှအုပ်စုအတွင်းရှိ မြို့လှရွာ၊ မြို့ဟောင်းရွာ(ငှက်ပျောတော)၊ တံတားဦးရွာ၊ သီးကုန်းရွာနှင့် ပတ်ဝန်းကျင်ကျေးရွာအုပ်စုများ၊ အနယ်နယ်အရပ်ရပ်မှအလှူရှင်များက သံဃာ့အသုံးအဆောင်များနှင့် နဝကမ္မအလှူငွေတို့ကိုလှူဒါန်းခဲ့ကြသည်။

ယခုကဲ့သို့ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မြို့လှကျေးရွာတောင်ကျောင်းတိုက်အတွင်းရှိ ဒက္ခိဏာရာမ မဟာမုနိဘုရားကြီးတွင် နှစ်စဉ်တပို့တွဲလပြည့်နေ့တိုင်း စဉ်ဆက်မပြတ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် (၅၇) ကြိမ် ရှိပြီဖြစ်ကြောင်းသိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# ညောင်မြင့်ကျေးရွာတွင် ယပ်တောင်အကြမ်းထည်လုပ်ငန်းကို မိသားစုဝင်ငွေရလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လျက်ရှိ

**မိတ္ထီလာ ဖေဖော်ဝါရီ ၂၄**

မိတ္ထီလာမြို့ ညောင်မြင့်ကျေးရွာအုပ်စု ညောင်မြင့်(စံပြ)ကျေးရွာဒေသခံတောင်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်သည့်အပြင် ဝါးဖြင့်ပြုလုပ်ရသည့် ယပ်တောင်အကြမ်းထည်လုပ်ငန်းကို မိသားစုဝင်ငွေရလုပ်ငန်းအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"လွန်ခဲ့တဲ့သုံးလေးနှစ်က စပြီးတော့ ညောင်မြင့်ကျေးရွာမှာ ယပ်တောင်လုပ်ငန်းကို စတင်လုပ်ကိုင်ကြတာပါ။ သီးနှံစိုက်ပျိုးရေး တောင်ယာလုပ်ငန်းကို လုပ်ကိုင်ပေမယ့် ရာသီဥတုမမှန်လို့ သီးနှံအောင်မြင်မှုမရှိရင် မိသားစုစားဝတ်နေရေး အဆင်ပြေအောင်ဆိုပြီး တစ်ဦးစ နှစ်ဦးစ စတင်လုပ်ကိုင်ရာကနေ အခုတော့ တစ်ရွာလုံးလိုလို ယပ်တောင်အကြမ်းထည်လုပ်ငန်းကို မိသားစုဝင်ငွေရ အလုပ်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်လာကြပါပြီ။ အိမ်က ကျောင်းနေတဲ့ကလေးငယ်တွေလည်း ကျောင်းအားချိန်မှာ ယပ်တောင်အလုပ်ကို ဝိုင်းဝန်းကူညီလုပ်ကိုင်ကြတယ်။ မိသားစုအားလုံး ဝိုင်းဝန်းလုပ်ကိုင်တာမို့ လုပ်ငန်းလည်း တွင်ကျယ်ပါတယ်။ ဒါပေမယ့် မှာယူသူတွေ လိုချင်သလောက်ကိုတော့ မလုပ်ပေးနိုင်သေးဘူး"ဟု ညောင်မြင့်ကျေးရွာတွင် ယပ်တောင်အကြမ်းထည်လုပ်ငန်းကို လုပ်ကိုင်သူ အမျိုးသမီးတစ်ဦးက ပြောသည်။

ညောင်မြင့်ကျေးရွာရှိ ယပ်တောင်အကြမ်းထည်လုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ကျိတ်ပုလဲကျေးရွာနှင့် မိတ္ထီလာမြို့ပေါ် ဘူတာဟောင်းနယ်မြေရှိ ဝါးဆိုင်များမှ ကြသောင်းဝါးလတ်များကို တစ်လုံး ကျပ် ၆၀၀ မှ ၇၀၀ အထိပေးဝယ်ပြီး ယပ်တောင်အရွယ်အစားအလိုက် ဝါးကိုဖြတ်တောက်ရသည်။ ယပ်တောင်အသေးနှင့် အလတ် အကြမ်းထည်များကို ပြုလုပ်ရသော်လည်း ယပ်တောင်အသေးသည် ၁၂ ကျပ် သာရရှိပြီး အလတ်စားမှာ ၁၅ ကျပ် အထိဈေးရသောကြောင့် အလတ်စားယပ်တောင်အကြမ်းထည်ကို အများဆုံးပြုလုပ်ကြသည်။ ညောင်မြင့်ကျေးရွာမှထွက်ရှိသည့် ယပ်တောင်အကြမ်းထည်များကို ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့ပေါ်ရှိ ပုံနှိပ်စက္ကူ ယပ်တောင်လုပ်ငန်းရှင်များက ကြိုတင်မှာ၍ ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ဗိုလ်ချို (၁) ရပ်ကွက် အောင်မြေသုခကျောင်းတိုက်၌ တည်ထားကိုးကွယ်သော လောကမုနိအောင်မြေချမ်းသာရ ဆုတောင်းပြည့်ဘုရားကြီး၊ တတိုင်းရစေတီတော်၊ နဂါးရုံဘုရား၊ အောင်ဓမ္မစကြာဘုရားအဆူဆူတို့၏ (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို (တပို့တွဲလပြည့်ကျော် ၂ ရက်) ဖေဖော်ဝါရီ ၂၅ ရက်မှ စတင်၍ (တပို့တွဲလပြည့်ကျော် ၅ ရက်) ဖေဖော်ဝါရီ ၂၈ ရက် အထိစည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ထိုပွဲတွင် ပျော်ပွဲရွှင်ပွဲများ၊ ဖျော်ဖြေပွဲများ၊ ဇာတ်ပွဲများကျင်းပမည်ဖြစ်ကာ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ဗုဒ္ဓါဘိသေကမင်္ဂလာနှင့် ပင့်သံဃာ ၁၂၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## တောင်ဥက္ကလာပမြို့နယ်တွင် စည်းကမ်းမဲ့မော်တော်ယာဉ် ၂၆၈ စီး အရေးယူဆောင်ရွက်ခဲ့

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အသွားအလာ များပြားသော လမ်းများတွင် စည်းကမ်းမဲ့ ရပ်နားခြင်း၊ရပ်တန့်ခြင်းများကြောင့် ယာဉ်ကြော ကျပ်တည်းပိတ်ဆို့မှုများရှိနေသဖြင့် သက်ဆိုင်ရာမှ ယာဉ်မရပ်ရလမ်းများသတ်မှတ်၍ အသိပေးဆိုင်းဘုတ်များ စိုက်ထူအသိပေးထားသော်လည်း ယာဉ်မောင်းအချို့က စည်းကမ်းလိုက်နာမှု မရှိသောကြောင့် ပူးပေါင်းအဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းအရေးယူ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်၌ ၂၀၁၅ ခုနှစ်အတွင်း စည်းကမ်းမဲ့ရပ်တန့်ရပ်နားမော်တော်ယာဉ် ၂၆၈ စီးကို စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်ခဲ့ကြောင်း မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေဦးက ပြောသည်။



"တောင်ဥက္ကလာပမြို့နယ် အတွင်းမှာ ယာဉ်မရပ်ရလမ်းတွေ သတ်မှတ်ပြီး အသိပေးဆိုင်းဘုတ်တွေ စိုက်ထူထားပါတယ်။ အချို့ယာဉ်မောင်းတွေက စည်းကမ်းလိုက်နာမှု မရှိဘူး။ ကြုံသလို ရပ်တန့်ရပ်နားနေကြတော့ ယာဉ်ကြောပိတ်ဆို့မှုတွေ ဖြစ်စေတာပေါ့။ ဒါကြောင့် စည်းကမ်းထိန်းသိမ်းအရေးယူ ဆောင်ရွက်နေတာပါ"ဟု ၎င်းက ရှင်းပြသည်။

မျက်မှောက်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပြတ်တောက်မှုကို ဖြေလျှော့နိုင်ရန် ယခင်ကျဉ်းမြောင်းနေသော ကားလမ်းများကို တိုးချဲ့ခြင်း၊ ခုံးကျော်တံတားများ တည်ဆောက်ခြင်းနှင့် ယာဉ်မရပ်ရလမ်းများ သတ်မှတ်ပြီး အသိပေးဆိုင်းဘုတ်များ စိုက်ထူအသိပေးထားသကဲ့သို့ စည်းကမ်းလိုက်နာမှုမရှိသော မော်တော်ယာဉ်များကို ပူးပေါင်းအဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းအရေးယူဆောင်ရွက်နေကြောင်း သိရသည်။

**(မောင်သုည)**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၅ - ၂ -၂၀၁၆ (ကြာသပတေးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ကြေးမုံရိပ်သွင်တေးနုယဉ်
၆း၁၅ ပြည်သူ့နီတိ
"အိုးထိမ်းသည်နှလုံးသား"
၆း၃၀ ဝတ်စားဆင်ယင်မှုပြပွဲ
၇း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ" (အပိုင်း-၇၀)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"ရွှေထီးဆောင်းမိသားစု"
(အပိုင်း-၁၆)
၈း၄၀ မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း
(စတုတ္ထခေတ်)(မင်းသမီး-
စန်းနီလာဝင်း၊ လူရွှင်တော်-ပေါ်ဦး၊
အောင်ချစ်၊ ပိုင်ကျော်၊ စိန်ပန်းသီး)
၉း၅၀ "လှပသောတမန်တော်" တရုတ်
မသန်စွမ်းအနုပညာရှင်အဖွဲ့ဖျော်
ဖြေမှု
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း "အဓိကက
အဓိကပဲ" [(ခန့်စည်သူ၊ မိုးဟေကို)
(ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]

**တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။**

## MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
၅း၄၀ "ကံကြမ္မာလား ဆုပ်ကပ်လား"
တရားတော်
(ဆရာတော်ဘဒ္ဒန္တသုဇာတ)
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(From Craft to Art
မြန်မာ့လက်မှုအနုပညာပြပွဲနှင့်
အရောင်းပွဲတော် စာနယ်ဇင်း
မိတ်ဆက်ပွဲအခမ်းအနား)
၈း၀၀ "မင်္ဂလာပါ" The Morning Show
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ အနုပညာမိုးကောင်းကင်
၁၁း၁၅ Food & De'cor
၁၁း၄၀ MRTV-4 Stage
၁၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်"(အပိုင်း-၂၀)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွာ" (အပိုင်း-၂၇)
၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၁၁၃)
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် (Parkway
Cancer Centre @ CBL
Medical Centre Grand
Opening Ceremony)
၄း၀၀ Cartoon Series
(Welcome To Sky Ville)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၁၁၄)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"မေတ္တာအသည်းမြွာ" (အပိုင်း-၂၈)
၈း၂၀ ရသစုံညွန့်တမ်းများ
၈း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
"အိမ်ရှင်မတို့ချစ်စကား"
(အပိုင်း-၃၃)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"ဂန္ထဝင်ကုန်သည်"(အပိုင်း-၂၁)
၉း၅၅ အနုပညာမိုးကောင်းကင်
၁၀း၂၀ MRTV-4 Stage
၁၁း၁၅ World of Knowledge
(CIA Drone War)

## News Channel

၆း၀၀ တောင်တန်းသာသနာပြု
ဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ အနုပညာသတင်းအစီအစဉ်
၈း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေး
အစီအစဉ်
၉း၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်စာမေးပွဲအ
ထောက်အကူပြု
ဘာသာရပ်ဆိုင်ရာများ
(သင်္ချာဘာသာရပ်)
၁၀း၃၅ အလုပ်အကိုင်အခွင့်အလမ်း
အစီအစဉ်
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ သိပ္ပံနှင့် နည်းပညာအစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၉၁)
၁း၂၀ လှပစုံလင်အာဆီယံတစ်ခွင်
၁း၃၀ သုခမရင်ခွင်အငြိမ့်သဘင်
"မောင်လူချောတို့အဖွဲ့"
(မင်းသမီး-ဆောင်းနှင်းဝေဝေ)
(လူရွှင်တော်-ဗေကြီး၊ အရှည်ကြီး၊
သာဦး၊ ကံထူး)
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၂း၁၀ "မီးကိုနိုင်တဲ့မီး"
၂း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ
"ဘာကြောင့်လဲ"
(ငှက်ပျော်ကြော်၊ သခင်၊
ဒေါ်ခင်ခင်ကြီး)
(ဒါရိုက်တာ-မိုက်တီး)
၃း၃၅ ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်
စာမေးပွဲအထောက်အကူပြု
ဘာသာရပ်ဆိုင်ရာများ
(စိတ်ကြိုက်မြန်မာစာဘာသာရပ်)
၄း၃၅ Football Magazine
(ရှမ်းယူနိုက်တက်အသင်း)
၅း၁၅ Weekly Sport Info
၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
၆း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
၈း၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာ
သတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ
"တောင်းတဲ့ဆု"(အပိုင်း-၉၂)
-ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
-မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်
(အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## mitv

07:26 A Heart......Filled With Noble Volunteerism
07:39 Bago: A City Of Famous Historic Pagoda
08:26 Myanmar Childhood Games (Ep - III)
08:35 Caves of Myanmar
09:26 Myanma Pottery
09:50 A Person with Faith
10:26 The Mountain with antique stone sculptures & Mural Painting
10:44 Living Myanmar Glazed Ceramics
07:26 Travelogue: A Tour in Korea (Part-7)
07:36 Travelogue: "Anyar Myay" or Upcountry (Part- I)
08:26 Myanmar Traditional Identity (EP- 4)
Tumbling Doll, Pyit Tine Htaung
08:38 Welcome to the Southernmost part of Myanmar
08:48 The Firefighter

# တရုတ်မှာ ကြည့်ရှုသူသန်း၂၀၀ ကျော်သွားခဲ့ပြီဖြစ်တဲ့ "High-End Crush"



တောင်ကိုရီးယား ဒရမ်မာရုပ်ရှင် "High-End Crush"ဟာ တရုတ်နိုင်ငံရဲ့ အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ sohu ကနေ ကူးယူကြည့်ရှုခံခဲ့ရတဲ့ အကြိမ်ပေါင်း သန်း၂၀၀ ကျော်သွားခဲ့ပြီဖြစ်ကြောင်း အမ်ဝေ့ဗ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။ ယင်းရုပ်ရှင်ကို အွန်လိုင်းမှာ ပြီးခဲ့တဲ့ ၂၀၁၅ နိုဝင်ဘာ ၁၄ ရက်က စတင်ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။

ယင်းရုပ်ရှင်မှာ ပါဝင်တဲ့ လှပတဲ့နောက်ခံရှုခင်းတွေနဲ့ ယခင် ဒရမ်မာရုပ်ရှင်တွေနဲ့ မတူညီတဲ့ ဇာတ်လမ်းသဘောတို့ဟာ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်ချစ်ပရိသတ်များကို ဖမ်းစားနိုင်ခဲ့တဲ့အတွက် ယခုလို ထုတ်လွှင့်ပြီး လေးလအတွင်း ကြီးမားတဲ့ အားပေးမှုကို လက်ခံခဲ့ရတာဖြစ်ကြောင်းလည်း အဆိုပါ မီဒီယာက ဖော်ပြခဲ့ပါတယ်။

အဆိုပါရုပ်ရှင်ဟာ ဖျော်ဖြေရေးအေဂျင်စီတစ်ခုရဲ့ ဥက္ကဋ္ဌနဲ့ ကျေးလက်တောသူလေးတစ်ဦးတို့အကြားက အချစ်ဇာတ်လမ်းကိုပုံဖော်ထားတဲ့ အချစ်ဟာသအမျိုးအစား ဒရမ်မာရုပ်ရှင်ဖြစ်ပြီး မင်းသား ဂျန်အီဝူးနဲ့ မင်းသမီး ဂျင်ဆယ်ယွန်းတို့က ခေါင်းဆောင်ပါဝင်ထားကြပါတယ်။

"High-End Crush"ဟာ တရုတ်နိုင်ငံမှာ ထုတ်လွှင့်ပြသခဲ့တဲ့ တောင်ကိုရီးယား ဒရမ်မာရုပ်ရှင်တွေအနက် အွန်လိုင်းကနေ ကြည့်ရှုသူသန်း ၂၀၀ ကျော်ခဲ့တဲ့ ပထမဦးဆုံးသော ရုပ်ရှင်လည်းဖြစ်ပါတယ်။



# ဆယ်စုနှစ်တစ်ခုကျော်မှ ဒရမ်မာရုပ်ရှင်လောကထဲ ပြန်ရောက်လာခဲ့တာဆိုတော့ ထူးခြားမှာပါ

တောင်ကိုရီးယားမင်းသမီး ဆောင်းဟေကိုက သူ့အနေဖြင့် ဒရမ်မာရုပ်ရှင်များကို မရိုက်ဖြစ်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်သွားပြီဖြစ်ကြောင်းနဲ့ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းက စတင်ရိုက်ကူးခဲ့ပြီး မကြာမီထုတ်လွှင့်ပြသသွားမယ့် သူ့ရဲ့ရုပ်ရှင်သစ် "Descendants of the Sun"ဟာ ဆယ့်နှစ်နှစ်ခန့်ကြာပြီးမှ ပထမဦးဆုံး ပြန်လည်ထုတ်လွှင့်ခဲ့တဲ့ ဒရမ်မာရုပ်ရှင်ဖြစ်တဲ့အတွက် ယခင်ထွက်ရှိပြီးသမျှ ရုပ်ရှင်များနဲ့မတူဘဲ တစ်မျိုးထူးခြားကွဲပြားမှာဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၂ ရက်က ပြုလုပ်ခဲ့တဲ့ အဆိုပါရုပ်ရှင်ရဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

အဆိုပါ ဒရမ်မာရုပ်ရှင် "Descendants of the Sun"ကို တောင်ကိုရီးယားမှာ ဖေဖော်ဝါရီ ၂၄ ရက်က စတင်ပြီး KBS 2TVက ဗုဒ္ဓဟူးနေ့နဲ့ ကြာသပတေးနေ့တိုင်း ထုတ်လွှင့်ပြသခဲ့ပါတယ်။

ဆက်လက်ပြီး ဆောင်းဟေကိုက သူ့အနေနဲ့ နောက်ဆုံးရိုက်ကူးခဲ့သော အချစ်ဒရမ်မာရုပ်ရှင်မှာ ၂၀၀၄ ခုနှစ်က ရိုက်ကူးခဲ့သည့် အဆိုတော်မင်းသား ရိန်းနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့တဲ့ "Full House" (ချစ်စံအိမ်)ဖြစ်ကာ ယခုထုတ်လွှင့်မည့် ရုပ်ရှင်သည်လည်း အချစ်ဇာတ်လမ်းကို အသားပေးရိုက်ကူးထားသည့် ဒရမ်မာရုပ်ရှင်ပင်ဖြစ်သော်လည်း ချစ်စံအိမ်နှင့်မတူဘဲ အတော်လေးကွဲပြားခြားနားသည့် ခံစားမှုများပေးစွမ်းနိုင်မည့် ရုပ်ရှင်ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အေးပြည့် စုစည်းသည်

## ကြေးမုံ ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်

# ရုပ်ကွက်ဘုရင်မ ဇာတ်ကား ရုံတင်ပြသမည်




မြန်မာ့ရုပ်ရှင်လောက၏ အပြောင်းအလဲတစ်ခုဖြစ်လာသည့် ရုံပြိုင်စနစ်ဖြင့်ပြသလျက်ရှိရာတွင် ဘီအုပ်စုမှ အသစ်ရုံတင်ပြသမည့် မင်းသမီးငါးဦး ခေါင်းဆောင်ပါဝင်ထားသော ရုပ်ကွက်ဘုရင်မဇာတ်ကားကို ရန်ကုန်-မန္တလေးအပါအဝင် အခြားမြို့များ၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

ယင်းဇာတ်ကားတွင် အဓိကသရုပ်ဆောင်များအဖြစ် မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မေခလာ၊ ခိုင်သင်းကြည်တို့ အဓိက ပါဝင်သရုပ်ဆောင်ထားသည်။ ရုပ်ကွက်အတွင်း အကျင့်စရိုက်တစ်ယောက်တစ်မျိုးစီရှိသူများအဖြစ် ပါဝင်သရုပ်ဆောင်ထားကြပြီး မို့မို့မြင့်အောင်က ရန်ဖြစ်သည့် စွာကျယ်မဇာတ်ရုပ်၊ မေသန်းနုက လောင်းကစားလုပ်သည့် ဂဏန်းမဇာတ်ရုပ်၊ စိုးမြတ်သူဇာက ယောကျ်ားများကို ချူစားသည့် ချူဆီမဇာတ်ရုပ်၊ မေခလာက ငွေတိုးချေးစားသည့် ဘူဇွာမဇာတ်ရုပ်၊ ခိုင်သင်းကြည်က ရုပ်ကွက်အတွင်း စပ်စပ်စုစုဖြင့် သွေးထိုးပေးသည့် စပ်စုမဇာတ်ရုပ်ဖြင့် ပါဝင် သရုပ်ဆောင်ထားကြသည်။

ရုပ်ကွက်ဘုရင်မဇာတ်ကားကို ရန်ကုန်၊ မန္တလေး၊ ဘားအံ၊ ပြင်ဦးလွင်၊ လားရှိုး၊ တောင်ကြီး၊ ပြည်၊ ပုသိမ်နှင့် ထားဝယ်မြို့များ၌ တစ်ပြိုင်တည်း ရုံတင်ပြသမည်ဖြစ်ကြောင်း သိရသည်။

## ၂၀၁၆ ခုနှစ် AFC Cup ဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာကလပ်အသင်းများဖြစ်သည့် ရန်ကုန်အသင်းနှင့် ဧရာဝတီအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၆ ခုနှစ် AFC Cup ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ကျင်းပသည်။ AFC Cup ပြိုင်ပွဲကို ၃၂ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းရှစ်အုပ်စုခွဲကာ အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် တောင်တရုတ်(ဟောင်ကောင်) အသင်း၊ မတ် ၉ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် လာအိုတိုယိုတာ(လာအို)အသင်း၊ မတ် ၁၆ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် ဘင်ဂါလူရူ(အိန္ဒိယ) အသင်း၊ ဧပြီ ၁၃ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မိုဟမ်ဘေဂန်(အိန္ဒိယ) အသင်း၊ ဧပြီ ၂၇ ရက်တွင် ဧရာဝတီယူနိုက်တက်အသင်းနှင့် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်း၊ မေ ၁၁ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မာဇီယာ (မော်လ်ဒိုက်)အသင်းတို့သည် ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်း၌ ညနေ ၄ နာရီတွင် စတင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၄ ရက် ဒေသစံတော်ချိန် ည ၈ နာရီ ၄၅ မိနစ်တွင် မလေးရှားကလပ် ဂျိုဟိုဒါရူးလ်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ မတ် ၉ ရက်တွင် မာဇီယာ(မော်လ်ဒိုက်) အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မတ် ၁၆ ရက်တွင် မိုဟမ်ဘေဂန်(အိန္ဒိယ) အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ဧပြီ ၁၃ ရက် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် ဘင်ဂါလူရူး (အိန္ဒိယ) အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ဧပြီ ၂၇ ရက်တွင် တောင်တရုတ် (ဟောင်ကောင်)အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၁၁ ရက်တွင် လာအိုတို ယိုတာ (လာအို) အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်များကို မြန်မာ့ရုပ်မြင်သံကြား News Channel နှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

**● ကျောဖုံးမှ**

ရန်ကုန်အသင်းမှာ အမာခံကစားသမားများဖြစ်သည့် ဇော်မင်းထွန်း၊ ကျော်မင်းဦး၊ ယာမာရှိတာနှင့် သန်းထက်အောင်တို့ပွဲပယ်နှင့် ဒဏ်ရာရနေသောကြောင့် မပါနိုင်သော်လည်း နိုင်ငံခြားသားကစားသမားသုံးဦးကို အမာခံထားကာ ကျော်ကိုကို၊ ကြည်လင်း၊ ခင်မောင်လွင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် ဖိကစားကာ ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၁၅မိနစ်တွင် ရန်ကုန်အသင်း ပယ်နယ်တီပေးခဲ့ရပြီး ရိုင်ယန်ကန်သွင်းရာ ရန်ကုန်ဂိုးသမားကာကွယ်နိုင်ခဲ့သော်လည်း ၎င်းကပင် ထပ်မံပိတ်သွင်းယူခဲ့၍ တောင်တရုတ်အသင်း ဂိုးစတင်ရရှိခဲ့သည်။ တောင်တရုတ်အသင်း၏ ဦးဆောင်မှုမှာ အနည်းငယ်ကြာခဲ့ပြီး ၁၉ မိနစ်တွင် ကျော်ကိုကိုက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းအနိုင်ဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၄၈ မိနစ်တွင် မာဆယ်လိုက အနိုင်ဂိုးသွင်းယူခဲ့သည်။ ၅၃မိနစ်တွင် ရန်ကုန်ကွင်းလယ်လူ ရန်အောင်ကျော် နှစ်ဝါတစ်နီဖြင့် အထုတ်ခံရ၍ ရန်ကုန်အသင်း တစ်ယောက်လျော့သွားခဲ့ပြီး လက်ကျန်မိနစ်များတွင် အနိုင်ရလဒ်ကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသည်။ ရန်ကုန်အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် မတ် ၉ရက်တွင် မော်လ်ဒိုက်ကလပ် မာဇီယာအသင်းနှင့် အဝေးကွင်းပွဲစဉ်ကစားရမည်ဖြစ်သည်။

**သတင်း၊ ဓာတ်ပုံ-ရှိုင်းထက်ဇော်**


## စိုးလင်းဦး (မြန်မာ)က အက်တာ (စပိန်)ကို အလဲထိုးအနိုင်ယူ

**ရေး ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ် ရေးမြို့ (၁၂၈) ကြိမ်မြောက် ရွှေဆံတော်စေတီနှင့် စကားတောင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက် ညနေပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့ရိုးရာလက်ဝှေ့ ငါးချီအထူးစိန်ခေါ်ပွဲများဖြစ်သော ရာမာဉ်ရေးနှင့် မင်းမင်းထွန်း (ငြိမ်းချမ်းရေး)တို့ ယှဉ်ပြိုင်ထိုးရာတွင် ပူးတွဲသရေကျပြီး ဆက်လက်၍ ငါးချီစိန်ခေါ်ပွဲဖြစ်သော စိုးလင်းဦး (ဒို့ရိုးရာ) မြန်မာက အက်တာ စပိန်နိုင်ငံသားအား သုံးချီမြောက် ၂မိနစ် ၅၃စက္ကန့်ဖြင့် အလဲထိုးအနိုင်ရသွားသည်။

အဆိုပါမြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများတွင် ကလပ်အသီးသီးမှ သုံးချီတွဲဆိုင်း ငါးဆိုင်းအထူးစိန်ခေါ် သုံးချီပွဲတွင် အရိုင်းလေး (အဖြူရောင်) နှင့် ရဲမာန်(တောင်ကလေး)တို့ပွဲတွင် ပထမအချီ၌ ရဲမာန်(တောင်ကလေး)က အရိုင်းလေး(အဖြူရောင်)ကို အလဲထိုးအနိုင်ရရှိသွားခဲ့ကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**






## ဘာစီလိုနာအသင်း အာဆင်နယ်အသင်းအား နှစ်ဂိုးပြတ်နိုင်ပွဲရရှိ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ အာဆင်နယ်အသင်း၏ အိမ်ကွင်း အမ်းမရိတ်၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက ဒုတိယပိုင်းသွင်းဂိုးများဖြင့် အာဆင်နယ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့တွင် အားကုန်ထုတ်၍ ကစားရတော့မည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်တွင် ဘာစီလိုနာအသင်း၏ နျူးကမ့်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး ဘာစီလိုနာအသင်း၏ တောင်အမေရိကကြယ်ပွင့်သုံးဦးဖြစ်သည့် မက်ဆီ၊ ဆွာရတ်ဇ်နှင့် နေမာတို့၏ တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကောင်းများကို နျူးကမ့်ကွင်းတွင် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်၏ ပထမပိုင်းတွင် ချန်ဘာလိန်နှင့် ဂီရော့ဂ်တို့၏ ဂိုးကန်သွင်းချက်များ ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်းမရှိခဲ့ခြင်းကြောင့် အာဆင်နယ်အသင်း ဦးဆောင်ဂိုးရရှိမည့်အခွင့်အရေးနှင့် လွဲခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ပထမပိုင်းကတည်းက ဂိုးပေါက်ကန်သွင်းမှုများရှိခဲ့သော်လည်း ဒုတိယပိုင်းရောက်မှသာ တိုက်စစ်မှူး မက်ဆီ၏ သွင်းဂိုးဖြင့် အဝေးကွင်းတွင် ဦးဆောင်ဂိုးစတင်ရရှိခဲ့သည်။ ယင်းသွင်းဂိုးသည် ဘာစီလိုနာအသင်း၏ တန်ပြန်တိုက်စစ်မှတစ်ဆင့် နေမာ၏ ဖန်တီးပေးပို့မှုကို တိုက်စစ်မှူးမက်ဆီက ဂိုးပေါက်ခြိမ်းခြောက်မှု ခုနစ်ကြိမ်မြောက်တွင် အဖွင့်ဂိုးအဖြစ် ရယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အာဆင်နယ်အသင်းသည် ကွင်းလယ်ပိုင်းအပြောင်းအလဲအဖြစ် ကိုကွီလင်၏နေရာတွင် ဖလာမီနီကို ထည့်သွင်းကစားစေခဲ့ရာ လူစားဝင်လာပြီး မိနစ်ပိုင်းမှာပင် တိုက်စစ်မှူးမက်ဆီအား ဖလာမီနီ ကြမ်းတမ်းစွာကစားခဲ့ခြင်းကြောင့် ပင်နယ်တီပေးလိုက်ရပြီး ဘာစီလိုနာအသင်း၏ နှစ်ဂိုးပြတ်ဖြင့် ဦးဆောင်မှုကို ခွင့်ပြုပေးလိုက်ရသည်။ ယင်းပင်နယ်တီသွင်းဂိုးကိုလည်း တိုက်စစ်မှူး မက်ဆီကိုယ်တိုင်ကန်သွင်းအဆုံးသတ်ပေးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းသည် ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း ဘာစီလိုနာအသင်းက နှစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဘောလုံးကိုအများမခံဘဲ ကစားလာခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းချေပဂိုးပြန်လည်မသွင်းယူနိုင်ခဲ့ဘဲ အိမ်ကွင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် ဂျူဗင်တပ်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့၏ ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာထွက်ပေါ်ခဲ့သည်။



## ရှမ်းယူနိုက်တက်အသင်း လူငယ်ကစားသမားများ ရွေးချယ်

**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

ရှမ်းယူနိုက်တက်အသင်းသည် ရှမ်းပြည်နယ်အတွင်းမှ မျိုးဆက်သစ် ဘောလုံးသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြုလုပ်သော မျိုးဆက်သစ်လူငယ် ပဏာမရွေးချယ်မှု အစီအစဉ်၏ ပထမနေ့ကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ပြည်နယ်ကွင်း၌ ကျင်းပသည်။

ရွေးချယ်ရေးအဖွဲ့တွင် ရှမ်းယူနိုက်တက်အသင်း နည်းပြများနှင့် ကစားသမားများ ပါဝင်ပြီး အသက်(၁၇)နှစ်အောက်နှင့် အသက်(၂၂)နှစ်အောက်၊ အမျိုးအစားနှစ်မျိုး သတ်မှတ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ လူငယ်မျိုးဆက်သစ် ပဏာမရွေးချယ်ပွဲသို့ တောင်ကြီး၊ မိုင်းရှူး၊ လဲချား၊ ရွှေညောင်၊ ရပ်စောက်တို့မှ လူငယ် ၃၄ ဦး လာရောက်ရွေးချယ်မှုခံယူခဲ့သည်။ ယင်းကစားသမား ၃၄ ဦးတွင် အသက်(၁၇)နှစ်အောက် လူငယ် ၁၂ ဦး၊ အသက်(၂၂)နှစ်အောက် လူငယ် ၂၂ ဦးပါဝင်သည်။ လာရောက်ရွေးချယ်ခံသူများကို ရှမ်းယူနိုက်တက်အသင်းက အမှတ်တရလက်ဆောင်များလည်း ပြန်လည်ပေးအပ်ခဲ့သည်။

မျိုးဆက်သစ်လူငယ် ပဏာမရွေးချယ်မှု အစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်၊ ဖေဖော်ဝါရီ ၂၉ ရက်နှင့် မတ် ၁ ရက်တို့တွင် နံနက် ၉ နာရီမှစတင်ပြီး တောင်ကြီးမြို့ ပြည်နယ်ကွင်း၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ လာရောက်ရွေးချယ်ခံလိုသည့် ကစားသမားများမှာ မှတ်ပုံတင်မူရင်း (ကျောင်းသားကတ်)၊ အိမ်ထောင်စုစာရင်း၊ ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ဘောလုံးကန်အဝတ်အစားအပြည့်အစုံတို့ လိုအပ်မည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ရှမ်းယူနိုက်တက်**

## မြန်မာ့ရိုးရာသိုင်းနည်းပြသင်တန်း မုံရွာတွင် ဖွင့်လှစ်မည်

**မုံရွာ ဖေဖော်ဝါရီ ၂၄**

မြန်မာ့ရိုးရာသိုင်းပညာကိုသင်ယူကြသော မျိုးဆက်သစ်လူငယ်များကို နည်းစနစ်မှန်ကန်စွာ သင်ကြားနိုင်ရေး မြန်မာ့ရိုးရာသိုင်းအဖွဲ့ချုပ်(ဗဟို)နှင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့်ကာယပညာ ဦးစီးဌာနတို့ပူးပေါင်းပြီး မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံတွင် တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မြန်မာ့ရိုးရာသိုင်းနည်းပညာဆရာများအားလုံးကို ၁၀ ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရိုးရာသိုင်းပညာက အခုပြိုင်ပွဲတွေကျင်းပပြီး ကျယ်ပြန့်အောင်ဆောင်ရွက်နေပါတယ်။ ဟိုတုန်းကလို ဝါသနာအရ သင်ကြားတာမျိုးမဟုတ်ဘဲ မျိုးဆက်သစ်လူငယ်တွေကို ပြိုင်ပွဲဝင်နည်းစနစ်ပိုင်းတွေ အခြေခံကစပြီး မှန်ကန်အောင် သင်ကြားပေးနိုင်အောင်လို့ နည်းပြဆရာတွေကို သင်တန်းမှာ သင်ကြားပေးမှာပါ။ အဓိကအနေနဲ့ မြန်မာ့ရိုးရာသိုင်းပညာရဲ့ ဗန်တိုအတိုက်၊ ဟန်ရေးကိုးပါးရဲ့ စည်းကမ်းချက်တွေကို သင်ကြားမှာပါ။ ပြိုင်ပွဲဝင်တဲ့သူတစ်ဦး သိုင်းပညာရဲ့ ဟန်ရေးကိုးပါးမှာ ခုနစ်ပါးမပြနိုင်ရင် ပြိုင်ပွဲဝင်လို့မရပါဘူး။ ဒါကြောင့် နည်းစနစ်မှန်မှန်နဲ့ သိုင်းပညာတတ်မြောက်နိုင်ဖို့အတွက် နည်းပြဆရာတွေကို သင်တန်းဖွင့်တာပါ။ နောက်တစ်ခုက စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက မြန်မာ့ရိုးရာ သိုင်းပညာအားကစားနဲ့ တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားတွေ ပေါ်ထွက်လာနိုင်စေဖို့အတွက် အခုလိုနည်းပြသင်တန်း ဖွင့်လှစ်မှာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး မြန်မာရိုးရာသိုင်းဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတေဇာအေးက ပြောသည်။

အဆိုပါ မြန်မာ့ရိုးရာသိုင်းနည်းပြသင်တန်းအား မတ် ၃ ရက်မှ စတင်သင်ကြားပေးမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ မြန်မာ့ရိုးရာသိုင်း နည်းပြဆရာများ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိရာ အပတ်စဉ် ကြာသပတေးနေ့တိုင်းတွင် စာရေးဆရာ "ဝင်းအောင်ကြီး"၏ ဆောင်းပါးများကို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ စာရေးဆရာဝင်းအောင်ကြီးသည် မောင်အောင်မွန် နာမည်ဖြင့် ဘာသာပြန်နှင့် ပင်ကိုရေးဝတ္ထုစာအုပ်များ ရေးသူလည်းဖြစ်သည်။

(စာတည်း)



ဝင်း
အောင်
ကြီး

# သတင်းတွေကမြိုင်
# သတင်းစာတွေကလည်းပြိုင်

တစ်ကယ်တော့ ဗိုလ်ချုပ်အောင်ဆန်း တည်ထောင်ခဲ့သော ဖဆပလ ဆိုသည်မှာ ဦးနု၏ ဦးဆောင်မှုအောက်တွင် ချိနဲ့နေပြီ။ ဦးကျော်ငြိမ်း ခြယ်လှယ်နေ၍ သတင်းစာတို့က ဖဆဆိုရှယ်ဟု လှောင်ပြောင်ရေးနေပြီ။

ပါလီမန်ထဲတွင် အတိုက်အခံအမတ်များ ရှိလာပြီမို့ သတင်းစာတို့အဖို့ လွှတ်တော်သတင်းတွေက နေရာမဆံ့။ တိုင်းပြည်တွင် အစိုးရကို မကြိုက်သူများ တစ်နေ့တခြား ပိုများလာ၏။

လူတစ်ကိုယ် တိုက်တစ်လုံး၊ ကားတစ်စီး၊ လခ ၈၀၀ ကျပ် ဆိုသော ပြည်တော်သာ စီမံကိန်းနှင့် ဖဆပလ အနှစ် ၄၀ အာဏာမြဲရေးဟူသော ကြွေးကြော်သံသည် ရယ်စရာလို ဖြစ်လာစပြုပြီ။

ပြည်တွင်းစစ် အတော်အသင့် အရှိန်လျော့သွားပြီ ဆိုသော်ငြားလည်း နယ်တွေမှာ မငြိမ်မသက်ဖြစ်နေ၍ ပြည်တွင်းငြိမ်းချမ်းရေး တောင်းဆိုသံများကို သတင်းစာများ အထူးသဖြင့် လက်ဝဲသတင်းစာများက ဖော်ပြကြ၊ ထောက်ခံရေးသားကြ၏။

ပြည်တွင်းစစ်ကို အကြောင်းပြုကာ ရေပန်းစားနေရာရနေသော တပ်မတော်ကို လိုလားသော သတင်းစာများကမူ သောင်းကျန်းသူများအား အပြတ်တိုက်ရေးကို အားပေးရေးသားကြသည်။

ဝန်ကြီးချုပ်ဦးနု သာသနာ့ဒါယကာလုပ်သော ဆဋ္ဌသံဃာယနာပွဲကြီး ၁၉၅၆ ခုနှစ် မေလတွင် ပြီးဆုံး၏။

ဦးနုဝန်ကြီးချုပ်အဖြစ်မှထွက်ကာ ဖဆပလဥက္ကဋ္ဌသက်သက်အဖြစ် စည်းရုံးရေး လုပ်မည်ဟူသော သတင်းထွက်လာသောအခါ၊ ပြုတ်ကိန်းရှိကြောင်း ဗေဒင်အရ ယတြာချေခြင်းလောဟု သတင်းစာတချို့က မထိတထိ ကလိကြသည်။ ဦးနု၏ ဗလိနတ်စာကျွေးခြင်း စသည်တို့ကိုလည်း တိုင်းသိပြည်သိကိုး။

**ကြုံတုန်းရေးပါရစေ။**

နောက်ပိုင်း ကျွန်တော်မြန်မာ့အသံတွင် အလုပ်ရ၍ စသုံးလုံး အစည်းအဝေး၌ ဝန်ကြီးချုပ်မိန့်ခွန်းကို အသံသွင်းရစဉ်က ကိုယ်တွေ့ပါ။ မိန့်ခွန်းမပြောမီမြို့တော်ခန်းမ နောက်ကွယ်တွင် ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်ကြီးက နာရီကြည့်ပြီး အချိန်ကျသည့်အခါ လှမ်းပေးသော ငွေဖလားထဲမှ ငါးအရှင်များကို ဦးနုက ရေများသော အခြားငွေဖလားသို့ သွန်ထည့်လိုက်ပြီး နောက်မှ အပြင်ထွက်ကာ မိန့်ခွန်းပြောကြားသည်။

ဦးနုက သူ၏ပုဂ္ဂလိကအယူများကို ဝန်ကြီးချုပ်အနေဖြင့် လုပ်ဆောင်ရန် စိတ်ကူးလာသောအခါ သတင်းစာထဲပါလာ၏။ ဥပမာ၊ ရန်ကုန်မြို့တွင်း ဒုက္ခပေးနေသော ခွေးလေခွေးလွင့်များအား စည်ပင်သာယာက သုတ်သင်ရှင်းလင်းနေမှုကို မကြိုက်၍ ခွေးဂေဟာကြီးဆောက်ကာ ဘေးမဲ့ထားရန် အစီအမံ။

သို့သော် ဖဆပလခေါင်းဆောင်ပိုင်း အပြောင်းအလဲလုပ်ဖို့ သတင်းရကြ ရေးကြသည်။

ဖဆပလထဲမှာ ဗမာပြည်ကွန်မြူနစ်ပါတီလည်း ရှိနေဆဲ၊ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဥက္ကဋ္ဌလုပ်နေချိန်ကတည်းက ရရှိထားသော အထွေထွေ အတွင်းရေးမှူး ရာထူးကနေ ဦးကျော်ငြိမ်းကို ဖယ်ရှားပြီး သခင်ကျော်ထွန်းနှင့် အစားထိုးရန် ဦးနု၏ အစီအမံက ဖဆပလထဲမှ အက်သံထွက်လာတာပါ။

၁၉၅၆ ခုနှစ် ဇွန်လတွင် ဦးဗဆွေ ဝန်ကြီးချုပ် ဖြစ်လာသည်။

၁၉၅၇ ခုနှစ် ဇန်နဝါရီလတွင် ဖဆပလဥက္ကဋ္ဌအဖြစ်ကလည်း အနားယူမည်ဟု ဦးနုပြောသည်ကိုလည်း သတင်းစာများတွင် ဖတ်ကြရ၏။

အပြောင်းအလဲ လိုလားတောင့်တနေသူများ စိတ်ဝင်စားလာကြ၍ သတင်းအနံ့ခံသတင်းလိုက်ကြရသလို ရေးသားကြ၏။ ဦးနုအပေါ် ကျောင်းသားဘဝကတည်းက အင်မတန် သြဇာညောင်းသော ဦးကျော်ငြိမ်းသည် သတင်းသမားများ၏ အာရုံစိုက် စိတ်ဝင်စားစရာ ဖြစ်လာပြီ။

ဗိုလ်မှူးချုပ်ကျော်ဇော ဗကပသို့ စစ်ဆင်ရေးသတင်းများပေးမှုဖြင့် တပ်မတော်က ထွက်ရသည်။

ယခင် ဆိုရှယ်လစ်ပါတီ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးချုပ်အောင်ကြီးက ဒုတိယစစ်ဦးစီးချုပ်ဖြစ်လာသည်။ တပ်တွင်းပြင်ဆင်မှုများပြုလုပ်သည်။ ဗိုလ်ချုပ်ကြီးနေဝင်း အမှူးပြုသော တပ်တွင်းရှိ ဆိုရှယ်လစ်အရာရှိကြီးများနှင့် ဝန်ကြီးချုပ် ဦးဗဆွေ အမှူးပြုသော ဆိုရှယ်လစ်ခေါင်းဆောင်များ ဆွေးနွေးကြရာမှာ ဗိုလ်ချုပ်ကြီးနေဝင်းက ဦးနုဝန်ကြီးချုပ်ပြန်မဖြစ်ရေး တောင်းဆိုသည့်သတင်း ဖတ်ရ၏။

ထိုသတင်းသိသွားသော ဦးနုဒေါပွသွားပြီး ၁၉၅၇ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ဝန်ကြီးချုပ်ပြန်ဖြစ်လာ၏။ မတ်လ ၄ ရက်နေ့တွင် သူပုန်များအား လက်နက်စွန့်ကာ အလင်းဝင်ကြရန် ဦးနုကတိုက်တွန်း ဖိတ်ခေါ်သည်။

မတ်လ ၁၂ ရက်နေ့တွင် ပါလီမန်ထဲတွင် အတိုက်အခံ ပမညတက ဦးဆောင်၍ အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရာ အပြန်အလှန် ဆွေးနွေးကြပုံများ မြန်မာ့အသံကတိုက်ရိုက်အသံလွှင့်၍ တစ်ပြည်လုံး နားထောင်ခွင့်ရသလို ဒီမိုကရေစီစနစ်လည်း ပီပြင်လာသည်။

မတ်လ ၁၃ ရက်နေ့တွင် ဖဆပလ အမတ်တစ်ဦးဖြစ်သူ လွှတ်လပ်ရေးတိုက်ပွဲဝင် ကရင်အမျိုးသား လေထီးမန်းဝင်းမောင်အား သမ္မတအဖြစ် ပါလီမန်က တညီတညွတ်တည်း တင်မြှောက်သည်။ သို့သော်လည်း ဖဆပလ အတွင်း မပြေလည်မှု သတင်းများက ပိုမိုထွက်လာနေပြီ။

ဗိုလ်ချုပ်အောင်ဆန်း မရှိတော့ကတည်းက မေ့ထားသည့် ဖဆပလ ပြည်လုံးကျွတ်ညီလာခံကို ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့ ကမ္ဘာအေးတွင် ကျင်းပရာ ဥက္ကဋ္ဌ ဦးနုက ၄ နာရီကျော် မိန့်ခွန်းပြောကြား၏။ ဆိုရှယ်လစ် ဦးဗဆွေ၊ ရဲဘော်ဝါ ဗိုလ်မှူးအောင် စသူတို့က ဖဆပလမပြိုကွဲရေး တိုက်တွန်းပြောဆိုသံများ သတင်းစာများထဲ ကျွန်တော်တို့ ဖတ်ကြရသည်။

ဦးနုနှင့် ဦးကျော်ငြိမ်းတို့အကြား ပဋိပက္ခကား ပိုမိုအရှိန်ရပြင်းထန်ပြီ။

အာဏာပုဂ္ဂိုလ်ရေးများနှင့် ရှုပ်ထွေးမြဲ မြန်မာ့နိုင်ငံရေး၏ အစဉ်အလာကိုလည်း မြင်ကြရ၏။ ဦးကျော်ငြိမ်းက ဦးဗဆွေအား သိမ်းသွင်းနိုင်လိုက်ရာ ၁၉၅၈ ခုနှစ် ဧပြီလ ၂၃ ရက်တွင် သခင်တင်တို့နှင့်ပေါင်းမည်ဟု ဦးနုက ကြေညာလိုက်သည်။ နောက်ပိုင်းပေါ်လာမည့် နုတင် - ဆွေငြိမ်း အုပ်စု၏ လမ်းစပါ။

မေလ ၆ ရက်နေ့တွင် ဦးနုက ဖွတ်မရခားမအဆုံးမခံနိုင်၊ ညောင်ညိုပင် စခန်းက လမ်းခွဲကြတော့မည်ဟု မြန်မာ့အသံမှ အသံလွှင့်ကြေညာလိုက်ပြီးနောက် နုတင် အုပ်စုက သန့်ရှင်းဖဆပလ၊ ဆွေငြိမ်းအုပ်စုက တည်မြဲဖဆပလဟုဆိုကာ ဗိုလ်ချုပ်အောင်ဆန်း၏ အရှိန်အဝါကိုမူ တွယ်ဖက်ထားကြသည်။

ထိုကာလတွင် သတင်းတွေကလည်းမြိုင်၊ သတင်းစာတွေကလည်း သန်ရာသန်ရာ အပြိုင်ရေးကြနှင့် ကျွန်တော်တို့ ဖတ်လို့မဝနိုင်၊ အားမရနိုင် ဖြစ်ခဲ့ကြရပါ၏။

ဦးနုဝန်ကြီးချုပ်အဖြစ်မှ ထွက်ကာ ဖဆပလဥက္ကဋ္ဌသက်သက်အဖြစ် စည်းရုံးရေး လုပ်မည်ဟူသော သတင်းထွက်လာသောအခါ၊ ပြုတ်ကိန်းရှိကြောင်း ဗေဒင်အရ ယတြာချေခြင်းလောဟု သတင်းစာတချို့က မထိတထိ ကလိကြသည်။ ဦးနု၏ ဗလိနတ်စာကျွေးခြင်း စသည်တို့ကိုလည်း တိုင်းသိပြည်သိကိုး။

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို အနှိုးဆွပေးသော MEC

MYANMAR EDUCATION CENTRE

မြန်မာ့ပညာရေးအောင်မြေ

ကိုယ်ပိုင်အထက်တန်းကျောင်း

သူငယ်တန်းမှ ဒသမတန်း

ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် - ကက ၁၃/၀၂/၀၉၃

၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ
သူငယ်တန်းမှ နဝမတန်းအထိ (မေလ ၄ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။
ဒသမတန်းကို (မတ်လ ၂၁ ရက်) နေ့တွင် စတင်ဖွင့်လှစ်ပါမည်။

ကျောင်းတည်နေရာ MEC-1 အမှတ် (၁၅၈)၊ ဓရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
MEC-2 အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ဗိုလ်တောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
ဆက်သွယ်ရန် ၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၇၉၈၁၃၆၃၈၈၇၊ ၀၉ ၅၁၀ ၅၅၂၀၃၊ ၀၉ ၈၆၃၇၃၅၄၅၁

ကျောင်းပုံစံနှင့် ပြင်ဆင်မှု
- ကျယ်ဝန်းသော ကိုယ်ပိုင်မြေပေါ်တွင် ကျောင်းပုံစံဆောက်လုပ်ထား၍ -
  - စာသင်ခန်းများ ကျယ်ဝန်းပြီး လေဝင်လေထွက်နှင့် အလင်းအား အထူးကောင်းမွန်ခြင်း
  - ဘေးကင်းလုံခြုံမှုရှိ၍ ကျယ်ဝန်းသော အားကစားကွင်း ပါရှိခြင်း
  - ကျောင်းသားကျောင်းသူ ဝင်ဆံ့အားနှင့် အဆောက်အဦး၏ ခံနိုင်ရည်တို့ကို သေချာစွာ တွက်ချက်၍ဆောက်လုပ်ထားခြင်းကြောင့် လုံခြုံစိတ်ချရမှုရှိခြင်း
  - ကျောင်းနေရာ တည်ငြိမ်မှုရှိခြင်း (မပြောင်းရွှေ့ရပါ) တို့နှင့် ပြည့်စုံပါသည်။
- စာသင်ခန်းတိုင်းတွင် လေအေးပေးစက် (Air Condition) များ အပြည့်တပ်ဆင်ထားပြီး၊ သောက်သုံးရေအတွက် ရေသန့်စက် တပ်ဆင်ထားရှိပါသည်။

သင်ကြားမှုပုံစံ၊ စနစ်နှင့် ဖွဲ့စည်းပုံ
- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။ (အစိုးရကျောင်းကြီးတက်ရန်နှင့် ကျူရှင်ထပ်မံယူရန် မလိုအပ်ပါ။)
- စေတနာနှင့် ဝါသနာတို့ကို အရင်းခံပြီး ထပ်ဆောင်း၍ -
  - အင်္ဂလိပ်စာစွမ်းရည် မြင့်မားတိုးတက်စေရန် အင်္ဂလိပ်စာ (4 skills) ကို ဖြည့်စွက်၍ သင်ကြားပေးခြင်း
  - စိတ်တည်ငြိမ် နူးညံ့မှုရရှိစေရန် ပန်းချီပညာ သင်ကြားပေးခြင်း
  - ကိုယ်ကာယနှင့်စိတ်ဓာတ် ကျန်းမာကြံ့ခိုင်စေရန် မြန်မာ့ရိုးရာသိုင်းပညာ သင်ကြားပေးခြင်းတို့ ပါဝင်မည်ဖြစ်ပါသည်။
- နောင်အနာဂတ်တွင် နိုင်ငံ၏ သားကောင်း၊ သမီးကောင်းများ ဖြစ်လာမည့် ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည်အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမဏ္ဍိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ အငြိမ်းစား (ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ) နှင့် ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ကျောင်းဆရာဖြစ် မှတ်ပုံတင်လက်မှတ်ရ (Ph.D, M.Sc, M.Ed, B.Ed, M.A ဆရာ အတတ်သင်ဆင်း) ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်ကျောင်းကြီး ဖြစ်ပါသည်။

ကျောင်းချိန်နှင့် သွားလာရေး
- မနက် ၈း၀၀ မှ ၁း၃၀ နာရီအထိ၊ ၈၊ ၉၊ ၁၀ အတန်းများ Guide ချိန်ရှိပါသည်။
- ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိပါသည်။

မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို ပိုင်နိုင်စွာ သင်ကြားနိုင်သော အတွေ့အကြုံရှိ ဆရာ၊ ဆရာမများ အလိုရှိသည် (ဆရာဖြစ်လက်မှတ်ပါရှိသူ ဦးစားပေးမည်)။ အင်္ဂလိပ်စာ 4 Skills ၊ ပန်းချီ သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမများ အလိုရှိသည်။

ကျန်းမာရေးဆောင်းပါး



# မင်းကွတ်သီးနှင့် ကျန်းမာရေး

ဒေါက်တာခင်မောင်လွင် (FAME)

**● မင်းကွတ်ပင်နဲ့ မင်းကွတ်သီး**

မင်းကွတ်ပင်ကို အင်္ဂလိပ်လို Mangosteen လို့ခေါ်ပြီး ရုက္ခဗေဒ အခေါ်ကတော့ Garcinia mangostana ဖြစ်ပါတယ်။ ဒီအပင်ရဲ့ မူရင်းဒေသကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံတွေပဲ ဖြစ်ပါတယ်။ အပင်က နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး ခြောက်မီတာကနေ ၂၅ မီတာ ပေအားဖြင့် ပေ ၂၀ ကနေ ပေ ၈၀ လောက်အထိမြင့်ပါတယ်။ အပင်စတင်စိုက်ပျိုးချိန်ကနေ စောရင် ငါးနှစ် ခြောက်နှစ်မှာ အသီးသီးလေ့ရှိပြီး ပုံမှန်အားဖြင့် ရှစ်နှစ်ကနေ ဆယ်နှစ်သားလောက်မှ စတင်ခူးလေ့ရှိပါတယ်။

သူဟာ အီကွေတာရာသီဥတုကို နှစ်သက်ပြီး ပူအိုက်စွတ်စိုတဲ့ ဒေသတွေမှာသာ ပေါက်ရောက်ပါတယ်။ အေးတဲ့ရာသီဥတုကို မကြိုက်ပါဘူး။ ဒါကြောင့် အေးတဲ့နိုင်ငံတွေဖြစ်တဲ့ ကနေဒါ၊ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပနိုင်ငံတွေဟာ မင်းကွတ်သီးကို တင်သွင်းရပါတယ်။ အဓိက အနေနဲ့ ထိုင်းနိုင်ငံကနေ တင်ပို့ပါတယ်။ မင်းကွတ်သီး စတင်သီးရင် အခွံက အစိမ်းရောင်ရှိပါတယ်။ ဒါပေမယ့် ရင့်မှည့်လာရင် တဖြည်းဖြည်းနဲ့ အနီရောင် စပြောင်းလာပြီး ခရမ်းရောင်သန်းလာမှ မှည့်ပြီလို့ ပြောနိုင်ပါတယ်။

**● မင်းကွတ်သီးရဲ့ အာနိသင်**

မင်းကွတ်သီးရဲ့ ဆေးဖက်ဝင် အာနိသင်အကြောင်းကို ပြောရင်အဓိက နှစ်ပိုင်းနဲ့ ပြောရပါလိမ့်မယ်။ အဲ့ဒါကတော့ အတွင်းက အဖြူသား (White flesh) နဲ့ အပြင်အခွံ (Pericarp) ပဲဖြစ်ပါတယ်။



အတွင်းက အဖြူသားက စားလို့ရပါတယ်။ အာဟာရဓာတ်လည်း ကြွယ်ဝစွာ ပါဝင်ပါတယ်။ အပြင်ပိုင်းအခွံကိုလည်း ထပ်မံပြီး အတွင်းပိုင်း ပျော့ပျောင်းတဲ့အလွှာ အန်ဒိုကပ် (Endocarp)၊ အလယ်လွှာ မီဆိုကပ် (Mesocarp)နဲ့ အပြင်ပိုင်း မာကျောတဲ့အလွှာ အိတ်ခ်စိုကပ် (Exocarp) ဟူ၍ သုံးမျိုးထပ်ခွဲနိုင်ပါတယ်။ အခွံဟာ ထူထဲပြီး စားလို့မရပေမယ့် ရောဂါတွေကို ကာကွယ်၊ ကုသရာမှာ ဆေးဖက်ဝင်ပါတယ်။ အမျှင်ဓာတ်တွေ များစွာပါဝင်တဲ့အပြင် ဇန်သုန်း (Xanthone) နဲ့ တန်နင် (Tannins) တွေပါဝင်တာကြောင့် အတွင်းမှာရှိတဲ့ အဖြူသားနဲ့ အစေ့တွေကို ရောဂါပိုးမွှားတွေဖြစ်တဲ့ ဘက်တီးရီးယား၊ မှို၊ ဗိုင်းရပ်(စ်) စတာတွေက ဝင်ရောက်ဖျက်ဆီးခြင်း မပြုနိုင်အောင် ကာကွယ်ပေးပါတယ်။ အဓိက ဆေးဖက်ဝင်တာက ဇန်သုန်းလို့ခေါ်တဲ့ Phytochemicals တွေဖြစ်ပါတယ်။

**● မင်းကွတ်သီး အတွင်းပိုင်း အဖြူရောင်အသားမှာပါတဲ့ အာဟာရဓာတ်တွေ**

မင်းကွတ်သီးအတွင်းပိုင်းက အဖြူသားစားရင် ရနိုင်တဲ့ အာဟာရဓာတ်တွေကတော့-


(၁) ကာဘိုဟိုက်ဒရိတ်အနေနဲ့ အမျှင်ဓာတ်အပါအဝင် ၂၀ ရာခိုင်နှုန်းရရှိနိုင်ပါတယ်။ ဥပမာ ၁၀၀ g စားရင် ၂၀ g ဟာ ကာဘိုဟိုက်ဒရိတ်တွေဖြစ်ပါတယ်။

(၂) ဗီတာမင်တွေ အနည်းငယ်စီမျှတစွာ ပါဝင်နေပါတယ်။ B1,B2,B3(Niacin),B5(Pantothenic acid), B6,B9(Folate) နဲ့ Vitamin C

(၃) သတ္တုဓာတ်တွေအနေနဲ့ ပိုတက်စီယမ်ကြွယ်ဝစွာ ပါဝင်ပြီး ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်နဲ့ ဖော့စ်ဖရပ်တို့လည်း ပါဝင်ပါတယ်။ ဒ့ါအပြင် သွပ်ဓာတ်၊ သံဓာတ်၊ မဂ္ဂနီးလ်ဓာတ်နဲ့ ဆိုဒီယမ်တို့လည်း အနည်းငယ်စီ ပါဝင်ပါတယ်။

**● မင်းကွတ်သီးရဲ့အကာပိုင်းမှာပါတဲ့ဇန်သုန်း**

အပင်ဓာတုဗေဒပညာ (Phytochemistry) အရ ဇန်သုန်းတွေဟာ ဆေးဖက်ဝင်အာနိသင် ထက်မြက်လှတဲ့ ပေါ်လီဖီနောလစ် ဓာတ်ပစ္စည်း (Biologically active polyphenolic compound) ဖြစ်ပါတယ်။



Xanthone Structure

သဘာဝအပင်တွေမှာ ဇန်သုန်းတွေကို သိပ်တွေ့ရလေ့မရှိဘဲ ရှားပါးဓာတ်ပစ္စည်းတစ်ခုလို့ ပြောနိုင်ပါတယ်။ ဇန်သုန်းအမျိုးအစားပေါင်း ၂၀၀ ကျော်ရှိတဲ့အနက် ပါဝင်မှုအများဆုံးနဲ့ အထင်ရှားဆုံးကတော့ မင်းကွတ်သီးပဲဖြစ်ပါတယ်။ မင်းကွက်သီးမှာ ဇန်သုန်းအမျိုးအစားပေါင်း ၄၀ ကျော်ပါဝင်ပြီး အယ်ဖာမန်ဂိုစတင် (a-mangostin)၊ ဂါမာမန်ဂိုစတင် (y-mangostin) နဲ့ ဂါစီနုန်းအီး (Garcinone E) တို့ကတော့ အထင်ရှားဆုံးဖြစ်ပါတယ်။ သူရဲ့ အခြေခံမော်လီကျူးဖွဲ့စည်းပုံကတော့ $C_{13}H_8O_2$ ဖြစ်ပြီး အဖြူရောင်ပုံဆောင်ခဲတွေဖြစ်ပါတယ်။ ကာဗွန် ခြောက်လုံးပါဝင်တဲ့ Ring structure နှစ်ခုပါဝင်ပြီး Double bond တွေနဲ့ ချိတ်ထားလို့ အလွန်ခိုင်ခံ့တဲ့ မော်လီကျူးတည်ဆောက်ပုံရှိပါတယ်။ ဒ့ါကြောင့် အလွယ်တကူ မပျက်စီးနိုင်ပါဘူး။

ဇန်သုန်းကို အမျိုးအစားခွဲရာမှာ သူ့မှာ attached လုပ်နေတဲ့ Hydroxyl group နဲ့ Methoxy group အရေအတွက်ပေါ် မူတည်ပြီး ကွဲပြားသွားပါတယ်။ အမျိုးအစားတစ်ခုချင်းစီမှာ ထူးခြားတဲ့ ဆေးဖက်ဝင်အာနိသင်တွေ ပေးတာခြင်းလည်း နည်းနည်းစီကွဲပြားပါတယ်။

**● ဇန်သုန်းရဲ့ အဓိကအာနိသင်**

အဓိကပေးတဲ့အာနိသင်တွေကတော့ အရောင်ကျစေတဲ့ အာနိသင် (Anti-inflammatory action)၊ အလာဂျီများကို သက်သာစေတဲ့ အာနိသင် (Anti-allergic action) နဲ့ ကင်ဆာရောဂါသက်သာစေတဲ့အာနိသင် (Anti-cancer action) တို့ပဲ ဖြစ်ပါတယ်။ တခြားအာနိသင်တွေလည်း ရှိပါသေးတယ်။ ဥပမာ အရေပြားကို ချောမွေ့စေတဲ့ အာနိသင်၊ ရောဂါပိုးမွှားတွေကို တိုက်ခိုက်နှိမ်နင်းနိုင်တဲ့ အာနိသင်တွေလည်း ရှိပါတယ်။

**● ဇန်သုန်းရဲ့ အရောင်ကျစေတဲ့ အာနိသင်**

အရောင်ကျစေတဲ့ အာနိသင်ကို လေ့လာရာမှာ ဇန်သုန်းတွေဟာသွေးထဲမှာရှိတဲ့ C-reactive protein (CRP) တွေကို ကျစေတာတွေ့ရပါတယ်။ သူက ရောင်ရမ်းရင် ထွက်လာတဲ့ ဓာတ်ပစ္စည်း (Biomarker of inflammation) ဖြစ်ပါတယ်။ သူ့ကို ကျစေခြင်းက အရောင်ကျစေခြင်းလို့ဆိုပါတယ်။ ၂၀၀၉ ခုနှစ်မှာ အမေရိကန်နိုင်ငံမှာရှိ တဲ့ UCLA (University of California,Los Angles School of Madicine) မှာလေ့လာချက်အရ လူ ၁၂၂ယောက်ကို စမ်းသပ်ရာမှာ မင်းကွတ်သီးဖျော်ရည်(အခွံနဲ့အသား)ဟာ ရောင်ရမ်းတာကို သက်သာစေတယ်လို့ ဆိုပါတယ်။



ရက်သတ္တပတ် ရှစ်ပတ်ကြာ သုတေသနပြုလုပ်တဲ့အခါမှာ ရောင်ရမ်းခြင်းရဲ့ Biomarker ဖြစ်တဲ့ CRP တွေဟာ မစားမီနဲ့ စားပြီး နှိုင်းယှဉ်ရာမှာ သိသိသာသာ လျော့နည်းသွားတဲ့အပြင် ရောင်ရမ်းတဲ့လက္ခဏာတွေပါ လျော့နည်းသွားတာတွေ့ရပါတယ်။ ဒ့ါကြောင့် မင်းကွတ်သီး အခွံဟာ ရောင်ရမ်းမှုကို သက်သာစေနိုင်တယ်လို့ ပြောနိုင်ပါတယ်။ ဥပမာ အရေပြားရောင်တာ၊ အဆစ်မြစ်တွေ ရောင်တာ၊ သွေးကြောတွေရောင်တာတွေမှာ အကျိုးရှိပါတယ်။

**● ဇန်သုန်းရဲ့ အလာဂျီတွေ သက်သာစေတဲ့အာနိသင်**

၁၉၉၆ ခုနှစ် ဂျပန်နိုင်ငံ Tohoku University မှာ တွေ့ရှိချက်အရ အယ်ဖာ မန်ဂိုစတင်တွေဟာ Histamine H1 receptor ကို ပိတ်ပင်နိုင်စွမ်းရှိတယ်လို့ သိရပါတယ်။ H1 receptor မှာ ဟစ်တမင်း (Histaminc) တွေ လာရောက်ပေါင်းစပ်ရင် ခန္ဓာကိုယ်အရေပြားမှာ ယားယံခြင်းတွေဖြစ်တတ်ပါတယ်။ မင်းကွတ်သီးစားရင် သူ့မှာပါတဲ့ အယ်ဖာမန်ဂိုစတင်တွေက H1 receptor တွေမှာ သွားပိတ်လိုက်တာကြောင့် ဟစ်တမင်းတွေဟာ လာရောက်ပေါင်းစပ်နိုင်မှုမရှိတော့တဲ့အတွက် ယားယံတာတွေ မဖြစ်တော့ပါဘူး။ အရေပြားရောင်ရမ်းတာတွေပါ သက်သာစေလို့ နှင်းခူးလိုရောဂါဆိုးတွေပါ ပျောက်ကင်းစေကြောင်းတွေ့ရပါတယ်။

ဒ့ါအပြင် နောက်ထပ်ပါဝင်နေတဲ့ ဂါမာ မန်ဂိုစတင်တွေဟာလည်း ဆီရိုတိုနင် ဟန့်တားပစ္စည်း (Serotonergic receptor blockingagent) အနေနဲ့ တာဝန်ထမ်းဆောင်တယ်လို့ဆိုပါတယ်။ ဆီရိုတိုနင် (Serotonin) ဆိုတာလည်း ယားယံတာ၊ ရောင်ရမ်းတာတွေဖြစ်စေတဲ့ နောက်ထပ်ဓာတ်ပစ္စည်းတစ်ခုဖြစ်တာကြောင့် သူ့ကို ပိတ်ဆို့ ဟန့်တားခြင်းက ယားယံတာ၊ ရောင်ရမ်းတာတွေကို သက်သာအောင် လုပ်ပေးတာနဲ့ အတူတူဖြစ်ပါတယ်။




ဒါတင်မကသေးပါဘူး။ အလာဂျီဖြစ်စေတဲ့ အဓိက ဓာတ်ပစ္စည်းတွေဖြစ်တဲ့ ဟစ်တမင်းနဲ့ ပရော်စတာဂလေဒင် အီးတူး (Prostagladin E2) တို့ရဲ့ ထုတ်လုပ်မှုကိုလည်း ဟန့်တားနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် မင်းကွတ်သီးဟာ နာတာရှည် အလာဂျီ ရောဂါသမားတွေ၊ နှင်းခူ ရောဂါသမားတွေအတွက် စားသင့်တဲ့အစားအစာတစ်ခုလို့ ဆိုချင်ပါတယ်။

**● မင်းကွတ်သီးရဲ့ ကင်ဆာရောဂါကို ကာကွယ်တိုက်ဖျက်နိုင်တဲ့အာနိသင်**

မင်းကွတ်သီးဟာ ကင်ဆာရောဂါကာကွယ် တိုက်ဖျက်ရာမှာ အသုံးဝင်တဲ့ သဘာဝသစ်သီးတစ်မျိုးဖြစ်တယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ မင်းကွတ်သီးအပြင်အကာပိုင်းမှာ ကင်ဆာတိုက်ဖျက်နိုင်တဲ့ ဓာတ်ပစ္စည်းတွေများစွာ ပါဝင်နေတာတွေ့ရပါတယ်။ ဒါကြောင့် ရိုးရာ တိုင်းရင်းဆေးပညာတွေမှာတော့ မင်းကွတ်သီးအခွံကို ကင်ဆာရောဂါလို့ ယူဆရတဲ့ အဖုအကျိတ်တွေကုသရာမှာ အသုံးပြုခဲ့ကြတာ နှစ်ပေါင်းထောင်နဲ့ချီ ရှိခဲ့ပါပြီ။ ဒါကြောင့် သိပ္ပံနည်းကျ လေ့လာမှုတွေကို ၂၀၀၂ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ကြပါတယ်။



၂၀၀၂ ခုနှစ်မှာ ထုတ်စေခဲ့တဲ့ Planta Medica လို့ခေါ်တဲ့ ဂျာနယ်မှာ ပထမဆုံး စတင်ဖော်ပြချက်အရ မင်းကွတ်သီးအခွံမှာ ပါဝင်တဲ့ ဇန်သုန်းတစ်မျိုးဖြစ်တဲ့ ဂါစီနုန်း အီး (Garcinone E) ဟာ ဓာတ်ခွဲခန်းမှာ စမ်းသပ် ချက်အရ လူမှာဖြစ်ပွားတဲ့ အသည်းကင်ဆာ၊ အစာအိမ်ကင်ဆာနဲ့ အဆုတ်ကင်ဆာဆဲလ်တွေကို ဟန့်တားနိုင်စွမ်း ရှိတယ်လို့ စတင်ဖော်ထုတ်ခဲ့ပါတယ်။ ဒါကိုမှန်ကန်ကြောင်း ထပ်မံအတည်ပြုစမ်းသပ်ပေးခဲ့တဲ့စာတမ်းတစ်ခုကိုလည်း ၂၀၀၈ ခုနှစ်မှာ ထုတ်ဝေခဲ့တဲ့ Journal of Natural Products မှာ ဆက်လက်ဖော်ပြခဲ့ပါတယ်။



အဲ့ဒီနောက်ပိုင်းမှာ မင်းကွတ်သီးနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးမှာရှိတဲ့ ပညာရှင်တွေဟာစိတ်ဝင်စားမှုမြင့်တက်လာ ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ဂျပန်နိုင်ငံမှာရှိတဲ့ Gifu International Institute of Biotechnology က ပညာရှင်တွေဟာ မင်းကွတ်သီးအခွံမှာ ပါတဲ့ နောက်ထပ် ဇန်သုန်း သုံးမျိုးဖြစ်တဲ့ အယ်ဖာမန်ဂိုစတင်၊ ဘီတာ မန်ဂိုစတင်နဲ့ ဂါမာ မန်ဂိုစတင်တို့ဟာ လူတွေမှာ ဖြစ်တဲ့ အူမကြီး ကင်ဆာဆဲလ် (Human colon cancer cells) ပေါ်မှာ အလွန်ပဲ ထိရောက်စွာ ဟန့်တားနိုင်ကြောင်း တွေ့ရှိဖော်ထုတ်ခဲ့ပါတယ်။ အနည်းငယ်ပေးရုံနဲ့ ထိရောက်မှု ရှိကြောင်းလည်း တွေ့ရပါတယ်။ 5-20 mm (Low concertration) ပေးရုံနဲ့ ကင်ဆာဆဲလ်လေးတွေဟာ သေဆုံးကုန်ကြောင်းတွေ့ခဲ့ရပါတယ်။

၂၀၀၉ ခုနှစ်မှာ ထုတ်ဝေတဲ့ Journal of Agriculture and Food Chemistry မှာ ဖော်ပြချက်အရ လူတွေမှာ ဖြစ်တဲ့ ဆီးကျိတ်ကင်ဆာဆဲလ်တွေကို သေစေနိုင်ကြောင်း ထပ်မံဖော်ထုတ်ခဲ့ပြန်ပါတယ်။

စာမျက်နှာ ၁၇ သို့

## မင်းကွတ်သီးနှင့် ကျန်းမာရေး...

စာမျက်နှာ၁၆မှ

အဲ့ဒီဓာတ်ပစ္စည်းတွေဟာ ကင်ဆာဆဲလ်ပေါ်မှာ ဘယ်လိုဘယ်ပုံဆောင်ရွက်လို့ ကင်ဆာဆဲလ်တွေ သေဆုံးရတယ်ဆိုတာ ဆက်လက် လေ့လာရာ ကင်ဆာဆဲလ်တွေ ပြန့်သွားရာမှာ လိုအပ်တဲ့ Cyclins, cdc 2 နဲ့ p 27 မော်လီကျူးတွေကို ဟန့်တားပျက်စီးနိုင်လို့ ကင်ဆာဆဲလ်ရဲ့ဘဝဖြစ်စဉ် Cell cycle ရပ်တန့်ဆဲလ်တွေဟာ သူ့အလိုလို သေဆုံးခြင်း (Apoptosis) ဖြစ်သွားကြတယ်လို့ ဆိုပါတယ်။

မင်းကွတ်သီးနဲ့ ထိရောက်တဲ့ ကင်ဆာဆဲလ်တွေကတော့ အစာအိမ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အဆုတ်ကင်ဆာ၊ ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ အရိုးကင်ဆာ တို့ဖြစ်ပါတယ်။ ကျန်တဲ့ကင်ဆာတွေကိုလည်း ဆက်လက်လေ့လာနေဆဲဖြစ်ပါတယ်။ အဲ့ဒီအထဲမှာ သွေးကင်ဆာပေါ်ထိရောက်မှုရှိတယ်လို့လည်း နောက်ဆုံးတွေ့ရှိထားပါတယ်။ ဒါနဲ့ ပတ်သက်လို့ ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်ရက်စွဲနဲ့ အမေရိကန်ပြည်ထောင်စု ကျန်းမာရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ အမျိုးသား ကျန်းမာရေးဌာန (National Institute of Health ; NIH) က တရားဝင် စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့ရာမှာ မင်းကွတ်သီးမှာပါတဲ့ ဇန်သုန်းကို စနစ်တကျထုတ်ယူပြီး ကင်ဆာရောဂါကာကွယ်ရေးနဲ့ ကုသရေးမှာ အသုံးပြုနိုင်ပါတယ်လို့ ဆိုပါတယ်။ ကင်ဆာကုသဆေးအနေနဲ့ အသုံးပြုဖို့ မင်းကွတ်သီးဟာ အလားအလာ အလွန်ကောင်းနေတယ်လို့ မှတ်ချက်ပြုထားပါတယ်။

မွှေဖျော်စက်ထဲမှာ ထည့်မွှေရပါတယ်။ အနံ့၊ အရသာပိုကောင်းစေချင်ရင် ပျားရည်နည်းနည်း ထည့်ပေးနိုင်ပါတယ်။ ဒါမှမဟုတ် ထောပတ်သီးအနှစ်အနည်းငယ်ထည့်ပေးနိုင်ပါတယ်။ ဒါမှမဟုတ်နွားနို့နဲ့လည်း ဖျော်သောက်နိုင်ပါတယ်။

မင်းကွတ်သီးဟာ အပင်ကနေခူးပြီး ၁၀ ရက်ကြာရင် စားလို့အကောင်းဆုံးဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ အခွံကလည်း အနည်းငယ်ပျော့နေတော့ ခွဲလို့လွယ်တယ်။ အထဲကအသားကလည်း အဖြူရောင်နို့နှစ်ရောင်ရှိလို့ စားလို့အကောင်း ဆုံးဖြစ်ပါတယ်။ အဲ့ဒီထက် နောက်ကျရင် အခွံကပိုပျော့လာပြီး အတွင်းအသားကလည်း အဖြူကနေအကြည်ရောင် သန်းသွားပါတယ်။ အဲ့ဒီအချိန်မှာ သူ့မှာပါဝင်တဲ့ အာဟာရဓာတ်တွေလည်း လျော့နည်းသွားလို့ကြာလေ စားလို့ မကောင်းလေဖြစ်ပါတယ်။

### • မင်းကွတ်သီးနဲ့သကြားတည့်၊ မတည့်

မင်းကွတ်သီးနဲ့သကြားနဲ့ တွဲမစားရဘူးလို့ အချို့ကပြောပါတယ်။ အဲ့ဒါမှားပါတယ်။ မင်းကွတ်သီးမှာ အရင်ကတည်းက သကြားဓာတ်ပါဝင်ပြီး ဖြစ်ပါတယ်။ ၂၀ ရာခိုင်နှုန်းဟာ ကာဘိုဟိုက်ဒြိတ်လို့ခေါ်တဲ့ သကြားဓာတ်တွေဖြစ်ပါတယ်။ မင်းကွတ်သီးဖျော်ရည်ပြုလုပ်ရင် သကြားပါမှ အခါးဓာတ်ကို ထိန်းနိုင်မှာမို့ သကြားထည့်လေ့ရှိပါတယ်။ တချို့လည်း ပျားရည်နဲ့ ရောဖျော်လေ့ရှိပါတယ်။ ဒါကြောင့် မင်းကွတ်သီးဟာ သကြားနဲ့ မတည့်ဘူးဆိုတာ အယူအဆအမှားတစ်ခု ဖြစ်ပါတယ်။



### • ရိုးရာတိုင်းရင်းဆေးပညာတွင် အသုံးပြုတဲ့ မင်းကွတ်သီးအာနိသင်

အဓိကအနေနဲ့ မင်းကွတ်သီးရဲ့အခွံကို အခြောက်လှမ်းပြီး ရောဂါအမျိုးမျိုးအတွက် အသုံးပြုခဲ့တာတွေ့ရပါတယ်။ အရေပြားရောဂါအမျိုးမျိုး (Skin infection, Eczema)၊ ခြေဖနောင့်ကွဲရောဂါ၊ ထိခိုက်ဒဏ်ရာများ၊ ဝမ်းပျက်ဝမ်း လျှောရောဂါ၊ ဝမ်းကိုက်ရောဂါများ (Diarrhoea and Dysentery)၊ ဆီးလမ်းကြောင်းပိုးဝင်ရောဂါများ (Urinary tract infection, Ganorrhoca)၊ စိတ်ရောဂါ၊ အာရုံကြောရောဂါများ (Mental disorders, Epilepsy)၊ အရိုးရောင်ရမ်းရောဂါ (Osteoarthritis) နဲ့ အဖုအလုံးအကျိတ်တွေကို သက်သာစေတဲ့အာနိသင်ရှိပါတယ်။

### • မင်းကွတ်သီးဖျော်ရည်ပြုလုပ်ပုံ

မင်းကွတ်သီးရဲ့ အတွင်းသားကတော့ စားလို့ရတော့ ဒီအတိုင်းစားလေ့ရှိကြပါတယ်။ ဒါပေမယ့် အပြင်သားကျတော့ စားလေ့မရှိတော့ ဆေးဘက်ဝင်အနေနဲ့ဆိုရင် ဖျော်ရည်လုပ်သောက်မှ အဆင်ပြေပါတယ်။ အတွင်းသားကို ဇွန်းနဲ့ ဖယ်လိုက်ရင် အပြင်ခွံမှာ နှစ်ပိုင်းရှိပါတယ်။ အပြင်ပိုင်းမာကြောတဲ့အခွံနဲ့ အတွင်းပိုင်းပျော့တဲ့အခွံ ဖြစ်ပါတယ်။ ပျော့တဲ့အခွံကိုပဲ ဇွန်းနဲ့ခြစ်ပြီးယူရပါတယ်။ အပြင်ပိုင်းအမာသားနဲ့ ကပ်နေတာတွေတော့ မယူသင့်ပါဘူး။ အင်မတန် ခါးလို့ဖြစ်ပါတယ်။ အဲ့ဒီအခွံပျော့တွေမှာ အာနိသင်ထက်မြက်တဲ့ ဇန်သုန်းလို့ခေါ်တဲ့ ဖလေဗိုနွိုက်တွေပါဝင်နေ ပါတယ်။

အဲ့ဒီအခွံနဲ့အသားကို ရေနွေးနဲ့ဖျော်ပြီး သစ်သီး

### နိဂုံးချုပ်

ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာ ကင်ဆာရောဂါ ဖြစ်ပွားတဲ့နှုန်းဟာ တဖြည်းဖြည်းမြင့်တက်လို့ လာနေပါတယ်။ ကင်ဆာဖြစ်စေတဲ့ အကြောင်းအရင်းတွေထဲမှာ အဓိကကျတာကတော့ လူတွေရဲ့ အနေအထိုင်၊ အစားအသောက်မှားယွင်းလို့ ဖြစ်တာပါ။ ဆေးလိပ်သောက်တာ၊ ကွမ်းစားတာ၊ အရက်အလွန်အကျွံသောက်တာ စတဲ့ကင်ဆာအားပေးတဲ့အပြုအမူတွေကို ရှောင်ကြဉ်ရပါမယ်။အစားအစာနဲ့ပတ်သက်ရင် ကင်ဆာအားပေးတဲ့ အစားအစာတွေကို ရှောင်ကြဉ်ပြီး ကင်ဆာကို ကာကွယ်တိုက်ဖျက်နိုင်တဲ့ အစားအစာတွေကို နေ့စဉ်စားပေးမယ်ဆိုရင် ကင်ဆာဖြစ်ဖို့အလားအလာကို လျော့နည်းစေမှာ အမှန်ပဲဖြစ်ပါတယ်။ အဲ့ဒီအထဲမှာ မင်းကွတ်သီးဖျော်ရည်ဟာလည်း ကင်ဆာမဖြစ်အောင် ကာကွယ်နိုင်စွမ်းရှိလို့ မကြာခဏသောက်သုံးသင့်ပါကြောင်း အကြံပြုပြောကြားလိုပါတယ်။





# မြန်မာ့လက်မှုအနုပညာပြပွဲနှင့်လက်မှု ပစ္စည်းအရောင်းပွဲတော်ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ဖြိုတိသျှကောင်စီ SDC (Swiss Agency for Development and Cooperation) နှင့် New Zero Art Space တို့မှ ပူးပေါင်းပြီး လက်မှုမှုသည် အနုပညာဆီသို့ မြန်မာ့ လက်မှုအနုပညာပြပွဲနှင့် လက်မှုပစ္စည်းအရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၇ နာရီ တွင် ရန်ကုန်မြို့ ကရဝိက်ဥယျာဉ် ကန်တော်ကြီး အပန်းဖြေဥယျာဉ်အတွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းပွဲတော်တွင် ခင်းကျင်းပြသထားသည့် ဆန်းသစ်သော လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှုနိုင်ပြီး လက်မှုရိုးရာဆိုင်ခန်းများတွင် မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ကာ မြန်မာ့တယောပညာရှင်နှင့် ရုပ်သေးပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်သည်။

၎င်းလက်မှုပညာပြပွဲကြီးတွင် ပါဝင်ခဲ့ကြသည့် နယ်ပယ်ဒေသအသီးသီးမှ လက်မှုပညာရှင်များကိုယ်တိုင်လာရောက်ရောင်းချမည့် ဆိုင်ခန်းများ၊ ရန်ကုန်မြို့ရှိ လက်မှုဆိုင်ရာ အဖွဲ့အစည်းများ၊ အရောင်းဆိုင်များ၊ ပညာရှင်များမှ လာရောက် ဖွင့်လှစ်ရောင်းချမည့် စုစုပေါင်းဆိုင်ခန်းငယ် ၅၀ ကျော် ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

**မျိုးကိုကိုဦး**

## ကနီမြို့နယ်တွင် နွေစပါးကို သိပ္ပံနည်းကျစနစ်ဖြင့် ၁၀ ဧကစံပြကွက်စမ်းသပ်စိုက်ပျိုး

**ကနီ ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် နွေစပါးကို ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာ အများစုစိုက်ပျိုးကြပြီး နွေစပါးလျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၂ ရက်က ကနီမြို့နယ် ကနဲကျေးရွာအုပ်စုတွင် ချင်းတွင်းမြစ်ရေဝင်ရောက်သည့် အင်းဘေးတွင် ခေတ်မီ သိပ္ပံနည်းကျ ၁၄ ချက်နည်းစနစ်ဖြင့် ပုလဲသွယ် GW1 ၁၀ ဧက သရုပ်ပြစံပြကွက် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ယင်းဒေသတွင် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီ၌ ကျေးရွာအုပ်စု ၁၂ အုပ်စုမှ ဧက ၇၅၀ နွေစပါးစိုက်ပျိုးရန် လျာထားကြောင်း အဆိုပါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သရုပ်ပြ စံပြစိုက်ကွက်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းမှုများအကြောင်း ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က သိပ္ပံနည်းကျနည်းစနစ် ၁၄ ချက်ကို ပြောကြားခဲ့ကြသည်။

**သန်းဌွေးအောင်(ကနီ)**

## ဟိုနမ့်ကျေးရွာအုပ်စု သမဝါယမအသင်းသား တောင်သူများစိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**မောက်မယ် ဖေဖော်ဝါရီ ၂၄**

မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု သမဝါယမအသင်းသား တောင်သူလယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ဟိုနမ့်ကျေးရွာအုပ်စု ဈေးကုန်းကျေးရွာ ဓမ္မာရုံ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အဆိုပါမောက်မယ်မြို့နယ် ကျေးရွာအတွင်းရှိ တိုင်းရင်းသား တောင်သူလယ်သမားများ ကြွေးမြီကင်းရှင်း၍ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေး ရည်မှန်းချက်အရ ဆောင်းသီးနှံထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သည့် ထုတ်ကုန်အရင်းအနှီးများ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ရည်ရွယ်၍ ၂၀၁၆ ခုနှစ် ဆောင်းသီးနှံစိုက်တောင်သူ ချေးငွေကျပ် ၁၀၅ သိန်း ထုတ်ချေးမည်ဖြစ်ကြောင်း မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများမှ တစ်ဆင့်သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့ပြလူနေမှုစနစ်နှင့် ကျေးလက်လူနေမှုစနစ်ကွာဟမှု ကျဉ်းမြောင်းရေး၊ ဆင်းရဲမှုလျှော့ချရေး၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ၊ ကျေးလက်နေ တိုင်းရင်းသားပြည်သူများအား လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရန်အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနေသည်ကို ကိုယ်တိုင်မြင်တွေ့ နေရကြောင်း၊ အခြေခံလိုအပ်ချက်ဖြစ်သော လမ်း၊ တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ၊ စိမ့်စမ်းရေသွယ်ယူခြင်းစသည့် လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကို အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းစံညွန့်က စိုက်ပျိုးရေးစရိတ်ချေးငွေလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး သမဝါယမအသင်းသားတောင်သူ ၁၀၅ ဦးအား တစ်ဦးလျှင် ကျပ်တစ်သိန်းစီ စိုက်ပျိုးရေးစရိတ်ချေးငွေများကို တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

# ငါ့သရောက်မြို့နယ်တွင် တပြားဆည်ရေဖြင့် ပန်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း၍ ပန်းစိုက်တောင်သူများ အလုပ်ဖြစ်နေ



**ငါ့သရောက် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ အမှတ်(၂)ရပ်ကွက်နေပြည်သူများသည် မိမိတို့ရပ်ကွက်အနီးရှိ တပြားဆည်ကြီးမှ စိုက်ပျိုးရေကိုအမှီပြု၍ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသူများတွင် ဘုရားပန်းစိုက်ပျိုးရောင်းချသူများမှာ အောင်မြင်ဖြစ်ထွန်း၍ နေ့စဉ်ဝင်ငွေရရှိနေကြကြောင်း၊ စိုက်ပျိုးသည့်ဘုရားပန်းများမှာလည်း လူကြိုက်များသည့် မေမြို့ပန်းနှင့် ဂန္ဓမာပန်းများကို အများဆုံးစိုက်ပျိုးရောင်းချနေကြောင်း သိရသည်။

တပြားဆည်ကြီးကို အသစ်ပြန်လည်ပြုပြင်ပေးမှုကြောင့် တပြားဆည်ကြီးတွင် ယခုအချိန်ထိ ရေများရှိနေကာ အမှတ် (၂)ပျဉ်းပင်ရပ်ကွက်မှ ပြည်သူများ မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ရရှိနေခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်မတို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်မှာရှိတဲ့ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်တဲ့သူတွေဟာ ကျွန်မတို့ရပ်ကွက်မှာရှိတဲ့ တပြားဆည်ကြီးကရေကိုပဲ မှီခိုအားထားပြီး လုပ်ကိုင်နေကြတာပါ။ ဒီနှစ်မှာ တပြားဆည်ကြီးကို ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကျွန်မတို့ ငါ့သရောက်မြို့နယ်ကပြည်သူတွေ သောက်သုံးရေနဲ့ စိုက်ပျိုးရေဖူလုံစွာအသုံးပြုနိုင်အောင်ဆိုပြီး အသစ်ပြန်လည်ပြုပြင်ပေးခဲ့ပါတယ်။ ဒီလိုပြုပြင်ပေးခဲ့လို့ အခုအချိန်ထိ တပြားဆည်ကြီးမှာ ရေတွေရှိနေသေးတာပါ။ ဒါကြောင့် ကျွန်မတို့လို စိုက်ပျိုးရေးလုပ်ငန်းရှင်တွေအတွက် သောက်သုံးရေသာမကဘဲ စိုက်ပျိုးရေအတွက်ပါ အကျိုးပြုပေးလို့ အရမ်းကို ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုဆိုရင် ကျွန်မတို့မိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းရှင်တွေဟာ ဒေသနဲ့ကိုက်ညီပြီး အပိုဝင်ငွေရရှိစေတဲ့ ဘုရားပန်းစိုက်ပျိုးခြင်းကို တွင်ကျယ်စွာလုပ်ကိုင်နေကြပါတယ်။ အခု ကျွန်မတို့စိုက်ပျိုးထားတဲ့ မေမြို့ပန်း၊ ဂန္ဓမာပန်းစိုက်ခင်းတွေဟာ စိုက်ပျိုးရေ အပြည့်အဝပေးနိုင်ခဲ့လို့ အရမ်းကိုအောင်မြင်ဖြစ်ထွန်းပြီး မိသားစုအတွက် နေ့စဉ်ဝင်ငွေရရှိနေပါတယ်။

"ဘုရားပန်းများရောင်းရာတွင်လည်း ကျွန်မတို့မြို့က ငါးရက်တစ်ပတ် ဗိုလ်ချိုဈေးမှာ ရောင်းရတဲ့အပြင် ခြံအထိလာရောက်ဝယ်တဲ့ ဖောက်သည်တွေကြောင့် တစ်ပိုင်တစ်နိုင် ဘုရားပန်းစိုက်ပျိုးရေးလုပ်ငန်းဟာ မိသားစုအတွက် တကယ်ပဲအကျိုးဖြစ်ထွန်းနေပါတယ်။ ဘုရားပန်းကတော့ မေမြို့ပန်းက ငါးပင်ကို ငွေကျပ် ၂၀၀ ခန့်၊ ဂန္ဓမာပန်းက နှစ်စည်းလျှင် ငွေကျပ် ၅၀၀ ခန့်ဖြင့် ရောင်းချနေရပါတယ်"ဟု ငါ့သရောက်မြို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်မှ ဘုရားပန်းစိုက်ပျိုးရောင်းချသည့် အမျိုးသမီးတစ်ဦးက ပြောပြသည်။

ငါ့သရောက်မြို့ အမှတ်(၂)ပျဉ်းပင်ရပ်ကွက်အနီးရှိ တပြားဆည်ကြီးအား ယခုနှစ်တွင် ညောင်ဦးမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ငါ့သရောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများကို သောက်သုံးရေနှင့် စိုက်ပျိုးရေလုံလောက်စွာရရှိနိုင်ရေးအတွက် အသစ်ပြည်လည်ပြုပြင်ပေးထားကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေရှားပါးမှုကြုံတွေ့နိုင်သည့်ကျေးရွာများ သောက်သုံးရေဖူလုံရေးဆောင်ရွက်

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၄**

တောင်တွင်းကြီးမြို့နယ်တွင် အယ်လ်နီညိုရိုက်ခတ်မှုဒဏ်ကြောင့် ရေပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေရှားပါးမှုကြုံတွေ့နိုင်သည့်ကျေးရွာများသို့ ဖေဖော်ဝါရီ ၂၂ ရက်က ကွင်းဆင်း၍ သောက်သုံးရေဖူလုံစွာရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၆ ခုနှစ် နွေရာသီတွင် မြန်မာနိုင်ငံအနေဖြင့် အယ်လ်နီညိုသက်ရောက်မှုရှိနိုင်ပြီး အပူရှိန်မြင့်မားခြင်း၊ ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်းများကြုံတွေ့နိုင်သောကြောင့် မြို့ပေါ် ၁၀ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၂၈၀ တို့မှ ကျေးလက်ပြည်သူများအနေဖြင့် လူနှင့်တိရစ္ဆာန်များအတွက် အဓိကလိုအပ်သည့် သောက်သုံးရေကို အလေအလွင့်မရှိ စနစ်တကျသုံးစွဲရန်လိုအပ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောကြားခဲ့သည်။

တောင်တွင်းကြီးမြို့နယ်တွင် ကြက်ဆူတော၊ ဝါးခြမ်းကာ၊ ဝါးသုံးပြူး၊ ကျွန်းတော၊ မြေလမ်းခွဲ၊ ကံကြီးကုန်း စသည့်ကျေးရွာများသည် ရေရှားပါးမှုကြုံတွေ့နိုင်သဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ သောက်သုံးရေဖူလုံစွာရရှိရေး ကြိုတင်စီမံဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ **(၅၈၀)**

# မင်းဘူးမြို့နယ်အတွင်းရှိကျေးရွာများတွင် အသိပညာပေးဟောပြောပွဲများဆောင်ရွက်

**မင်းဘူး ဖေဖော်ဝါရီ ၂၄**

မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတများရရှိ၍ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စုပေါင်းဟောပြောပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်က ဆင်လမ်းကြီးကျေးရွာ၊ မောင်းမကန်ကျေးရွာနှင့် မုန်တောင်ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။

အဆိုပါကျေးရွာများတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး ရဲအုပ်ကျော်ဇင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်း ဟောပြောခြင်းနှင့် သရုပ်ပြခြင်းများကိုလည်းကောင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းက မီးဘေးလုံခြုံရေးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်က အသိပညာဗဟုသုတတိုးပွားစေရန် စာဖတ်ကြပါခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**သဲစုစုစိမ့်**










## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၃၁)၊ ဦးပိုင်အမှတ်(၃-ခ)၊ ၅၆×၅၇ လမ်းကြား၊ မင်းရဲကျော်စွာ× ဗထူးလမ်းကြားရှိ ဦးအေးမင်းအမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးသန်းဝင်း[၁၂/ပဇတ(နိုင်) ၀၂၆၉၉၈]မှ မြေချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကားဝယ်လိုသည်

လက်ရှိအသုံးပြုနိုင်သော
၆ဘီးခေါင်းတွဲ (Japan used)နှင့် ၁၂ဘီးခြင်းတွဲ (China)
ဆက်သွယ်ရန် Ph: 09-420197967

စိန်ငါးလုံး အမှတ်တံဆိပ် အာရုံကြောဆေး
ဦးခေါင်း မျက်စိမကြည်ခြင်း၊ သတိမှတ်ဉာဏ်အားနည်းခြင်း၊ မူးဝေအော့အန်ခြင်း၊ ထိုင်းမှိုင်းလေးလံခြင်း၊ အကြောများမှုထုံးခြင်း၊ ခြေ လက်များကောက်ကွေးခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ သွေးကြောပိတ်ခြင်း၊ လေငန်းပမ်း၊ လေဖြတ်ခြင်းတို့အတွက် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး အာရုံကြောဆေးကို သောက်ပါ
၀၉ ၇၃၁၅၅၃၅၇ K လှထုဆေးဆိုင်၊ ၂၄ လမ်း၊ ရန်ကုန်မြို့။
၀၉ ၄၂၁၀၄၀၀၀၅ ကိုဝင်းမြင့်ဆေးဆိုင်၊ ၁၅ လမ်းထိပ်၊ ရန်ကုန်မြို့။

# ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ

အရောင်းစင်တာတစ်ခုဖြစ်သည့်

**PRO 1 Home Center** ၏ တတိယမြောက်

**Satsan Branch** ဆိုင်သစ်ကြီးအား

**20.2.2016** ရက်နေ့တွင်

အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

ဆတက်ထမ်းပိုး တိုးချဲ့ဖွင့်လှစ်နိုင်ပါစေကြောင်း

လှိုက်လှိုက်လှဲလှဲ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

OPPLE Light up a wonderful life | SCG | DOS TOTAL ENVIRONMENTAL MANAGEMENT | HÄFELE | JOMOO The Expert of Kitchen & Bathroom

ROBAM Enjoy Cooking Life | TOA | sto | CROCODILE USA | UPG

Kangaroo | HITACHI | BETEX | YAZAKI | IB WOOD CARE

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နေ ဦးကြီးညွန့်-ဒေါ်ခင်မေဝင်းတို့၏သား

**မောင်မင်းညီညီ B.Sc (Hons). Nautical Science** နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဦးလှမြင့်-ဒေါ်တင်တင်နွယ်တို့၏သမီး

**မထက်ထက်အောင် B.A (English)**

တို့သည် ၁၃-၂-၂၀၁၆ရက်(စနေနေ့)တွင် နှစ်ဖက်သောမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်မင်းညီညီ-မထက်ထက်အောင်

## မင်္ဂလာသက် နှစ်(၃၀)ပြည့် ဆုမွန်လွှာ

၂၅-၂-၂၀၁၆ရက်တွင် ကျရောက်သော ဖေဖေ **ဦးသက်ဆွေအေး** (ဒုတိယဥက္ကဌ၊ မြန်မာနိုင်ငံသည့်လမ်းညွှန်များအသင်း၊ ကိုရီးယားသည့်လမ်းညွှန်)နှင့် မေမေ **ဒေါ်ဥမ္မာလင်း**(စံလက်ရာ)တို့၏ မင်္ဂလာသက် နှစ်(၃၀)ပြည့်မှသည် ပျော်ရွှင်စရာနေ့ရက်များ ဖြတ်သန်းနိုင်ပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

**သမီး-ရွှန်းလဲ့သက်ဆွေ**

## ပိဋကတ်သုံးပုံ ပါဠိတော် မြန်မာပြန်စာမေးပွဲ ဝင်ခွင့်လျှောက်လွှာများခေါ်ယူခြင်း

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော ပိဋကတ်သုံးပုံပါဠိတော် မြန်မာပြန်စာမေးပွဲကို ၁၃၇၈ခုနှစ် (၂၀၁၆)ခုနှစ်၌ စတုတ္ထအကြိမ် ကျင်းပမည်ဖြစ်ပါ၍ ဝင်ရောက်ဖြေဆိုလိုသော ပုဂ္ဂိုလ်များ (ရဟန်းရှင်၊ လူ မည်သူမဆို) (၁၃၇၇ခုနှစ်၊ တပို့တွဲလပြည့်နေ့) ၂၀၁၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်(အင်္ဂါနေ့)မှစတင်၍ (၁၃၇၇ခုနှစ်၊ တပေါင်းလကွယ်နေ့) ၂၀၁၆ခုနှစ်၊ ဧပြီလ ၇ရက်(ကြာသပတေးနေ့)ကို နောက်ဆုံးထားကာ စာမေးပွဲဝင်ခွင့်လျှောက်လွှာများ တင်သွင်းနိုင်ကြပါသည်။ စာမေးပွဲဝင်ခွင့်လျှောက်လွှာပုံစံများကို ဓမ္မဗိမာန် (ရှိုင်းဟုပ်ကုမ္ပဏီ၊ ပရဟိတရုံးခန်း)၊ အမှတ်-၂၅၊ ယုဇနစီးပွားရေးစင်တာ၊ ဒုတိယထပ်၊ ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၉၀၄၉၇၂၊ ၀၉-၄၉၂၂၀၇၂၁၊ ၀၉-၂၅၆၀၇၁၃၉၀သို့လည်းကောင်း၊ အောင်မင်္ဂလာဓမ္မသိပ္ပါလယဗုဒ္ဓစာပေသင်တန်းကျောင်း၊ တောင်စလင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ ၆၂-လမ်း၊ ၃၂-လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၀၀၅၆၉၇၊ ၀၉-၉၁၀၂၄၀၅၉သို့လည်းကောင်း၊ သာမဏေကျော်စာသင်တိုက်၊ ဥဿာမြို့သစ်၊ (၁၈)ရပ်ကွက်၊ ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၁၅၆၁ သို့လည်းကောင်း ဆက်သွယ်ထုတ်ယူနိုင်ပါသည်။

## ဥပဒေ အကယ်ဒမီ

Mandaing Law Academy

**မူပိုင်ခွင့်သင်တန်းများ**

**မတ်လ(၅)ရက်နေ့ စတင်မည်။**

- WIPO On-Line မှတ်ပုံတင်ခြင်း၊ ဖြေဆိုခြင်းနှင့် အောင်လက်မှတ် ရရှိသည် အထိ။
- On-Line မှတ်ပုံတင်ရန် ကြိုတင်အပ်နှံပါ။
- အမှတ် 113၊ 31 လမ်း၊ (အလယ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-01-377710 / 01-708847

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အင်းစိန်လမ်းနေ

ဦးစိန်ဝင်း-ဒေါ်အေးအေးခိုင်တို့၏သား

ဒေါက်တာဟန်နီကို **(M.B.,B.S-Ygn)**

နှင့်

မုံရွာမြို့၊ ရုံးကြီးရပ်၊ ဝေဠုဝန်လမ်းနေ

ဦးအောင်မိုးကျော်-ဒေါ်ခင်မျိုးဝင်းတို့၏သမီး

မအိသန္တာအောင် (**1st Year,Yadanarpon Cyber City**)

တို့သည် ၁၄-၂-၂၀၁၆ ရက်တွင် နှစ်ဖက်မိဘဂုဏ်သရေရှိလူကြီးများရှေ့တွင် နှစ်ဦး သဘောတူ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**ဒေါက်တာဟန်နီကို-မအိသန္တာအောင်**

## (၁၁)ကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်း

(၆-၃-၂၀၁၆ - ၂၀-၃-၂၀၁၆)

**ဓမ္မရတနာသာသနာ့ရိပ်သာ**

**နန္ဒင်းကုန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

ဖုန်း-၀၁-၅၇၁၆၄၂၊ ၀၉-၇၉၅၅၇၀၂၇၅

**သင်တန်းတက်ရောက်လိုသူများ အမည်စာရင်းပေးသွင်းနိုင်ပါပြီ။**

သင်တန်းဖြစ်မြောက်ရေးအဖွဲ့

ဓမ္မရတနာသာသနာ့ရိပ်သာ




## ASEAN Engineer (AE) နှင့် Associate ASEAN Engineer (AAE) လက်မှတ်များအတွက် အဆိုပြုလျှောက်လွှာများ ခေါ်ယူခြင်း

၂၀၁၆ခုနှစ်အတွက်ASEAN Engineer (AE) နှင့် Associate ASEAN Engineer (AAE) မှတ်ပုံတင် လက်မှတ်များကို ၂၀၁၆ခုနှစ်၊ နိုဝင်ဘာလတွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် အာဆီယံအင်ဂျင်နီယာများ အသင်းချုပ်ညီလာခံ (CAFEO-34)တွင် ချီးမြှင့်မည်ဖြစ်ရာ လျှောက်ထားလိုသော အရည်အချင်းပြည့်မီသည့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ စိစစ်၍ ထောက်ခံတင်ပြပေးမည် ဖြစ်ပါသဖြင့် လျှောက်ထားလိုသူများသည် ၂၀၁၆ခုနှစ်၊ မတ်လ(၂၈)ရက် နေ့နောက်ဆုံးထား၍ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

လျှောက်ထားလိုသူများ၏ အရည်အချင်း သတ်မှတ်ချက်များကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (ဖုန်း-၅၁၉၆၅၃-၆)တွင် စုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

---

လက်ရှိစီးပွားရေးပြုလုပ်နေဆဲဖြစ်သော "SINGAPORE KITCHEN" စားသောက်ဆိုင်ကို ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆိုင်နေရာသစ် လုပ်ဆောင်လိုသူများ ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၄၂၀၁၈၅၅၃၄

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃/M)၊ မြေကွက်အမှတ်(I Class-I၅/ခ+၆/က)၊ မြေကွက်တည်နေရာအမှတ်(၂)၊ စကားစိမ်းလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ဦးနေဦး၊ ဒေါ်ခင်အေးကြည် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဒေါ်ခင်အေးကြည်၏အစုကို စွန့်လွှတ်စာချုပ်အမှတ် ၃၇၄၀/၁၈-၁၀-၂၀၁၃ဖြင့် ပိုင်ဆိုင်လာသူ ဦးနေဦးသည်၂၅-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ်-၁၉၀/၂၀၁၄၏၂၃-၁၂-၂၀၁၄ ရက်စွဲပါအမိန့်နှင့် ၂၀-၃-၂၀၁၅ရက်စွဲပါ သေတမ်းစာအတည်ပြုလက်မှတ်အရ ခန့်အပ်ခြင်းခံရသူ ဦးမောင်မောင်လွင်(ခ)ရှူးတော့ဆင်မဆင်[၁၂/အလန(နိုင်)၀၃၃၆၁၁]၊ ဦးတင်ကျော်ထွေး[၁၂/အလန(နိုင်)၀၃၃၆၃၁]တို့က ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၁၉၀/၂၀၁၅၏ ၁၉-၁၀-၂၀၁၅ရက်စွဲပါ စီမံခန့်ခွဲခွင့်အမိန့်တို့ကိုတင်ပြ၍ အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာချက်

သဃ်န်းကျွန်းမြို့နယ်၊ က-ရပ်ကွက်၊ သစ်ပင်ပန်းလမ်း၊ အမှတ်(၅၇/က)၊ (၅၇/ခ)၊ (၅၉/က)၊ (၅၉/ခ)တွင် အဆောက်အအုံများကို ပြီးစီးအောင်ဆောက်လုပ်ခြင်းမရှိဘဲ မြေရှင်နှင့် ဆောက်လုပ်သူတို့အားဆက်သွယ်ရာ ဆက်သွယ်မရရှိသဖြင့် အဆိုပါအဆောက်အအုံများကိုပြီးစီးအောင် ဆက်လက်ဆောက်လုပ်လိုကြောင်း နေထိုင်သူနှင့်အခန်းဝယ်ယူထားသူများမှ ဤဌာနသို့တင်ပြလျှောက်ထားလာပါသဖြင့် အဆောက်အအုံပြီးစီးအောင်ဆက်လက်ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသောအထောက်အထားများနှင့်တကွ ကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဌာနသို့လာရောက်ကန့်ကွက် နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောတင် အသက်(၉၀)

ဟသ်ာတမြို့၊ ဥယျာဉ်မြောက်ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၉၃)နေ ဒေါ်ယဉ်မြင့် (အထက-၁၊ ဟသ်ာတ)၊ ဦးငွေဝင်း-ဒေါ်ခင်စန္ဒာမိုး၊ ဒေါ်မြင့်မြင့်စိန် (အထက-၅၊ ဒဂုံအရှေ့၊ ရန်ကုန်)တို့၏မွေးသမိခင်၊ မောင်ရဲဘုန်း၏အဘွား ဒေါ်စောတင်သည် ၂၀-၂-၂၀၁၆ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၂-၂၀၁၆ (တနင်္လာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့)တွင် ဟသ်ာတမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်ဝင်း(ဒုညွှန်ကြားရေးမှူး-ငြိမ်း၊ ကြေးတိုင်နှင့်မြေစာရင်း) အသက် (၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကွမ်းခြံအလယ်ပိုင်း၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၂၀၂)နေ (ဦးတင်ရှိန်)-ဒေါ်ခင်တင့်(ဒေါင်းတံဆိပ်ဆေးလိပ်ခုံ)တို့၏သား၊ (ဦးတင်မြင့်-ဒေါ်အေးကြည်)၊ ဗိုလ်မှူးလှထွန်း(ငြိမ်း) [ညွှန်မှူး၊သတင်း-ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း]-ဒေါ်ညွှန့်ညွှန့်သန်း (ညွှန်မှူး-ငြိမ်း၊ ဟိုတယ်နှင့်ခရီး)၊ ဦးထွန်းဝေ (အလပြ-ငြိမ်း)၊ [ဒေါ်အမာ (အထပြ)]၊ ဦးအောင်ကျော်-ဒေါ်ဖြူဖြူဝင်း(ဒုလ/ထ ညွှန်ကြားရေးမှူး၊ MPPE-နေပြည်တော်)၊ ဒေါက်တာကြီးအောင် (သွားအထူးကုဆရာဝန်၊ အနောက်ပိုင်းဆေးရုံ)-ဒေါ်ခင်မြတ်မော်၊ (ဦးကြည်တိုး)-ဒေါ်စန်းစန်းရွှေ၊ ဦးစိုးဝင်းလှိုင် (A/B BLUE PLANET SHIPPING LTD)တို့၏အစ်ကို၊ (ဒေါ်သီတာအောင်)သား ဦးဇေယျာဝင်း-ဒေါ်ရွှေစင်ဝင်း၊ ဒေါ်စုမြတ်ဝင်းတို့၏ဖခင်၊ ဒေါ်သန်းသန်းချို၏ခင်ပွန်း၊ မစုမြတ်စံ၊ မောင်ထက်ဝေယံနိုင်၊ မစုတွယ်တာဝင်း၊ မစုပြည့်စုံဝင်းတို့၏ဖခင်သည် အမှတ် (၈၃၂)၊ မာဃ (၁၀)လမ်း(အထက်)၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပ နေအိမ်၌ ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
## ဦးခင်မောင်အုန်း (၈၁)နှစ်
ဆိပ်ကမ်းအာဏာပိုင်(ငြိမ်း)၊
ပုသိမ်အသင်း(ဂုဏ်ထူးဆောင်နာယက)
ငါးသိုင်းချောင်းအသင်း(နာယက)
(ငါးသိုင်းချောင်း)

ငါးသိုင်းချောင်းမြို့နေ (ဦးလှထွန်း-ဒေါ်သန်း)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်ကောက်)-ဒေါ်ကြည်တို့၏ သားသမက်၊ ဒေါ်နွဲ့ရီ၏ခင်ပွန်း၊ မောင်မင်းညွန့်စိုး၏ဖခင် အသင်း၏ နာယကကြီး ဦးခင်မောင်အုန်းသည် ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီတွင် ကြည့်မြင်တိုင် အရိုးအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းဝင်များအားသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီကမာလွဒ္ဒီးန်(ခ)ဦးခင်ဝင်း အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ (၃၂)လမ်း၊ အမှတ်(၂၁၉)နေ ဟာဂျီမဖွာသွေမာဟ်ဘီ(ခ)ဒေါ်နှင်းနွယ်စိုး၏ခင်ပွန်း၊ ဒေါ်ခင်နွယ်ဝင်း၊ ဦးဇော်ဝင်း၊ ဦးမျိုးဝင်း၊ ဦးနိုင်ဝင်း၊ ဦးဇော်မျိုးနိုင်တို့၏ဖခင် ဟာဂျီကမာလွဒ္ဒီးန်(ခ) ဦးခင်ဝင်းသည် ၂၂-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၁၀း၃၅နာရီတွင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၂-၂၀၁၆(တနင်္လာနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးစွန္နီကဗရ်စတန်ဥယျာဉ်၌ ဂျနာဇာနမားဇ် ဖတ်ပြီး၊ ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
ရဟန်းသံဃာများအား
ပြည်တွင်းပြည်ပ ဓမ္မဒါန ဘုရားဖူး
ပို့ဆောင်ပေးသူအလှူ့ဒါယိကာမကြီး
## ဒေါ်အေးအေးမာ အသက်(၅၀)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၁၁၉/A)၊ သမိန်ဗရမ်းလမ်းနေ (ဦးစိန်-ဒေါ်ရီ)တို့၏သမီး၊ ဦးကံထူး-ဒေါ်ဝင်းမာ၊ ကိုဟန်မြင့်-(မသူဇာလွင်)၊ ဦးသိန်းသန်း၊ ဒေါ်စိန်စိန်၊ ဒေါ်ညိုညိုတို့၏ညီမ၊ တူ/တူမ ၁၈ ယောက်တို့၏အဒေါ်၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၀-၂-၂၀၁၆ (စနေနေ့) နံနက် ၃ နာရီတွင် ပြင်ဦးလွင်မြို့၊ မိုးကြိုးစံပြကွက်သစ်၊ အမှတ်(၇၀) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၂-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၁၁၉/A)၊ သမိန်ဗရမ်းလမ်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးသက်ထွန်း (၆၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလ္လကုန်းငှေးကွယ်(က)ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ်(၄၅)၊ ပထမထပ်(ဝဲဘက်)နေ (ဦးရွှေမြ-ဒေါ်ချစ်စိန်)တို့၏သား၊ ဦးသန်းဆွေဝင်း-(ဒေါ်ခင်အေးမြင့်)၊ (ဦးလှဝင်း)-ဒေါ်ထားထားရီ၊ ဦးစိန်တင်-ဒေါ်ခင်အေးနွယ်၊ ဦးမျိုးသိမ်းတို့၏အစ်ကိုကြီး၊ (ဦးအောင်စိန်-ဒေါ်ညွှန့်ရီ)တို့၏ သားသမက်၊ ဒေါ်တင်တင်ဝင်း(တရားလွှတ်တော်ရှေ့နေ)၏ခင်ပွန်း၊ ဒေါ်ဝါဝါထွန်း-ဦးခင်မောင်သိန်း၊ ဒေါ်အိအိခိုင်၊ ဦးကျော်ကိုကိုသွင်-ဒေါ်သင်းသီရိအေးတို့၏ဖခင်၊ မမျှုးပြည့်စုံ(အထက-၂၊ လသာ)၊ မသွန်းဝတီ(အထက-၁၊ သင်္ဃန်းကျွန်း)၊ မသွန်းသီရိသွင် (Lunbini Academy)၊ မမီမီကိုတို့၏အဘိုးသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးအေးကြူ(ပုလောမြို့) အသက်(၆၆)နှစ်
အသင်းဝင်အမှတ်-၆၀၉

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်ခင်ခင်အုန်း၏ခင်ပွန်းသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဦးအောင်ငွေ(ခ)ဦးအောင်ထွေး အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၈၈)၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ မန်ကျည်းတန်းမြောက်/အရှေ့ရပ်ကွက်နေ (ဦးမောင်ဟန် - ဒေါ်စန်းခင်)တို့၏ သားငယ်၊ ဒေါ်ခင်ဝင်းကြည်၏ခင်ပွန်း၊ မမြတ်ဆုမွန်-မောင်အောင်ငြိမ်းချမ်းတို့၏ ဖခင် ဦးအောင်ငွေ(ခ)ဦးအောင်ထွေးသည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အာနိစ္စ

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
## ဦးမြဟန် (၈၉)နှစ်
(ဆည်မြောင်း-ငြိမ်း)
ဓနုဖြူမြို့နယ်အသင်းနာယက

ရန်ကုန်မြို့၊ အလုံမြို့နယ် ၅ာန ရပ်ကွက်၊ ဧရာဝတီလမ်း၊ အမှတ်(၈၇)၊ ပထပ်(ခေါင်းရင်း)နေ (ဦးတင်မောင်-ဒေါ်စောခင်)၏သား၊ (ဒေါ်အုန်းကြည်)၏ခင်ပွန်း၊ ဦးမိုးကိုဦး(ဓာတ်ပုံ/ဗွီဒီယို)(ခ) ကိုကိုဦး-(မနှင်းဝတ်မြ)၊ ဦးဝေယံထွန်း(ခ)ထွန်းထွန်းဦး-ဒေါ်နွယ်နီအောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်နေမျိုးသီဟ၊ မအိမ့်ပန်းသခင်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆(အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးတင်လတ် (၈၈)နှစ်
ဗဟိုတရားရုံးချုပ်ရှေ့နေနှင့်နိုတာရီပဗ္ဗလစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဖိုင်းရွာမရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၂)၊ မြေညီထပ်နေ (ဦးကံကြီး-ဒေါ်ငွေခင်)တို့၏သား၊ ဦးတင်ထွဋ်-ဒေါ်ဖြူဖြူလတ်၊ ဦးသန့်ဇင်-ဒေါ်တိုးစန္ဒာဦး၊ (ဦးမျိုးဇင်)၊ (ဦးကျော်တင်)၊ ဦးရဲဝင်း-ဒေါ်ဥမ္မာအောင်၊ ဦးထွန်းထွန်းနိုင်(ညွှန်ချုပ်အမြဲတမ်းအတွင်းဝန်-အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)-ဒေါ်ခင်ဆွေလတ်(ညွှန်မှူး-ဗဟိုစာရင်းအင်းအဖွဲ့)တို့၏ချစ်လှစွာသောဖခင် ဦးတင်လတ်သည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး နံနက် ၁၀နာရီတွင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းရွှေ (၅၆)နှစ်
(လေးတောင်၊ ဇရပ်ပြင်ရွာ)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ ဇရပ်ပြင်ရွာနေ ဦးကျော်ဘ-ဒေါ်အေးခင်ဦးတို့၏သမီး၊ ဦးရွှေစော-ဒေါ်နှင်းစိန်တို့၏သမီးချွေးမ၊ ဦးကျော်ရင်-(ဒေါ်ခင်မြရီ)၊ ဦးခင်ရွှေ-ဒေါ်စောညွန့်ခင်၊ ဦးတင်မြင့်-ဒေါ်လှရီ၊ ဦးမြင့်သိန်း-ဒေါ်မွေးခင်ခင်၊ ဦးကျော်တင့်-ဒေါ်သန်းရီ၊ (ကိုသိန်းလှိုင်)၊ မခင်မြင့်ရီ၊ ဦးသန်းအောင်-ဒေါ်စန်းရီတို့၏ အစ်မကြီး၊ အမှတ်(၇၄၄-ခ)၊ ဗေဒါ(၂)လမ်း၊ (၈)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်နေ ကိုဇော်မင်း-ဒေါ်ပပလင်း၊ ကိုဇော်လင်း(ခေတ္တ-USA)တို့၏မိခင်၊ မရွှန်းလဲ့ဝင်း၊ မောင်ဟန်ထူးအောင်တို့၏ အဘွား၊ (ဦးလှရွှေ)၏ဇနီးသည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၁၆ (ကြာသပ တေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၁၅နာရီ၊ ဂွတ္တလစ်လမ်းဆုံနှင့် ကမာရွတ်ဘုတာရုံ လမ်းမှ ကားများ မွန်းလွဲ ၁နာရီတို့တွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၁၆ (တနင်္လာနေ့) နံနက်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ဗေဒါ(၂)လမ်း၊ အမှတ်(၇၄၄-ခ)နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျော်စိုး (၄၃)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အလုံလမ်း၊ အမှတ်(၁၆၄)၊ လေးလွှာ(ဘီ)နေ (ဦးမောင်မောင်စိုး-ဒေါ်သန်းသန်းမြင့်)တို့၏သား၊ ဒေါ်သင်းသန္တာစိုး၏အစ်ကို၊ ဒေါ်နန့်မြမြသန်း၏ခင်ပွန်း၊ မသင်းသရဖီစိုး၏ဖခင် ဦးအောင်ကျော်စိုး (Bosun)သည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) မြန်မာစံတော်ချိန် ည ၇း၀၅ နာရီတွင် အီတလီနိုင်ငံ၊ နေပယ်မြို့အနီး ပင်လယ်ပြင်ရှိ (ALICE RICKMERS) သင်္ဘောပေါ်၌ ရုတ်တရက် ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်နေ့ရက်၊ အချိန်ကို ထပ်မံအသိပေး အကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဝင်း (၆၉)နှစ်
(ဒေးဒရဲ၊ ဆူးကလပ်)

ရန်ကုန်မြို့နေ (ဦးစိန်ဖေ-ဒေါ်မြကြည်)တို့၏သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပုသိမ်လမ်း၊ အမှတ်(၂၄) (၅/၆)လွှာနေ (ဦးတင်ငွေ)၏ဇနီး၊ ဦးဝင်းလှိုင် (CONTINENTIAL SHIPPING LINE PTE-LTD)-ဒေါ်ဝေမာဦး (မြို့မကျောင်းသူဟောင်း)၊ ဒုတပ်ကြပ်ဦးစိုးမင်းလတ်(ရေးမြို့)၊ ဦးအောင်ခိုင်ရှိန်-ဒေါ်ဆွေမာဦး(မြန်မာနိုင်ငံကြက် တောင်အဖွဲ့ချုပ်၊ အမှုဆောင်) (SHINING STAR ကြက်တောင်အသင်း)၊ ဦးအောင်စိုးမိုး၊ ဦးကျော်ဇေယျာထူး-ဒေါ်ခင်ချောစု (SHINING STAR ကြက်တောင်အသင်း)တို့၏ချစ်လှစွာသောမိခင်၊ မောင်သန်းဇော်ဦး၊ မောင်အောင် မျိုးထူး(မြန်မာ့လက် ရွေးစင်ကြက်တောင်)၊ မောင်သော်ဇင်၊ မောင်အောင်သူရထူး (အ. ထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောအဘွားသည် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးမျိုး(ခ)ဦးမျိုးဝင်း (၆၅)နှစ်
MICB (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ လေးထောင့်ကန်ကျေးရွာနေ (ဦးအေးမောင်-ဒေါ်ညွန့်)တို့၏သား၊ ဦးသိန်းနိုင်-ဒေါ်ခင်မေရီ၊ ဦးခင်မောင်ဝင်း-ဒေါ်မေမေလင်းတို့၏မောင်/ညီ၊ ဦးဇော်ဝင်း-ဒေါ်ထားထားရီတို့၏အစ်ကို၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်းလမ်း၊ အမှတ်(၉/ခ/၂)နေ ဒေါ်မြကြည်(MEB-ငြိမ်း)၏ခင်ပွန်းသည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) နံနက် ၀၀း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၁၆ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရဲမင်းကျော် (၄၃)နှစ်
**Product Manager, ZTE Corporation, Myanmar Office**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ အမှတ် (၃၄၀/ခ)နေ ဦးကျော်မြင့်-ဒေါ်တင်ရှိန်တို့၏သားငယ်၊ မိတ္ထီလာမြို့၊ စက်မှုဇုန် (၂)လမ်းနေ ဦးဝင်း-ဒေါ်ဖြူတို့၏သားသမက်၊ ဦးဇော်မင်းကျော်(ငွေပင်လယ် မွေး/ရေ ကုမ္ပဏီလီမိတက်)-ဒေါ်သီ တာလှိုင်(ရိုးမဘဏ်၊ FM ဘဏ်ခွဲ)၊ ဒေါ်တင်တင်ကျော်(လဝက၊ တောင်ဥက္ကလာပမြို့နယ်)၊ ဦးကျော်ခိုင်(Graphic Designer)-ဒေါ်သက်ထားကျော် (မြဝတီဘဏ်လီမိတက်၊ ရုံးချုပ်)၊ ဦးထိန်လင်း (Banana Bakery)-ဒေါ်မြမြသောင်း၊ ဦးထိန်ဝင်း-ဒေါ်မြသက်နှင်းတို့၏ ညီ/မောင်၊ ဒေါ်ငွေငွေဝင်း၏ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်တေဇာကို (Grade-V, အထက-၂ ဒဂုံ)၊ မောင်ဘုန်းဇေယျာကို(Grade-I, အထက-၂ ဒဂုံ)တို့၏ ချစ်လှစွာသောဖခင် ဦးရဲမင်းကျော်သည် ၂၃-၂-၂၀၁၆ (အင်္ဂါနေ့) ည ၁၀း၅၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၆ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ရီ(ခ)ချွာရှုပ်ခိန်း(ခ) ချွာစစ်ခိုင် (၉၁)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၂)လမ်း၊ အမှတ်(၈၄)နှင့် တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၁၃၄)နေ [ဦးကျင်ဟန်(ခ)ဂန်အီတိုး]၏ဇနီး၊ ဒေါက်တာတင်ရွှေ-ဒေါ်ခင်မျိုးသန့်၊ ဒေါ်တင်တင်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မတင်မျိုးဦး၊ ကိုတင်မျိုးဟန်-မမြတ်ရည်ဝင်း၊ ကိုတင်မျိုးအောင်တို့၏ အဘွားသည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၆(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တာမွေနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရားရဟန်းသိမ်ကျောင်းဒါယိကာမကြီး
## ဒေါ်ဝင်းစိန်(ပဲခူး) (၈၄)နှစ်
သဘင်အစည်းအရုံးဝင်၊
သက်ကြီးကန်တော့ခံ

တိုက်(၉)၊ အခန်း(၁၀၃)၊ ပထမထပ်၊ (၇)ရပ်ကွက်၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် ပဲခူးမြို့၊ နောင်ပတ္တရာရွာနေ (ဦးဘလွန်း-ဒေါ်တင်)တို့၏သမီး၊ (ပဲခူး ပန်းချီမြရွှေ)၏ဇနီး၊ (ဦးထွန်းမြင့်-ဒေါ်တင်ဦး)၊ (ဦးစိုးဟန်)-ဒေါ်အေးသိန်းတို့၏အစ်မ၊ ရဲမှူးလေးဝင်း(ငြိမ်း)-ဒေါ်ခင်မြဝင်း (အလပြ-ငြိမ်း)၊ ဦးသိန်းဦး-ဒေါ်ခင်မြနွယ်၊ ဦးဝေမြင့်(မင်းရဲသခ်)-ဒေါ်ခင်မေနှင်းတို့၏ကျေးဇူးရှင်မိခင်ကြီး၊ ဦးထွန်းနိုင်ဝင်း(ဦးစီးအရာရှိ၊ တရားရုံးချုပ်၊ နေပြည်တော်)-ဒေါ်မူမူမော်၊ ဦးဇေမျိုးလင်း-ဒေါ်တင်ဇာလေးဝင်း၊ ဦးစည်သူအောင်အောင်-ဒေါ်နဒီ၊ ဒေါ်အေးအေးအောင်၊ ဦးစောစိုင်းမင်း-ဒေါ်ဝင်းကေခိုင် (Entry Co.,Ltd)၊ ကိုနန္ဒာအောင်၊ ကိုပြည့်ဖြိုး၊ မခင်တင့်တယ်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီး ဒေါ်ဝင်းစိန်သည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်ရွှေ(ပေါင်) (၈၇)နှစ်
မူလတန်းကျောင်းအုပ်(ငြိမ်း)

(ဦးဖိုးဆိုင်-ဒေါ်ကျော့ခင်)တို့၏သမီး၊ (ဦးကျော်ရောင်-ဒေါ်ညိမ်း)တို့၏သမီးချွေးမ၊ (ဦးတင်မောင်)၏ ဇနီး၊ ဦးလှတင်-(ဒေါ်ငွေငွေမြင့်)၊ ဦးမြင့်အောင်-ဒေါ်မြင့်စန်း၊ ဦးညာဏ်စိုး-ဒေါ်အုံးအုံးမြင့်၊ ဒေါ်မြင့်မြင့်အေး၊ ဦးကိုကိုဦး-ဒေါ်စမ်းစမ်းအေး၊ ဦးခင်မောင်ဝင်း-ဒေါ်တင်တင်ထွေး၊ ဦးဝင်းမြတ်သူ-ဒေါ်တင်မိုးနွယ်တို့၏မွေးသမိခင်၊ မြေး ၁၃ယောက်တို့၏ အဘွား၊ မြစ်ရှစ်ယောက်တို့၏အဘွား ဒေါ်တင်ရွှေသည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၂၀တွင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကျုံကကျေးရွာ အလယ်ပိုင်းနေအိမ်၌ ကွယ်လွန်သွားပါဖြင့် ၂၅-၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျုံကသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၂-၂၀၁၆ (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်မိုးဇော်(ခ)တွတ်ပီ အသက်(၄၆)နှစ်
**B.A(Myanmar)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၄၀)နေ ဦးဇော်ဖေ(ဘ. ဓ. ရ၊ ကြီးကြပ်ရေးဘုမိဗေဒအရာရှိ-ငြိမ်း)-(ဒေါ်ညွန့်ရီ)တို့၏ချစ်လှစွာသောသား၊ ဦးအေးမြင့်ဇော် (ဘ. ဓ. ရ-ငြိမ်း)-ဒေါ်တင်တင်သန်း၊ ဒေါ်ခင်အေးဇော် (အထက-၄၊ စမ်းချောင်း)-ဦးမျိုးသန့်စင်၊ ဦးငွေဝင်းဇော်(ကလေးဂျာနယ်)-ဒေါ်လှလှငွေ၊ ဒေါ်မေသွင်ဇော်(အထက-၂၊ စမ်းချောင်း)-(ဦးစိုးနိုင်)၊ ဒေါ်ခင်ခင်ဇော်၊ ဦးသောင်းထွဋ်ဇော်-ဒေါ်မိုးချယ်ရီ (Zydus Cadila Health Care)၊ ဦးစိုးမိုးဇော်တို့၏ညီ/မောင်၊ မမိုးပပအောင်၏ဖခင်သည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အနောက်ပိုင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဒေါက်တာဘဒ္ဒန္တနေမိန္ဒာဘိသိရိ
အဂ္ဂမဟာပဏ္ဍိတ
## သိက္ခာတော် (၅၉)ဝါ၊ သက်တော် (၇၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ တံတားဖြူကန်လမ်း၊ ရတနာသိယံ ပရိယတ္တိစာသင်တိုက် ပဓာနနာယက လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဂရုက ဖြစ်တော်မူသော ဒေါက်တာ ဘဒ္ဒန္တ နေမိန္ဒာဘိသိရိဆရာတော်ကြီးသည် (၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) ၂၁-၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇ ရုပ်ကလာပ်တော်ကို (၁၃၇၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ရက်) ၂၉-၂-၂၀၁၆ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ သံဃာတော်များနှင့် တပည့်ဒါယကာ၊ တပည့်ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ဈာပနဖြစ်မြောက်ရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည်(လပွတ္တာ) (၉၂)နှစ်

ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ တိုက် (A/3-1)၊ အခန်း(၁၁၀၂)နေ (ဦးလုံးမန်-ဒေါ်စောခင်)တို့၏သမီး၊ (ဦးဟုတ်ရောင်)၏ဇနီး၊ ဦးတင်အောင်-ဒေါ်ခင်လေးလွင်(ရွှေမေတ္တာအထည်ဆိုင်)၊ ဦးသိန်းအောင်-ဒေါ်စိုးတင့်(USA)၊ ဦးကျော်အေးမြင့်-ဒေါ်လဲ့လဲ့၊ ဦးသိန်းဝင်း(PMG CO.,Ltd)-ဒေါ်ယဉ်ယဉ်ဝင်း၊ ဒေါ်ခင်မာကြည်(ချမ်းမြေ့ဝင်းအထည်ဆိုင်)၊ ဦးတင်မြင့် (AGE CO., Ltd)၊ ဦးတင်ဇော်-ဒေါ်မြင့်မြင့်ကြည် (ချမ်းမြေ့ဝင်းအထည်ဆိုင်)၊ ဦးစံသိန်း-ဒေါ်လှလှသန်း(ချမ်းမြေ့ဝင်းအထည်ဆိုင်)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၅ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်တင်ကြည်သည် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၅၇နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၆(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း ဒါယကာကြီး
## ဦးကျော်ခင် (၈၄)နှစ်
(ဇလွန်မြို့နယ်အသင်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ညောင်ပင်သာကျေးရွာနေ (ဦးအေးဖေ-ဒေါ်အေးလှိုင်)တို့၏သား၊ (ဦးဖြူ-ဒေါ်သန်းယဉ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံလမ်း(၂၀)အနောက်၊ အမှတ်(၂၄၆)နေ (ဦးတင်မြ-ဒေါ်မြရွှေ)၊ (ဦးမြင့်သိန်း-ဒေါ်မြနွယ်)တို့၏အစ်ကို၊ (ဦးတင်အောင်)-ဒေါ်စန်းရီ၊ ဦးဟန်ထွန်း-ဒေါ်စောနွဲ့၊ ဦးမျိုးမြင့်အောင်-ဒေါ်စန်းစန်ဝင်း၊ ဦးဝင်းလှိုင်-ဒေါ်နီနီလွင်(ပေါက်ကျိုင်းမုန့်ဟင်းခါး)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ (ဒေါ်အေးမြင့်)၏ ခင်ပွန်း၊ မြေး ၁၃ယောက်၊ မြစ် ၁၄ ယောက်တို့၏အဘိုးသည် ၂၃-၂-၂၀၁၆(အင်္ဂါနေ့) ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၉-၂-၂၀၁၆(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ သာကေတမြို့နယ်၊ ထူပါရုံလမ်း (၂၀)အနောက်၊ အမှတ်(၂၄၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ကြီး(ခ)ဒေါ်အမာကြည် (၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅) ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် (၇၄၀)နေ (ဦးတင်အောင်)၏ဇနီး၊ ဦးကိုကိုနိုင်၊ ဦးတင်မျိုးအောင်၊ ဦးတင်မိုးအောင်(ဦး/ရှိုပြည်တွင်းအခွန်များဦးစီးဌာန)-ဒေါ်သူဇာခိုင်၊ ဦးလှမျိုး-ဒေါ်နွယ်နွယ်အောင်(ခ)သီတာ (မေ-မူကြို)၊ ဦးဇော်ဝင်းအောင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၄-၂-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၊ နှလုံးအထူးကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဒဂုံမြို့သစ်(တောင်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်ကြီး(ခ)ဒေါ်အမာကြည် (၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အမှတ် (၇၄၀)နေ (ဦးတင်အောင်)၏ဇနီး၊ ရွှေဘုံသာလမ်းနေ (ဦးထွန်းစိန်-ဒေါ်ခင်ခင်)တို့၏သမီး၊ ရွှေဘိုမြို့နေ (ဦးထွန်းခင်-ဒေါ်သိန်းခင်)တို့၏သမီးချွေးမ၊ Capt ခင်မောင်ဝင်း-ဒေါက်တာစန်းရီရီဆွေ၊ ဒေါ်တင်တင်၊ ဦးသောင်းညွန့်(ဒု-အင်ချုပ်-ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ခင်သန်းမြင့်(မန်နေဂျာ-ငြိမ်း၊ စက်မှုစားကုန်)၊ ဦးခင်မောင်ဝင်း(လ/ထညွှန်မှူး-ငြိမ်း)-ဒေါ်ခင်မြင့်မေ(သ/မဦးစီး-ငြိမ်း)၊ ဦးခင်မောင်လင်း၊ ဒေါ်ဝေဝေလွင်(ကျောင်းအုပ်-ငြိမ်း၊ အလက-၂၊ ဗဟန်း)၊ (ဦးကိုကိုလေး၊ ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ညိုညိုအောင်၊ (ဗိုလ်မှူးအုန်းမြိုင်)-ဒေါ်နွဲ့နွဲ့ရီ(အထပြ-ငြိမ်း)၊ (ဦးဝင်းဖေ၊ လ/ထမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်မြင့်မြင့်၊ ဒေါ်ညွန့်ညွန့်ရီတို့၏အစ်မကြီး၊ ရွှေဘိုမြို့နေ ဦးသန်းညွန့်(နိုင်ငံ့ဂုဏ်ရည်)-ဒေါ်ခင်နှင်းတို့၏ညီမသည် ၂၄-၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၆(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့်၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးဝင်းမြင့် (၇၈)နှစ်
လုပ်သားသက်န်းတိုက်၊ မော်လမြိုင်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ ရှမ်းစုရပ်၊ အမှတ်(၆၀/ဒီ)နေ (ဦးရာ-ဒေါ်စိန်ပု)တို့၏သား၊ ဒေါ်တင်တင်အောင်၏ ခင်ပွန်း၊ မော်လမြိုင်မြို့နေ ဦးညာဏ်ထွန်း-ဒေါ်စမ်းစမ်းအေး၊ ဒေါ်အေးအေးခိုင်၊ ရန်ကုန်မြို့နေ ဦးငွေးနိုင် (MD ငွေစင်ဆန်းသစ်ကုမ္ပဏီလီမိတက်)-ဒေါ်လဲ့လဲ့ခိုင်တို့၏ဖခင်၊ မရွှန်းလဲ့နိုင်၊ မောင်ဟိန်းထက်နိုင်၊ မောင်ဇင်လင်းထက်၊ မမြတ်မွန်သင်းတို့၏အဘိုးသည် ၂၄-၂-၂၀၁၆ ရက် မွန်းလွဲ ၁း၂၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် မော်လမြိုင်မြို့၊ ပိန္နဲကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကိုညီညီထွန်း(မြိတ်) အသက်(၄၀)
SS သီဟိုစေ့ ကုန်ချောထုတ်လုပ်ငန်း

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၀)ရပ်ကွက်၊ လှော်ကားလမ်း၊ အောင်ဗောဓိဘုရားအနီး၊ အမှတ်(၂၀၄)နေ ဦးကျော်လွင်-ဒေါ်ရှုရီတို့၏သားလတ်၊ ဦးကိုကိုဇော်၏ညီ၊ ကိုရဲသွေးလင်း၊ ကိုညီညီထွေး၊ မငုဝါဖြိုးတို့၏အစ်ကို၊ မအိဇင်မာ၏ ခင်ပွန်း၊ မရီရီဆွေ၊ မောင်သီဟထွန်း၊ မောင်ရဲမင်းမြတ်ထွန်းတို့၏ဖခင် ကိုညီညီထွန်းသည် ၂၂-၂-၂၀၁၆ရက် နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၂-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ရန်ကုန်အသင်း အိမ်ကွင်း၌နိုင်ပွဲယူ



**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

၂၀၁၆ ခုနှစ် AFC Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာကလပ် ရန်ကုန်အသင်းနှင့် ဟောင်ကောင်ကလပ် တောင်တရုတ်အသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

AFC Cup ပြိုင်ပွဲအဖွင့်ပွဲစဉ်ကို အိမ်ကွင်း၌ ကစားရသည့် ရန်ကုန်အသင်းမှာ သုံးမှတ်အပြည့်ရယူနိုင်ခဲ့သည်။ တောင်တရုတ်အသင်းမှာ ဦးဆောင်ဂိုးကို မထိန်းနိုင်ခဲ့သလို တစ်ယောက်အသာရချိန်တွင် အခွင့်ကောင်းမယူနိုင်ခဲ၍ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **စာမျက်နှာ ၁၃ ကော်လံ ၁ သို့**

## AFC Cup 2016 ပွဲစဉ်ဇယား

| စဉ် | ပြသမည့်ရက် | ပြသမည့်အချိန် | ယှဉ်ပြိုင်မည့်အသင်းများ | ယှဉ်ပြိုင်မည့်ကစားကွင်း |
|---|---|---|---|---|
| ၁ | ၂၄-၂-၂၀၁၆ | ညနေ ၄ နာရီ | Yangon United vs South China | သုဝဏ္ဏအားကစားကွင်း |
| ၂ | ၉-၃-၂၀၁၆ | ညနေ ၄ နာရီ | Ayeyawady United vs Lao Toyota Fc | သုဝဏ္ဏအားကစားကွင်း |
| ၃ | ၁၆-၃-၂၀၁၆ | ညနေ ၄ နာရီ | Ayeyawady United vs JSW Bengaluru | သုဝဏ္ဏအားကစားကွင်း |
| ၄ | ၁၃-၄-၂၀၁၆ | ညနေ ၄ နာရီ | Yangon United vs Mohum Bagan AC | သုဝဏ္ဏအားကစားကွင်း |
| ၅ | ၂၇-၄-၂၀၁၆ | ညနေ ၄ နာရီ | Ayeywady United vs Johor Darul TA'ZIM | သုဝဏ္ဏအားကစားကွင်း |
| ၆ | ၁၁-၅-၂၀၁၆ | ညနေ ၄ နာရီ | Yangon United vs Maziya Sports & RC | သုဝဏ္ဏအားကစားကွင်း |
| ၇ | ၂၄-၂-၂၀၁၆ | ည ၇ နာရီ ၁၅ မိနစ် | Johor Darul TA'ZIM vs Ayeyawady United | မလေးရှားနိုင်ငံ |
| ၈ | ၉-၃-၂၀၁၆ | ညနေ ၅ နာရီခွဲ | Maziya Sports & RC vs Yangon United | မော်လ်ဒိုက်နိုင်ငံ |
| ၉ | ၁၆-၃-၂၀၁၆ | ည ၈ နာရီ | Mohum Bagan AC vs Yangon United | အိန္ဒိယနိုင်ငံ |
| ၁၀ | ၁၃-၄-၂၀၁၆ | ည ၈ နာရီ | JSW Bengaluru vs Ayeyawady United | အိန္ဒိယနိုင်ငံ |
| ၁၁ | ၂၇-၄-၂၀၁၆ | ညနေ ၆ နာရီခွဲ | South China vs Yangon United | ဟောင်ကောင်ဒေသ |
| ၁၂ | ၁၁-၅-၂၀၁၆ | ည ၇ နာရီ ၁၅မိနစ် | Lao Toyota Fc vs Ayeyawady United | လာအိုနိုင်ငံ |

# (၆၉)ကြိမ်မြောက် မွန်အမျိုးသားနေ့ပွဲတော် ပြည်သူ့ရင်ပြင်အတွင်း ဆင်နွှဲပျော်

**သတင်းဆောင်းပါး - သီသီမင်း၊ ဓာတ်ပုံ - မင်းသစ်၊ ဇော်မင်းလတ်**



စည်းချက်ညီစွာ ထွက်ပေါ်လာသော တေးဂီတသံစဉ်များနှင့်အတူ အလှည့်ကျကပြဖျော်ဖြေနေသော မွန်တိုင်းရင်းသား၊ တိုင်းရင်းသူတို့၏ အကအလှများက လာရောက်ကြည့်ရှုနေသူများကို မွန်တို့၏ အနုပညာထဲတွင် စီးမြောနေအောင် ဖမ်းစားထားနိုင်ခဲ့သည်။

အဆိုပါပွဲတော်သည် မွန်အမျိုးသားတို့၏ ဇာတိသွေး၊ ဇာတိမာန်များ ရှင်သန်နိုးကြားရန်နှင့် မွန်စာပေ၊ မွန်ယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ထုတ်မြှင့်တင်လိုစိတ်များ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်ပြီး ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်း မွန်တိုင်းရင်းသားမွန်လူမျိုးတို့၏ (၆၉)ကြိမ်မြောက်ကျင်းပသော မွန်အမျိုးသားနေ့အခမ်းအနားပင်ဖြစ်သည်။**(ယာပုံ)**

အမျိုးသားရေးစိတ်ဓာတ်နိုးကြားသော မွန်လူမျိုးများစုစည်းကာ ၁၉၄၆ ခုနှစ်က လူထုအစည်းအဝေးတစ်ရပ်ကျင်းပပြီး အဆိုပါအစည်းအဝေးမှ ပထမ ဟံသာဝတီမြို့ပြနိုင်ငံတော်ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ၂၀၁၆ ခုနှစ် AFC CUP ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ တိုက်ရိုက်ထုတ်လွှင့်မည်

စာမျက်နှာ - ၁၃

# ဒေးဒရဲမြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့် အကွာကိုဗဟိုပြု၍ အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

စာမျက်နှာ - ၇

## ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၂၄ ရက်ထုတ်ကြေးမုံသတင်းစာကျောဖုံးပါ "တပ်မတော်က ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ ကျောက်မဲမြို့နယ်များအတွင်း ရှင်းလင်းလျက်ရှိ "သတင်းတွင် ပါရှိသည့် SSA (ရွက်ဆစ်) အဖွဲ့(အစား) **ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (RCSS/SSA-S)** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**




themirror.npt@gmail.com
www.facebook.com/themirrordaily